# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ တော်သလင်းလဆန်း (၇)ရက် ၊ သောကြာနေ့ ၊ (29-8-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၂၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ် သွားရောက်မည်





နေပြည်တော် ဩဂုတ် ၂၈

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping ၏ ဖိတ်ကြားချက်အရ မကြာမီရက်ပိုင်းအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်မည်ဖြစ်သည်။

အဆိုပါအလုပ်သဘောခရီးစဉ်အတွင်း နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထျန်းကျင်းမြို့၌ ကျင်းပမည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး(Shanghai Cooperation Organisation – SCO SUMMIT 2025)သို့ တက်ရောက်ခြင်း၊ ပေကျင်းမြို့၌ ကျင်းပပြုလုပ်မည့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် ၈၀ ပြည့်အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping နှင့် တွေ့ဆုံဆွေးနွေးခြင်း၊

စာမျက်နှာ ၁၇ ကော်လံ ၁ ☞

မန္တလေးတက္ကသိုလ် ရာပြည့်သဘင် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ စာမျက်နှာ – ၂

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့် လျှောက်လွှာများကို စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ရောင်းချပေးမည် စာမျက်နှာ – ၂၁

ကရင်အမျိုးသားအစည်းအရုံး (Kayin National Union – KNU) လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့ကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ စာမျက်နှာ – ၁၇

အကြမ်းဖက် AA အဖွဲ့၏ မူးယစ်ဆေးဝါး စီးပွားရေးကွန်ရက်နဲ့ အကြမ်းဖက်မှုအန္တရာယ် အပိုင်း(၁) **ဆောင်းပါး** စာမျက်နှာ – ၂၀




ရတနာပုံ
၂၀၂၅ ခုနှစ် ဩဂုတ် ၂၉ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ကြစေလို

ကမ္ဘာ့အင်အားကြီးနိုင်ငံများ အားပြိုင်မှုကြားတွင် မြန်မာနိုင်ငံအနေဖြင့် ပထဝီနိုင်ငံရေးအရ အချက်အချာကျကျ တည်ရှိမှုကြောင့် ကာကွယ်ရေးစွမ်းပကားမြင့်မားရန်လိုအပ်မှု၊ ကျင့်သုံးနေသည့် ပြည်သူ့စစ်မဟာဗျူဟာကို ဟန်ချက်ညီပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်နေမှု၊ ပြည်သူလူထု၏ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုရှင်သန်မြင့်မားလာစေရေးနှင့် နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်စေရေးတို့အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်အသက်ဝင်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်ဝင်လာခဲ့ခြင်းသည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေရှည်တစိုက်မတ်မတ်လုပ်ရမည့် အထူးကောင်းမွန်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပေသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေ အကောင်အထည်ပေါ်လာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ကာကွယ်ရေးနှင့်လုံခြုံရေးအသိရှိသည့် နိုင်ငံသားများ ပိုမိုများပြားလာမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ဖြစ်တည်မှု အချုပ်အခြာအာဏာပိုင်ဆိုင်မှုတို့ကို ရေရှည်အာမခံနိုင်မည်ဖြစ်ပေသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၆)ထိ တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ထို့အတူ သင်တန်းတက်ရောက်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းစစ်သည်များအနေဖြင့်လည်း သင်တန်းတွင် စစ်ပညာသာမက အဖွဲ့အစည်းစိတ်ဓာတ်၊ အဖွဲ့အစည်းဖြင့် စည်းစနစ်ကျနစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ၊ ရဲဘော်ရဲဘက်စိတ်နှင့် နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့်စိတ်ဓာတ်များရရှိခဲ့ကြပြီး တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်ပေသည်။

ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းစစ်သည်များသည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိပြီး ၎င်းတို့အထဲမှ စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ၊ ချီးကျူးဂုဏ်ပြုလက်မှတ်များ ရရှိခဲ့သူများလည်း ပေါ်ထွန်းနေပြီဖြစ်သည်။

စစ်မှုထမ်းခြင်းမှရရှိလာမည့်အတွေ့အကြုံနှင့် အသိပညာများကြောင့် အနာဂတ်လူငယ်များ၏ ဘဝရပ်တည်မှုကို များစွာအထောက်အကူပေးနိုင်မည်ဖြစ်သကဲ့သို့ ကိုယ်ပိုင်လုပ်ငန်းခွင်နယ်ပယ်တွင်လည်း ရင်ဆိုင်ကြုံတွေ့လာရမည့်အခက်အခဲများစွာကို ဖြေရှင်းနိုင်ရန်အတွက် စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်သန်စွမ်းမှုများလည်း ရရှိစေမည်ဖြစ်ပေသည်။ အရေးကြီးသောအချက်တစ်ချက်မှာ ပြည်သူအများစု သို့မဟုတ် ရပ်ရွာအလိုက် အချိုးညီမျှစွာ စစ်မှုထမ်းဆောင်ကြရမည်ဖြစ်သည့်အတွက် အရပ်ဘက်နှင့် စစ်ဘက်ကြား အပြန်အလှန်ယုံကြည်နားလည်မှုများ တည်ဆောက်နိုင်ပေသည်။

သို့ဖြစ်ရာ ပြည်သူ့စစ်မှုထမ်းဥပဒေအသက်ဝင်လာခြင်းသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအတွက် ကောင်းမွန်သော ဥပဒေတစ်ရပ်ပင်ဖြစ်သည်။ လူငယ်များသည်လည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရန် စစ်ပညာရပ်များ၊ ကာကွယ်ရေးပညာရပ်များ သင်ကြားခြင်းဖြင့် မိမိကိုယ်ကိုယုံကြည်မှု၊ မိမိအဖွဲ့အစည်းအပေါ် ယုံကြည်မှုများ တိုးမြင့်လာမည်ဖြစ်သည်။ ထိုယုံကြည်မှုများဖြင့် နိုင်ငံတော်၏ကာကွယ်ရေးစွမ်းအား ခိုင်မာတောင့်တင်းစေရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ နိုင်ငံသားတိုင်း တစ်ဦးချင်းစီက ကိုယ်စီတာဝန်သိစိတ်များဖြင့် ပြည်သူ့စစ်မှုထမ်းခြင်းကို တက်ကြွစွာထမ်းဆောင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးတက္ကသိုလ် ရာပြည့်သဘင်စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**မန္တလေး ဩဂုတ် ၂၈**

မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကို စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး (တတိယအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၇ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတက္ကသိုလ်ရာပြည့်သဘင်ကျင်းပရေးဦးစီးကော်မတီနာယကက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ရာပြည့်သဘင် ကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ကျောင်းသား၊ ကျောင်းသူ ဟောင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကို ရည်ရွယ်ချက်၊ ဦးတည်ချက် အနှစ်သာရပြည့်ဝစွာဖြင့် နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ရာပြည့်သဘင်ကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ၊ မြို့မိမြို့ဖများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် တာဝန်ရှိသူ အားလုံးအနေဖြင့် ဝန်ကြီးဌာနမှချမှတ်ထားသည့် လုပ်ငန်းစဉ် ၂၅ ချက်ဖြင့် အောင်မြင်ပြီးမြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေသည်ဟု သိရှိရပါကြောင်း၊ ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းကဏ္ဍများအလိုက် သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးရေး စုပေါင်းညီညွတ်မှုအားဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက ရာပြည့်သဘင်ကိုစည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး၊ ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ အကြံပြု ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့သည်။

မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကို နိုင်ငံ့ဂုဏ်ဆောင်တက္ကသိုလ်အဖြစ် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေးတို့ကို အထောက်အကူပြုစေမည့် ပညာရပ်များ ဆက်လက်မြှင့်တင်ဖြည့်ဆည်းပေးရန်၊ ပညာအခြေပြု လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗလငါးတန်နှင့်ပြည့်စုံသည့် ဘွဲ့ကြို၊ ဘွဲ့လွန်လူငယ်များ၏ တီထွင် ဖန်တီးမှုစွမ်းရည်များပြသရန် စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ကျုံပျော်မြို့နယ်တွင် ဒေသထွက်ခဝဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျုံပျော် ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ဒေသထွက် ခဝဲသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြသည်။

ကျုံပျော်မြို့နယ် ကုန်စိမ်းဈေးကွက်တွင် ဒေသထွက်ခဝဲသီးများ ဩဂုတ် ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ အရောင်းအဝယ်ကောင်းလျက်ရှိပြီး လက်ရှိ တစ်ရက်လျှင် ခဝဲသီးအလုံးရေ ၄၅၀၀၀ မှ ၆၀၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ အဆိုပါ ခဝဲသီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၂၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်ထွက် ခဝဲသီးတွေက ဒေသတွင်းဈေးကွက်မှာ အရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိ ခဝဲသီးအလုံးရေ ၆၀၀၀၀ ထိတစ်ရက်တာအရောင်းအဝယ်ဖြစ်နေပါတယ်။ အခု အရောင်းအဝယ်ကောင်းနေတဲ့ ခဝဲသီးတွေက အရည်သွေးကောင်းပါတယ်။ အခုလိုဒေသထွက်ကုန် ခဝဲသီးတွေ ဝယ်ယူအားကောင်းလာတော့ ခဝဲသီးစိုက်ပျိုးတဲ့ တောင်သူတွေ အဆင်ပြေလာပါတယ်"ဟု ကျုံပျော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြသည်။

အဆိုပါ ခဝဲသီးများအရောင်းအဝယ်ကောင်းလာသည့်အတွက် ခဝဲစိုက်တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ဧက ၇၁၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**စစ်ကိုင်း ဩဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ဧက ၇၁၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ဧက ၂၄၂၃၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက်သီးနှံစိုက်ပျိုးမှုကို မေလ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၇၁၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၂၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၇၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ် စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာပေးလျက်ရှိပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

ဟင်းသီးဟင်းရွက်သီးနှံများကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်) ဆုချီးမြှင့်ပွဲကျင်းပ



**မန္တလေး ဩဂုတ် ၂၈**

၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဩဂုတ် ၂၇ ရက် ညနေပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးမိုးလုံလေလုံ အားကစားရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်မှ အကဲဖြတ်အမှတ်ပေးဒိုင်များ၊ တိုင်းဒေသကြီး အမျိုးသမီးအားကစားဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ခရိုင်အသင်းများမှ ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူ၊ နည်းပြများ၊ ဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ခရိုင်အသင်းများမှ ပြိုင်ပွဲဝင်များက အသင်းအလိုက်၊ သုံးယောက်တွဲနှင့်တစ်ဦးချင်းယှဉ်ပြိုင် သရုပ်ပြတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပပြီး တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အမျိုးသမီးအားကစားဆပ်ကော်မတီမှ တာဝန်ရှိသူများက ဆုများချီးမြှင့်ရာ တစ်ဦးချင်းပြိုင်ပွဲတွင် တတိယဆုရရှိသည့် ကျောက်ဆည်ခရိုင်အသင်းမှ မမြတ်နိုးဝေကို ဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ သုံးယောက်တွဲပြိုင်ပွဲတွင် တတိယဆုရရှိသည့် မဟာအောင်မြေခရိုင်အသင်းကို ဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ အသင်းလိုက်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ညောင်ဦးခရိုင်အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ တစ်ဦးချင်းပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရမည်းသင်းခရိုင်အသင်းမှ မဂျူးဝတီမောင်မောင်ကို ဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ သုံးယောက်တွဲပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရမည်းသင်းခရိုင်အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ အသင်းလိုက်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့်မဟာအောင်မြေခရိုင်အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် မဟာအောင်မြေအသင်းမှ မဟန်စုနွေကို ဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က သုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကျောက်ဆည်ခရိုင်အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရမည်းသင်းခရိုင်အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စုပေါင်းတံခွန်စိုက်ဆု ရရှိသည့် ရမည်းသင်းခရိုင်အသင်းကို ဆုဖလားနှင့် ငွေသားဆုကိုလည်းကောင်း ချီးမြှင့်ခဲ့ကြောင်း၊ ဒိုင်လူကြီးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သော မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်မှ ဒိုင်လူကြီးများနှင့် ပြိုင်ပွဲဝင်အသင်းများကို ဂုဏ်ပြုငွေများကို ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံပဲတီစိမ်း လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကန့်ဘလူ ဩဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၈၃၉၄၄ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၈၈၇၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ပဲတီစိမ်း ၈၃၉၄၄ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၈၈၇၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး တို့ကို အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ရေထွက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေထွက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၈ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ရေထွက်ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၄ ဦးကို ငွေကျပ် ၃၂ ဒသမ ၈ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမြွေထိုးခြောက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမြွေထိုးခြောက် ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီဝင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် ငါးမြွေထိုးအစိုများကို ဝယ်ယူပြီး စနစ်တကျအခြောက်လှန်းကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ ယခုနှစ် ဇွန်လအတွင်းက ငါးမြွေထိုးခြောက် ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇူလိုင်လအတွင်း ငါးမြွေထိုးခြောက်ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လက ရန်ကုန်ဈေးကွက်ကို ငါးမြွေထိုးခြောက်တွေ တင်ပို့ရောင်းချအားကောင်းခဲ့ပါတယ်။ တစ်လအတွင်း ငါးမြွေထိုးခြောက် ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ငါးခြောက်တွေကို မှာယူအားတက်နေလို့ပါ။ အခုလို ငါးခြောက်တွေ အမှာကုန်များလာတာကြောင့် ငါးမြွေထိုးခြောက်လုပ်ငန်းနဲ့ ဆက်စပ်သူတွေ၊ ပွဲရုံပိုင်ရှင်တွေ၊ ရေလုပ်ငန်းလုပ်ကိုင်သူတွေ အလုပ်အကိုင်အဆင်ပြေလာပါတယ်"ဟု ဘိုကလေးမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီဝင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက် ငါးမြွေထိုးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ငါးခြောက်များ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း ဘိုကလေးမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီဝင်းက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**



# စာပေအပွင့်နှင့် စာပေအသီး

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

**"မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို**
**ရှာ၍မပြတ်၊ အိမ်တွင်ဖတ်**
**ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက**
**သားမယားပင်၊ သိမြင်ကင်းကွာ**
**မလိမ္မာလည်း၊ စာပေစကား**
**နေ့တိုင်းကြားက၊ ထူးခြားလိမ္မာရှိသည်သာတည်း။"**
**(ရှင်မဟာရဋ္ဌသာရ)**

**"ပု၊ ပင်း၊ အင်း၊ တောင်၊ ညောင်ရမ်း၊ ဘောင်၊ ကုန်းဘောင်(၁၁)ခေတ်"**

မြန်မာရာဇဝင်တွင် ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်(ကုန်းဘောင်ခေတ် - ၁၁ ခေတ်) ရှိခဲ့ရာ ခေတ်အလိုက် မြန်မာစာပေဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။ မြန်မာစာပေသည် ပုဂံခေတ်နှောင်းပိုင်း (အေဒီ ၁၁၇၄-၁၃၀၀)ကာလမှစတင်ဖွံ့ဖြိုးလာခဲ့သော်လည်း ပင်းယ၊ စစ်ကိုင်းနှင့် ပဒေသရာဇ်ခေတ်များတွင် ကဗျာ၊ လင်္ကာ၊ ပျို့၊ ရတု၊ မော်ကွန်း၊ မေတ္တာစာ၊ တောလား၊ ပြဇာတ်စာပေများ ပေါ်ပေါက်လာခဲ့သည်။ အင်းဝခေတ်တွင် ရှင်မဟာသီလဝံသက စကားပြေသက်သက်ဖြင့် "ပါရာယန"ဝတ္ထုကို ရေးသားခဲ့သည်။ **"ပါရ** = သံသရာတစ်ဖက်ကမ်းနိဗ္ဗာန်။ **အာယနဝ**= ရောက်ကြောင်း ခရီး။" နိဗ္ဗာန်ရောက်ကြောင်း ခရီး ဝတ္ထုဖြစ်သည်။

ဤနေရာတွင် **"စကားပြေ"**၏ အနှစ်ချုပ်ကို ကောက်နုတ်တင်ပြရသော် "စကားပြေဟူသည်မှာ ကဗျာ၊ လင်္ကာမျိုးမဟုတ်ဘဲ ပြေပြေပြစ်ပြစ်ရေးသား ပြောဆိုသောစာ၊ ပြေရာပြေကြောင်း ပြောဆိုသော စကား"ဟု ဖွင့်ဆိုထားသည်။ လွယ်လွယ်ကူကူ၊ ရှင်းရှင်းလင်းလင်း၊ ဖတ်လွယ်၊ မှတ်လွယ်၊ နားလည်သဘောပေါက်လွယ်သော စာစကားကို ဆိုလိုရင်းဖြစ်သည်။ **"ဝတ္ထု"**ဆိုသည်မှာ ပါဠိမှဆင်းသက်လာပြီး **"အကြောင်းအရာ"** ဟု အဓိပ္ပာယ်ရသည်။ လူ့သဘာဝ အဖြစ်အပျက်တို့ကို စိတ်ဝင်စားဖွယ် ရေးသားထားသောစာကို ဆိုလိုသည်။ ရှေးခေတ်အဆက်ဆက်က စတင်ဖွံ့ဖြိုးလာခဲ့သော မြန်မာစာပေတွင် "ကဗျာ၊ ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ ပျို့၊ လင်္ကာ၊ ရတု၊ ပတ်ပျိုး၊ သံပေါက်၊ အဲချင်း၊ ဧချင်း၊ အိုင်ချင်း၊ အန်ချင်း၊ ကာချင်း၊ ယေင်ကျူး၊ ဘောလယ်" စသည့် ကာရန်အသံပါသော စာပေများ၊ ဆောင်းပါး၊ ဝတ္ထု၊ ရာဇဝင်၊ သမိုင်း၊ နိပါတ်၊ ပြဇာတ်၊ စာညွှန့်၊ အက်ဆေး၊ တက်ကျမ်း၊ ပုံဝတ္ထု စသည့်စကားပြေအရေးအသား စာပေများဟူ၍ မြောက်မြားစွာရှိသည်။ ထိုမြောက်မြားစွာသော စာပေအမြုတေများကို သားစဉ်မြေးဆက်လက်ဆင့်ကမ်းခဲ့ကြသဖြင့် ယနေ့ထိတည်တံ့ခိုင်မြဲနေခြင်းဖြစ်သည်။ ထိုအမြုတေစာပေများကို အကျိုးရှိစွာ ကျင့်သုံးလိုက်နာကြသူတိုင်းသည် အစဉ်အဆက်တိုးတက်မြင့်မားလာကြသည်။ ထိုသို့တိုးတက်မြင့်မားလာကြရင်းက စာပေဖတ်ရှုသူများက လက်တွေ့ခံစားကြရသည်များကို ခွဲခြမ်းစိတ်ဖြာပြီး **"ရသစာပေနှင့် သုတစာပေ"**ဟူ၍ နှစ်မျိုးသတ်မှတ်ထားကြသည်။

ရှေးခေတ်က **"နှလုံးရည်တပ်သား သူရဲကောင်းများ"**ဟု ဂုဏ်ပြုအမွှန်းတင်ခြင်းခံခဲ့ကြရသည့် စာဆိုတော်ကြီးများ၊ စာပေပညာရှင်များနှင့် ယနေ့ခေတ်စာရေးဆရာ၊ ဆရာမ၊ စာပေလောကသားအားလုံးသည် ခံစားချက်အမျိုးမျိုး၊ အတွေ့အကြုံအဖုံဖုံကို ကိုယ်ကျွမ်းကျင်ရာ အတတ်ပညာအရ ရေးသားလာခဲ့ကြသည်။ နောက်ပိုင်းကျမှသာ **"ရသစာပေနှင့် သုတစာပေ"** ဟု ခွဲခြားလာခြင်းဖြစ်သည်။

သုတစာပေပဲဖြစ်ဖြစ်၊ ရသစာပေပဲဖြစ်ဖြစ် စာချစ်သူ၊ စာဖတ်သူ၊ စာရှုသူများကို အကျိုးပြု၊ မပြု အပေါ်မှာ မူတည်နေသည်။ အကျိုးပြုသည့် စာကောင်းပေမွန်များနှင့် ခွန်အားရှိသောစာပေများကို ဖတ်ရှုမှတ်သားနိုင်ကြပါမှ စာပေရေးသားရကျိုး၊ စာဖတ်ရကျိုးနပ်ကြပေလိမ့်မည်။

**"အလိမ္မာစာမှာရှိ" "စာဖတ်မှကြီးပွား" "စာအုပ်စာပေ လူ့မိတ်ဆွေ" "စာပေမြင့်မှ လူမျိုးတင့်မည်" "စာပေသည် ခေတ်၏ကြေးမုံဖြစ်သည်" "စာတတ်ပါလျက် စာမဖတ်သူသည် အကန်းနှင့်တူသည်" "တိုးတက်သောလူတိုင်းသည် စာဖတ်ကြသည်။ စာဖတ်သော လူမျိုးတိုင်းသည် တိုးတက်ကြသည်" "အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကိုမြှင့်"**ဟူသော ဆောင်ပုဒ်များကို ပေါ့ပေါ့တန်တန် ဖော်ထုတ်ထားခြင်း မဟုတ်။ စာပေပညာရှင်ကြီးများက ဘဝနှင့် စာပေ အတွေ့အကြုံများစွာကို အကြောင်းရင်းခံပြီး ထုတ်ပြန်ထားခြင်းဖြစ်သည်။ စာပေ၏ဂုဏ်ကျေးဇူး အထူးထူးကို သိရှိနားလည်ကြပြီး လိုက်နာကျင့်ကြံစေရန် လမ်းညွှန်လှုံ့ဆော်ထားခြင်းဖြစ်သည်။

ထို့ကြောင့် စာရေးဆရာ၊ ဆရာမတိုင်းသည် စာဖတ်ပရိသတ်အကျိုးရှိစေမည့် စာကောင်းပေမွန်များကိုသာ ထာဝစဉ်ရေးသားကြခြင်းဖြင့် စာပေ၏ ကျေးဇူးရှင်များအဖြစ် ခံယူသင့်သည်။

> **❖ မြန်မာစာပေနှင့်ပတ်သက်၍ ထင်ရှားလှသည့် လမ်းညွှန်ဩဝါဒများအပြင် သာဓကပြဆိုထားသည်ကိုလည်း တင်ပြချင်သည်။ စာပေဟူသော ပင်မပင်စည်ကြီး၏ အကိုင်းအခက်နှင့်အရွက်များကြားတွင် လူသားတို့အတွက် "အသီးနှင့်အပွင့်" ဟူသော အသုံးပြုဖွယ်ရာ ပစ္စည်းနှစ်ရပ် ဖြစ်ပေါ်နေသည်။ "ရသစာပေ"မှာ အနံ့နှင့်အဆင်းကို ခံစားရယူနိုင်သော "အပွင့်" နှင့် တူပါသည်။ "သုတစာပေ"မှာ စားသုံးမှုအရသာကိုသာမက အာဟာရကိုပါဖြစ်စေနိုင်သောကြောင့် "အသီး"နှင့် တူသည်။ ❖**

စာရေးဆရာ၊ စာရေးဆရာမများသည် များသောအားဖြင့် ကိုယ်အားသန်ရာ ဝါသနာပါရာကိုသာ ဇောက်ချ ရေးသားကြလေ့ရှိသည်။ သုတစာပေကို အားသန်သူက သုတစာပေကို ရေးသည်။ ရသစာပေကို အားသန်သူက ရသစာပေကိုရေးသည်။

**"ရသစာပေ"** ဟူသည်မှာ စိတ်ကူးဖြင့်ဖန်တီးဖွဲ့ဆိုထားသော ဝတ္ထုများ၊ ကဗျာများ၊ လင်္ကာများဖြစ်ကြသည်။ ဖန်တီးဖွဲ့ဆိုထားသော ထိုစာတို့ကို ဖတ်ရှုကြခြင်းအားဖြင့် စာဖတ်သူတစ်ဦးဦးအတွက် တစ်စုံတစ်ခုသော ရသကိုခံစားစေပြီး တစ်ရပ်ရပ်သော စေတနာကိုပေါ်စေသည်။ ပမာတင်ပြရလျှင် နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝကျရောက်ခဲ့စဉ်က မျိုးချစ်စာပေပညာရှင်များ၏ ဇာတိသွေး၊ ဇာတိမာန် ထက်သန်စေခဲ့သော စာပေမျိုးစုံသည် ရသစာပေများ ဖြစ်ကြသည်။

**"အမျိုးသားစာဆိုရှင်ကြီးဆရာဇော်ဂျီ"**က "ရသစာပေရေးသားနိုင်ရေးအတွက် (၁) ဝေဒနာ=ခံစားတတ်ရမည်၊ (၂) စေတနာ=ကိုယ်ခံစားသလို အခြားသူတွေ၊ စာဖတ်ပရိသတ်တွေလည်း ခံစားစေချင်စိတ်ရှိရမည်၊ (၃) အတတ်ပညာ=စာရေးသားနည်းကျွမ်းကျင်ရမည်၊ စိတ်ကောင်းမွေးမှ စာကောင်းရေးနိုင်မည်"ဟု ရသစာပေနိဒါန်းတွင် လမ်းညွှန်ခဲ့သည်။

**"သုတစာပေ"** ဟူသည်မှာ အဖြစ်မှန်အကြောင်းတစ်ရပ်ရပ်၊ အကြောင်းအရာတစ်ခုခု၏အကြောင်း၊ အတ္ထုပ္ပတ္တိဖြစ်စဉ်၊ သမိုင်း၊ တက်ကျမ်းများ၊ လုပ်ငန်းဆိုင်ရာနည်းလမ်းများ စသည်ဖြင့် တင်ပြအသိပေးထားသော စာပေများသည် သုတစာပေများဖြစ်ကြသည်။

အချို့ကလည်း သုတစာပေနှင့် ရသစာပေကို ရောသမမွှေကာ ရေးသားနေကြသည်။ သုတစာပေကိုပင် စာဖတ်သူအား တစ်စုံတစ်ခုသောစေတနာကို ဖြစ်ပေါ်လာစေရန် အလင်္ကာနည်းဖြင့် တန်ဆာဆင်ကာ ဆွဲဆောင်မှုရှိအောင် ရေးသားပါက ရသကိုရရှိစေပြီး စေတနာကိုဖြစ်ပေါ်စေသောကြောင့် သုတရသစာပေဟု ခေါ်ဆိုအသိအမှတ် ပြုကြသည်။

သာဓကအချို့ကို ကောက်နုတ်တင်ပြရလျှင် **"စာရေးဆရာ၊ သတင်းစာဆရာကြီး ဦးသိန်းဖေမြင့်"** သည် ဗိုလ်တထောင်နေ့စဉ်သတင်းစာတွင် **"အဏ္ဏဝါခရီးသည်နှင့် ပုလဲဒေဝီ"** ဝတ္ထုဆောင်းပါးရှည်ကြီးကို နေ့စဉ်အခန်းဆက်ရေးသားခဲ့ရာ သတင်းစာဖတ်ပရိသတ်က ဗိုလ်တထောင်သတင်းစာကို နေ့စဉ်မပျက် စောင့်ဖတ်နေခဲ့ကြရသည်။ ဝတ္ထုဆောင်းပါးထဲပါ ဇာတ်လိုက်မင်းသားမောင်သန့်ဇင်နှင့် မင်းသမီးလေး ရေသူမတို့ ဘယ်နေ့တွေ့မှာလဲ၊ ဇာတ်ပေါင်းမှာလားဟု စိတ်ဝင်တစား တသသဖြစ်အောင် ဆွဲဆောင်မှုရှိစွာ၊ ရသပါပါ ရေးသားထားရာ စာချစ်သူများ၏ ရင်ထဲတွင် စွဲထင်နေခဲ့ကြသည်။ တကယ်တော့ ဆရာကြီး ဦးသိန်းဖေမြင့်က အဏ္ဏဝါ သုတေသန လုပ်ငန်းများကို ရေးသားထားခြင်းဖြစ်သည်။ မြန်မာ့ပင်လယ်ရေအောက်တွင် ငါးမျိုးစုံ၊ ပုလဲမျိုးစုံ၊ သဘာဝဓာတ်ငွေ့နှင့် သယံဇာတမျိုးစုံ၊ ကြွယ်ဝပြည့်စုံနေမှုကို မြန်မာနိုင်ငံသူနိုင်ငံသားတွေသိအောင် သုတနှင့်ရသ ပေါင်းစပ်ရေးသားထားခြင်းဖြစ်သည်။ မောင်သန့်ဇင်နှင့် ရေသူမကို အယောင်ပြဆွဲဆောင်ကာ အဏ္ဏဝါဗဟုသုတကိုပေးခြင်း ဖြစ်သည်။ သုတရသအဖြစ် လုံးချင်းထုတ်ဝေခဲ့ရာ တက္ကသိုလ်တွင် ပြဋ္ဌာန်းစာအုပ်အဖြစ် ထင်ရှားကျော်ကြားခဲ့သည်။

ဆရာကြီး ဦးသိန်းဖေမြင့်က ဗိုလ်တထောင်သတင်းစာမှာပင် **"အရှေ့မြောက်တိုင်းတစ်ခွင်"** ခရီးသွား ဆောင်းပါးရှည်ကြီးကို နေ့စဉ်အခန်းဆက် ရေးသားခဲ့ရာ နေ့စဉ်မပြတ် ဆက်၍ဖတ်ချင်အောင် ဆွဲဆောင်မှုရှိခဲ့ ပါသည်။ ပျဉ်းမနားရေဇင်းဆည်ကြီးကို ငွေမြောက်မြားစွာ အကုန်အကျခံ၍ တည်ဆောက်ထားခြင်းမှာ တောင်သူလယ်သမားများနှင့်၊ လယ်ကေမြောက်မြားစွာအတွက်ရော နိုင်ငံတော်အတွက်ပါ အကျိုးရှိကြောင်း၊ ကိန်းဂဏန်းများနှင့် ရေးသားထားသော်လည်း လမ်းခရီးတွင် ရုပ်ရှင်ဒါရိုက်တာ၊ မင်းသားများနှင့်တွေ့ဆုံပုံ၊ သိန္နီတွင် ရှမ်းပျိုဖြူလေး **"အဲနွေး"** တွေ့ဆုံပုံများကို ဖွဲ့နွဲ့ရေးသားထားရာ သုတရသ စွယ်စုံရသဖြင့် တသသ ခံစားခဲ့ကြရသည်။

ထိုနည်းတူ ဗုဒ္ဓစာပေများကို လူငယ်တွေဖတ်ချင်စဖွယ်ဖြစ်အောင် သုတနှင့်ရသရောနှောကာ ရေးသားခဲ့သူမှာ **"ဆရာကြီးငွေဥဒေါင်း"** ဖြစ်သည်။ ဆရာကြီးငွေဥဒေါင်း၏ "ဗုဒ္ဓစာပန်းချီ"စာအုပ်များသည် သုတရော၊ ရသပါ ပေးနိုင်စွမ်းရှိပြီး လူငယ်များသာမက ယနေ့စာရေးဆရာတချို့သည်ပင်လျှင် ဆရာကြီးငွေဥဒေါင်းကို အားကျအတုယူကာ အလားတူ ဗုဒ္ဓစာပေများကို ရေးသားနေကြသည်။ ဆရာကြီးရွှေဥဒေါင်း နှင့် ဆရာကြီး ဦးသုခတို့လည်း ရေးသားခဲ့ကြသည်။

"ဆရာသိပ္ပံမောင်ဝ"၏ ဝတ္ထုဆောင်းပါးများသည် သုတရသစာပေများဖြစ်ကြသည်။ သုတနှင့်ရသကို ရောသမမွှေရေးသားနေကြသော စာရေးဆရာ၊ ဆရာမ များစွာရှိနေရာ လူကြိုက်များကြသည်။

ဗဟုသုတများကို အတုံးလိုက်၊ အတစ်လိုက် ရေးထားလျှင် အချို့ကမဖတ်ချင်ကြပေ။ ထိုဗဟုသုတများကို ဖတ်ချင်စဖွယ်ဖြစ်အောင် အဖွဲ့အနွဲ့၊ အခြယ်အသ၊ နေရာဒေသအလိုက်၊ စရိုက်နှင့်အညီ ရေးသားကြပါက စာချစ်သူများက နှစ်သက်လက်ခံကြလေ့ရှိသည်။

သဘောကတော့ အသားဟင်းနှင့်ထမင်းဝိုင်းတွင် အသားချည်းစားရလျှင် မျိုချရသည်မှာ မတင်းတိမ်နိုင်သလို ဟင်းရည်ပါရွှဲရွှဲဆမ်းစားပါက စားရသောက်ရတာ အဆင်ပြေသည့်နှယ်ပင်တည်း။

မုန့်ဟင်းခါးစားလျှင် မုန့်ဖတ်နှင့် ဟင်းရည် ရောစားမှရသည့်ပမာ သုတနှင့်ရသကိုလည်း ရော၍ရေးမှ ပြည့်စုံထိရှစေသောစာပေမျိုးကို ရတတ်သည်။ ရေးသားနေကြဆဲလည်းရှိကြသည်။

**"ဆရာကြီး ဒဂုန်ရွှေမျှား"** က "ဝတ္ထု (ရသစာပေ) သည် စားဆေးနှင့်တူပြီး ဆောင်းပါး (သုတစာပေ) သည် ထိုးဆေးနှင့်တူသည်" ဟု လမ်းညွှန်ခဲ့သည်။

**"တစ်သက်တာစာပေဆုရ ဆရာမကြီး မစန္ဒာ"** ကတော့ ရသစာပေထဲမှ "ဝတ္ထုတိုဟာ စူးနဲ့မှိန်းနဲ့ ငါးဖမ်းတာနဲ့တူတယ်။ ရေထဲကငါးကို အမိအရချိန်ပြီး တစ်ချက်တည်းနဲ့မိအောင်ထိုးရပါတယ်။ လုံးချင်းဝတ္ထုကတော့ ပိုက်ကွန်ပစ်ပြီး ငါးဖမ်းတာနဲ့တူပါတယ်။ ကွန်ပစ်သူရဲ့အရည်အချင်းနဲ့ အတွေ့အကြုံအပေါ်မူတည်ပြီး ရတဲ့ငါးအနည်းအများကွာသွားပါတယ်" ဟု ဖွင့်ဆိုထားသည်။

**"ဆရာကြီးမင်းသုဝဏ်"** ကတော့ "စကားပြေသည် လူမျိုး၏အသက်၊ လူမျိုး၏အားထားရာ၊ လူမျိုး၏တန်ဆောင်ဆီမီးဖြစ်သည်ကို မပြတ်သတိရသင့်ပေသည်"ဟု သတိပေးခဲ့သည်။

မြန်မာစာပေနှင့်ပတ်သက်၍ ထင်ရှားလှသည့် လမ်းညွှန်ဩဝါဒများအပြင် သာဓကပြဆိုထားသည် ကိုလည်း တင်ပြချင်သည်။

စာပေဟူသော ပင်မပင်စည်ကြီး၏ အကိုင်းအခက်နှင့်အရွက်များကြားတွင် လူသားတို့အတွက် **"အသီးနှင့်အပွင့်"** ဟူသော အသုံးပြုဖွယ်ရာ ပစ္စည်းနှစ်ရပ် ဖြစ်ပေါ်နေသည်။

**"ရသစာပေ"** မှာ အနံ့နှင့်အဆင်းကိုခံစားရယူနိုင်သော **"အပွင့်"** နှင့် တူပါသည်။ **"သုတစာပေ"** မှာ စားသုံးမှုအရသာကိုသာမက အာဟာရကိုပါဖြစ်စေနိုင်သောကြောင့် **"အသီး"** နှင့်တူသည်။

အချို့စာပေပင်စည်ကြီးများသည် အပွင့်ရောအသီးပါ တစ်ပြိုင်နက်တည်း တစ်ပင်တည်းမှ သီးပွင့်ပေးနေလေရာ ကြိုက်နှစ်သက်ရာကို အသုံးပြု၍ ရနေကြသည်။

အချို့အသီးအပွင့်များသည်ကား ပိုးလောက်လန်းများရှိနေကြသည်။ အဆိပ်ပွင့်၊ အဆိပ်သီးများ ဖြစ်နေကြသည်။ အသုံးပြုကြသူများကို အန္တရာယ်ဖြစ်စေသည်။ ထိုအဆိပ်ပွင့်၊ အဆိပ်သီးများကိုကားရှောင်ရှားကြဖို့လိုသည်။

အကျိုးပြုသောစာပေအပွင့်နှင့် စာပေအသီးတို့သည်ကား လူသားတို့ကို အသိပညာနှင့် အတတ်ပညာများကို ပေးလေ့ရှိသည်။ ဖျော်ဖြေမှုရသကိုလည်း ပေးသည်။ အပန်းလည်းပြေ၊ စိတ်အဆာလည်းပြေ၊ ဘဝအတွက် လမ်းညွှန်ချက်ကိုလည်း ရစေသည်။ ဇာတိသွေး၊ ဇာတိမာန် ထက်သန်စေသည့် စွမ်းအားကိုလည်း မြှင့်တင်ပေးသည်။ အောင်မြင်တိုးတက်ရာတိုးတက်ကြောင်း၊ နည်းလမ်းကောင်းများကိုလည်း မီးမောင်းထိုးပြပေးသည်။ သံဝေဂရဖွယ်၊ သင်ခန်းစာယူဖွယ်တွေကိုလည်းပေးသည်။ ဖတ်နိုင်လေလေ၊ မှတ်နိုင်လေလေ၊ အကျိုးရှိလေလေပင်ဖြစ်သည်။

အချုပ်ဆိုရလျှင် စာပေဟူသောပင်စည်ကြီးမှ **"ရသစာပေ အပွင့်ကောင်း"**ကို နှစ်သက်သူ၊ **"သုတစာပေအသီးကောင်း"**ကို သဘောကျသူ၊ အပွင့်ရောအသီးပါ နှစ်မျိုးစလုံးကို နှစ်ခြိုက်သူ၊ မည်သူမဆို ကိုယ်ကြိုက် နှစ်သက်ရာကို အသုံးပြုနိုင်ကြပြီး မိမိကိုယ်မိမိ၊ မိမိမိသားစု၊ မိမိပတ်ဝန်းကျင်ကို ကောင်းကျိုးပြုကြရန်သာ လိုအပ်လှကြောင်း ရေးသားအပ်ပါသည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# မြောင်းမြမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



ယခုနှစ် ခဝဲသီးစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌သီးနှံစုံ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၄၂၉၇ ဧကကို မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် သီးနှံစုံ ၄၆၈၈ ဧက စိုက်ပျိုးနိုင်ပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါသီးနှံများကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြောင်းမြမြို့နယ်အတွင်း သီးနှံစုံ ၄၂၉၇ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ ဧက ၄၆၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ထားတဲ့ သီးနှံစုံတွေလဲ ပိုးမွှားအန္တရာယ်ကင်းရှင်းပါတယ်။ သီးနှံစုံတွေ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် နည်းပညာနဲ့ အခြားပံ့ပိုးမှုတွေကို မစိုက်မီ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ပါတယ်။ ပိုးသတ်ဆေးတွေကို စနစ်တကျသုံးစွဲဖို့၊ မလိုအပ်ဘဲ မသုံးစွဲဖို့ နည်းပညာပေး လုပ်ငန်းတွေကို ဆောင်ရွက် ပေးခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးပြီးဖြစ်သော သီးနှံစုံ ၄၆၈၈ ဧကတွင် ဖူးစားပြောင်း ၇၉ ဧက၊ပဲစင်းငုံဧက ၆၀၊ ပရဆေး လေး ဧက၊ ကြံ ၂၇၃ ဧက၊ ပီလောပီနံ ၁၂၈၁ ဧက၊ ပိန်းဥ ၁၃၆ ဧက၊ ကန်စွန်းဥ ၂၅၅ ဧက၊ ဟင်းသီးဟင်းရွက် ဧက ၂၆၀၀ တို့ဖြစ်ကြောင်း သိရသည်။

သီးနှံစုံကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာလူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် သီးနှံစုံကို ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်း စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မော်လမြိုင်ကျွန်းမြို့နယ် ဂရမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မော်လမြိုင်ကျွန်း ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ကျေးလက်နေ ပြည်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ မိသားစုဝင်ငွေတိုး အခြားလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်နှင့် ကျေးလက်နေ ပြည်သူများ၏ ဆင်းရဲမှုကိုလျှော့ချရန် ရည်ရွယ်၍ ဂရမ်းကျေးရွာအုပ်စု ဂရမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၂၈ရက် မွန်းလွဲပိုင်းက အဆိုပါ ကျေးရွာ စာသင်ကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မော်လမြိုင်ကျွန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်နိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်းရည်ရွယ်ချက်များ၊ စီမံကိန်းမှ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၈၈ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဂရမ်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၆၀ ကို ငွေကျပ် ၂၈၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၇၅ ဒသမ ၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၂၆ ဒသမ ၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၂ ဦးကိုရန်ပုံငွေကျပ် ၃၈၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **တေဇာလင်း**

## ခန္တီးဆိပ်ကမ်း

\- 'အမြန်ယာဉ်'တို့
ပြန်လျှင်ငေးမော မြစ်ရေကြောဝယ်
လွင့်မျောမှုန်ရီ ကွယ်ပျောက်သည်ထိ
မျက်ရည်ဖျန်းဆမ်း လက်ဝှေ့ယမ်းလျက်
ဝမ်းပန်းတနည်း အလွမ်းကြီးသည်
ခန္တီးမြေမှ ချစ်ဆွေများ။

\- 'အမြန်ယာဉ်'တို့
လာလျှင်ရွှင်ပျ ဝမ်းမြောက်ကြ၍
အားရပြုံးပျော် နှုတ်ဆက်ခေါ်၍
ပေါင်းဖော်ဆွေသစ် မျက်နှာသစ်ကို
ကျွမ်းချစ်ရင်းနှီး အချစ်ကြီးသည်
ခန္တီးမြေမှ ချစ်ဆွေများ။

\- ဤဒေသတွင် 'အမြန်ယာဉ်'ဟု
ခေါ်တွင်ကြသော လှေသင်္ဘောကို
နေ့ရောညပါ ဆန်တက်ပါသော်
မုံရွာခန္တီး သည်ခရီးလျှင်
ရေစီးရေလာ လမ်းကြောင်းသာ၍
သဲကာသောင်ခြား မရှိငြားမှ
လေးငါးခြောက်ရက် ခုနစ်ရက်နှင့်
ဆန်တက်နိုင်ကြသည်တကား။

\- ရေစီးရေလာ လမ်းမသာ၍
သဲကာသောင်ထိုး ကာလမျိုးဝယ်
ကိုးရက်ဆယ်ရက် ဆယ့်ငါးရက်မျှ
ရက်ရှည်ဖင့်နွေး သည်တကား။

\- ဩော်...ချင်းတွင်းမြစ်ညာ တစ်နေရာမှ
နာဂနှင့်ရှမ်း တောင်ပေါ်ပန်းတို့
ပွင့်လန်းလျက်ပေ ခန္တီးမြေကား
ဒေသအလှ သဘာဝနှင့်
မှိုင်းပျမှုန်ဝေ တောင်တန်းတွေနှင့်
ရေမြေသာမော
သဘောပွင့်လင်း သည်းအူစင်းလျက်
ရင်တွင်းမေတ္တာ စေတနာနှင့်
တွယ်တာနှောင်ရစ် ခွန်းချိုလှစ်သည်
အချစ်အလွမ်း ကဗျာပန်း။
ခန္တီးဆိပ်ကမ်း ထုံပျံ့မွှမ်း။
ချစ်သောဆွေတို့ မြင်လှည့်စမ်း။ ။

**မြင်းမူမောင်နိုင်မိုး**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# နိုင်ငံတကာ သတင်းများ

## မောင်းသူမဲ့လေယာဉ် ၆၀၀ နီးပါးဖြင့် ယူကရိန်းကို ရုရှားတိုက်ခိုက်

**ကီယက်ဗ် ဩဂုတ် ၂၈**

ရုရှားတပ်များသည် ဩဂုတ် ၂၇ ရက် ညပိုင်းတွင် ယူကရိန်းနိုင်ငံကို မောင်းသူမဲ့လေယာဉ်များ၊ ဒုံးကျည်များသုံး၍ ပြင်းထန်စွာ တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ရုရှားတပ်များ၏ တိုက်ခိုက်မှုကြောင့် ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့၌ အနည်းဆုံး လူပေါင်း ၁၅ ဦး သေဆုံးခဲ့ရကြောင်း ယူကရိန်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဩဂုတ် ၂၇ ရက်လေကြောင်းတိုက်ခိုက်မှုများတွင် ရုရှားတပ်များက မောင်းသူမဲ့လေယာဉ် ၆၀၀ နီးပါးနှင့် ဒုံးကျည် ၃၁ စင်း အသုံးပြုခဲ့ကြောင်း ယူကရိန်းလေတပ်က သတင်းထုတ်ပြန်ထားသည်။

ရုရှားမောင်းသူမဲ့လေယာဉ်များအနက် ၅၆၃ စင်းကို ယူကရိန်းလေကြောင်းရန်ကာကွယ်ရေးတပ်များက ဟန့်တားနိုင်ခဲ့ပြီး ဒုံးကျည် ၃၁ စင်းအနက် ၂၆ စင်းကို ပစ်ချနိုင်ခဲ့ကြောင်း သိရသည်။

သုံးနှစ်ကျော်ကြာ ယူကရိန်းပဋိပက္ခကို အဆုံးသတ်ရေးအတွက် သံတမန်ရေးအရကြိုးပမ်းမှုများ မရေမရာဖြစ်နေချိန်တွင် ရုရှားတပ်များက ယူကရိန်းနိုင်ငံကို လေကြောင်း တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်နေခြင်းဖြစ်သည်။

ယူကရိန်းပဋိပက္ခကို အဆုံးသတ်ရေးအတွက် ငြိမ်းချမ်းရေးသဘောတူညီချက်ရယူမည်ဆိုပါက ရုရှားထိန်းချုပ်မှုအောက်ရှိ နယ်မြေများကို စွန့်လွှတ်ရန် ရုရှားအစိုးရက ယူကရိန်းကို တောင်းဆိုထားကြောင်း သိရသည်။

Ref : RT

Trs : KKO



## ဗြိတိန်လေယာဉ်တင်သင်္ဘော ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ရောက်ရှိ

**တိုကျို ဩဂုတ် ၂၈**

ဗြိတိန်ဘုရင့်ရေတပ်မှ ဝေလမင်းသား လေယာဉ်တင်သင်္ဘောသည် ယနေ့တွင် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ချစ်ကြည်ရေးခရီးစဉ်အဖြစ် ရောက်ရှိခဲ့ကြောင်း သိရသည်။

ဝေလမင်းသား လေယာဉ်တင်သင်္ဘောသည် အာရှ-ပစိဖိတ်ဒေသရှစ်လကြာမစ်ရှင်အတွင်း ဂျပန်နိုင်ငံသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ဝေလမင်းသားလေယာဉ်တင်သင်္ဘောသည် တိုကျိုဆိပ်ကမ်းသို့ ဝင်ရောက်ခွင့်ရရှိခဲ့သည့် ပထမဆုံး ပြည်ပလေယာဉ်တင် သင်္ဘောဖြစ်သည်။

ဂျပန်နိုင်ငံနှင့် ဗြိတိန်တို့ကြား လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုအဆင့်မှာ ဖြည်းဖြည်းမှန်မှန် မြင့်မားလာကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး နာကာတာနီက ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဂျွန်ဟေလီနှင့် ပြုလုပ်ခဲ့သည့် ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ ထုတ်ဖော်ပြောကြားထားသည်။

ဂျပန်နိုင်ငံသည် အင်ဒို-ပစိဖိတ်ဒေသ၌ တရုတ်နိုင်ငံ၏ ဩဇာမြင့်တက်လာမှုကို တုံ့ပြန်ရေးအတွက် အမေရိကန်နိုင်ငံအပြင် အခြားနိုင်ငံများနှင့်လည်း လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ကြိုးပမ်းလျက်ရှိသည်။

ထို့နည်းတူ ဗြိတိန်ကလည်း အာရှ-ပစိဖိတ်ဒေသ၌ ၎င်းရယူထားသောအခန်းကဏ္ဍကို ချဲ့ထွင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## တရုတ်နိုင်ငံ၌ကျင်းပမည့် ဒုတိယကမ္ဘာစစ်ပြီးဆုံးမှု စစ်ရေးပြချီတက်ပွဲသို့ မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန် တက်ရောက်မည်



**ပေကျင်း ဩဂုတ် ၂၈**

တရုတ်နိုင်ငံ၌ ကျင်းပမည့် ဒုတိယကမ္ဘာစစ်ပြီးဆုံးမှု နှစ် ၈၀ ပြည့် စစ်ရေးပြချီတက်ပွဲသို့ ရုရှားသမ္မတပူတင်နှင့်အတူ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်လည်း တက်ရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံသည် ဒုတိယကမ္ဘာစစ်ပြီးဆုံးမှု နှစ် ၈၀ ပြည့် အထိမ်းအမှတ်စစ်ရေးပြချီတက်ပွဲကို စက်တင်ဘာ ၃ ရက်တွင် ပေကျင်းမြို့ တိန်အန်မင်ရင်ပြင်၌ ကျင်းပရန် စီစဉ်ထားသည်။

အဆိုပါစစ်ရေးပြချီတက်ပွဲသို့ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်အတူ ရုရှားသမ္မတနှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့ အပါအဝင် နိုင်ငံတကာခေါင်းဆောင် ၂၆ ဦးတို့ တက်ရောက်မည်ဖြစ်ကြောင်း တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

စက်တင်ဘာ ၃ ရက် စစ်ရေးပြချီတက်ပွဲသို့ တက်ရောက်မည့် နိုင်ငံတကာ ခေါင်းဆောင်များထဲတွင် ဆလိုဗက်ကီးယားဝန်ကြီးချုပ် ရောဘတ်ဖီကိုနှင့် ဆားဘီးယားသမ္မတ အလက်ဇန်းဒါးဗူဆစ်တို့လည်း တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်သည် ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် တရုတ်နိုင်ငံသို့ နောက်ဆုံးတစ်ကြိမ် သွားရောက်ခဲ့သည်။

စက်တင်ဘာ ၃ ရက် စစ်ရေးပြချီတက်ပွဲတွင် တရုတ်နိုင်ငံသည် ၎င်း၏နောက်ဆုံးထုတ်လက်နက် အသစ်အဆန်းများကို ထုတ်ဖော်ပြသဖွယ် ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## လေယာဉ်မှူးများ အနားယူရမည့်အသက်အရွယ်ကို ၆၇ နှစ်သို့တိုးမြှင့်ပေးရန် နိုင်ငံတကာလေကြောင်းအုပ်စုတောင်းဆို

**နယူးယောက် ဩဂုတ် ၂၈**

ပုဂ္ဂလိက လေကြောင်းလိုင်းများမှ လေယာဉ်မှူးများ အနားယူရမည့် အသက်အရွယ်သတ်မှတ်ချက်ကို လက်ရှိ ၆၅ နှစ်မှ ၆၇ နှစ်သို့ တိုးမြှင့်ပေးရန် နိုင်ငံတကာလေကြောင်းလိုင်းများကို ကိုယ်စားပြုသည့် အဖွဲ့အစည်းတစ်ခုက ကုလသမဂ္ဂနိုင်ငံတကာအရပ်ဘက်လေကြောင်းအဖွဲ့ (အိုင်စီအေအို)ကို တောင်းဆိုထားကြောင်း ဩဂုတ် ၂၇ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

နိုင်ငံတကာစည်းမျဉ်းများအရ အသက် ၆၅ နှစ်အထက် လေယာဉ်မှူးများကို အရပ်ဘက်လေကြောင်းခရီးစဉ်များ ပျံသန်းမောင်းနှင်ခွင့်ပိတ်ပင်ထားသည်။

သို့ရာတွင် အရပ်ဘက် လေကြောင်းလိုင်း လေယာဉ်မှူးများကို အသက် ၆၇ နှစ်ထိ ပျံသန်းခွင့်ပေးသင့်ကြောင်း နိုင်ငံတကာလေကြောင်းသယ်ယူပို့ဆောင်ရေးအသင်းက အိုင်စီအေအိုကို တိုက်တွန်းထားသည်။

နိုင်ငံတကာလေကြောင်းသယ်ယူပို့ဆောင်ရေးအသင်း(အိုင်အေတီအေ)သည် နိုင်ငံတကာလေကြောင်းလိုင်း ၃၅၀ ခန့်ကို ကိုယ်စားပြုထားသည့်အဖွဲ့ဖြစ်သည်။

လေယာဉ်မှူးများ အနားယူရမည့်အသက်အရွယ် ကန့်သတ်ချက်ကိုမြှင့်တင်ရေးအတွက် အိုင်အေတီအေ၏တောင်းဆိုချက်ကို ကုလသမဂ္ဂအထွေထွေညီလာခံကာလ၌ ထည့်သွင်းစဉ်းစားမည်ဖြစ်ကြောင်း အိုင်စီအေအိုက သတင်းထုတ်ပြန်ထားသည်။

အိုင်စီအေအိုသည် ၂၀၀၆ ခုနှစ်ကလည်း လေယာဉ်မှူးများအနားယူရမည့်အသက်အရွယ်ကို ၆၀မှ ၆၅ နှစ်သို့ မြှင့်တင်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## မင်နီဆိုတာပြည်နယ်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား ကလေးနှစ်ဦးသေဆုံး၍ ၁၇ ဦး ဒဏ်ရာရရှိ

**မင်နီယာပိုလစ် ဩဂုတ် ၂၈**

အမေရိကန်နိုင်ငံ မင်နီဆိုတာပြည်နယ် မင်နီယာပိုလစ်မြို့ ကတ်သလစ်ခရစ်ယာန် ဘုရားကျောင်းတစ်ကျောင်း၌ ဩဂုတ် ၂၇ ရက်က သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ကလေးနှစ်ဦး သေဆုံး၍ ၁၇ ဦး ဒဏ်ရာရရှိခဲ့သည်။

ပစ်ခတ်မှု ကျူးလွန်သူသည် သေနတ်သုံးလက်ဖြင့် ဘုရားကျောင်း ပြတင်းပေါက်များမှတစ်ဆင့် ဘုရားကျောင်းအတွင်း ဝတ်ပြုနေသူများကို ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း မင်နီယာပိုလစ်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ကတ်သလစ်ခရစ်ယာန်ဘုရားကျောင်းအတွင်း ကျောင်းသားအများအပြားစုဝေးဝတ်ပြုနေစဉ် သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။



ပစ်ခတ်မှု ကျူးလွန်သူမှာ အသက် ၂၃ နှစ်အရွယ် ရော်ဘင်ဝက်စ်မင်ဆိုသူ အမျိုးသားတစ်ဦးဖြစ်ပြီး ဘုရားကျောင်းအနီးမှာပင် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခဲ့ကြောင်း သိရသည်။

မင်နီယာပိုလစ်ကတ်သလစ်ခရစ်ယာန်ဘုရားကျောင်း သေနတ်ပစ်ခတ်မှုကို ပြည်တွင်းအကြမ်းဖက်မှုနှင့် အမုန်းတရားအခြေခံ ရာဇဝတ်မှုအဖြစ် သတ်မှတ်၍ စုံစမ်းစစ်ဆေးနေကြောင်း ဖက်ဒရယ်စုံစမ်းစစ်ဆေးရေးဗျူရို(အက်ဖ်ဘီအိုင်)က သတင်းထုတ်ပြန်ထားသည်။

မင်နီယာပိုလစ် ခရစ်ယာန်ဘုရားကျောင်းသေနတ်ပစ်ခတ်မှုအတွင်း ဒဏ်ရာရသူများအနက် ၁၄ ဦးမှာ အသက် ခြောက်နှစ်နှင့် ၁၈ နှစ်ကြား ကျောင်းသားများဖြစ်ကြပြီး ကျန်သုံးဦးမှာ အသက် ၈၀ အရွယ် ပင်စင်စားများဖြစ်ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ဥရောပအာကာသအေဂျင်စီက တစ်ရက်ခန့်ကြာအဆက်အသွယ် ပြတ်တောက်ခဲ့သည့် JUICE အာကာသယာဉ်နှင့် အဆက်အသွယ်ပြန်ရ



ပဲရစ် ဩဂုတ် ၂၈

ဥရောပအာကာသအေဂျင်စီသည် တစ်ရက်ခန့်ကြာ အဆက်အသွယ် ပြတ်တောက်ခဲ့ရသည့် JUICE အာကာသယာဉ်နှင့် အဆက်အသွယ်ပြန်လည်ရယူနိုင်ခဲ့ကြောင်း ဩဂုတ် ၂၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

JUICE အာကာသယာဉ်နှင့် ဥရောပအာကာသ အေဂျင်စီ၏ မြေပြင်စခန်းတို့သည် ဇူလိုင် ၂၆ ရက်တွင် တစ်ရက်တာလုံးလုံးနီးပါး အဆက်အသွယ် ဖြတ်တောက်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် မြေပြင်စခန်း အင်ဂျင်နီယာများက ဇူလိုင် ၂၇ ရက်မှာပင် JUICE အာကာသယာဉ်နှင့် အဆက်အသွယ်ပြန်လည်ရယူနိုင်ခဲ့ကြောင်း ဥရောပအာကာသ အေဂျင်စီတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားသည်။

ဥရောပအာကာသအေဂျင်စီသည် ကြာသပတေးဂြိုဟ်၏ ရေခဲဂြိုဟ်ရံလများကို လေ့လာရေးအတွက် JUICE အာကာသယာဉ်ကို ၂၀၂၃ ခုနှစ် ဧပြီလတွင် အာရီယာနီ ၅ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

JUICE အာကာသယာဉ်သည် ကြာသပတေးဂြိုဟ်စနစ်အတွင်း ဝင်ရောက်နိုင်ရေးအတွက် ဒြပ်ဆွဲအားအကူအညီရယူရန် လာမည့် ဩဂုတ် ၃၁ ရက်တွက် ဗုဒ္ဓဟူးဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## စပေ့စ်အိတ်ကုမ္ပဏီက Starship အာကာသဒုံးပျံယာဉ်ကို ၁၀ ကြိမ်မြောက်စမ်းသပ်လွှတ်တင်ခဲ့ရာ အောင်မြင်မှုရရှိ

ဝါရှင်တန် ဩဂုတ် ၂၈

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် Starship အာကာသဒုံးပျံယာဉ်ကို ဩဂုတ် ၂၆ ရက်တွင် ၁၀ ကြိမ်မြောက်အဖြစ် စမ်းသပ်လွှတ်တင်ခဲ့ရာ အောင်မြင်မှုရရှိခဲ့ကြောင်း ဩဂုတ် ၂၇ ရက် သတင်းများအရ သိရသည်။



စပေ့စ်အိတ်ကုမ္ပဏီသည် ကိုယ်ထည်အလျား ၄၀၃ ပေရှိ Sharship ဒုံးပျံယာဉ်ကို တောင်ပိုင်းတက္ကဆက် ဒေသ စတားဘေ့စ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး သုံးမိနစ်အကြာတွင် Starship ထိပ်ဖူးအဆင့် ဒုံးယာဉ်သည် စူပါဟဲဗီးပင်မဒုံးယာဉ်မှ အောင်မြင်စွာခွာထွက်နိုင်ခဲ့ပြီး မိနစ် ၃၀ အကြာတွင်မူ Sharship ဒုံးပျံယာဉ်သည် သယ်ဆောင်ထားသည့် စတားလင့်ဂြိုဟ်တုသစ်ရှစ်စင်းကို ကမ္ဘာပတ်လမ်းပေါ်သို့ ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာပို့ဆောင်ပေးနိုင်ခဲ့သည်။

ထို့နောက် Starship ဒုံးယာဉ်သည် အိန္ဒိယသမုဒ္ဒရာအထက်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့ပြီး အပူဒဏ်ခံဒိုင်ပြားစနစ်များကို စမ်းသပ်နိုင်ခဲ့ကြောင်း စပေ့စ်အိတ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ဩဂုတ် ၂၆ ရက် Starship မစ်ရှင်တွင် စူပါဟဲဗီးပင်မဒုံးယာဉ်မှာ မက္ကဆီကိုပင်လယ်ကွေ့ရေပြင်အတွင်းသို့ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

**Ref : Russia Today**

**Trs : KKO**

## စပေ့စ်အိတ်ကုမ္ပဏီက လူဇင်ဘတ်နိုင်ငံ၏ ကမ္ဘာမြေလေ့လာရေး ဂြိုဟ်တုသစ်ကို အခြားဂြိုဟ်တုငယ်များနှင့်အတူလွှတ်တင်ခဲ့

ဝါရှင်တန် ဩဂုတ် ၂၈

စပေ့စ်အိတ်ကုမ္ပဏီသည် လူဇင်ဘတ်နိုင်ငံ၏ ကမ္ဘာမြေလေ့လာရေး ဂြိုဟ်တုသစ်ကို အခြားဂြိုဟ်တုငယ်များနှင့်အတူ ဩဂုတ် ၂၆ ရက်တွင် လွှတ်တင်ခဲ့ကြောင်း ဩဂုတ် ၂၇ ရက်သတင်းများတွင် ဖော်ပြထားသည်။

လူဇင်ဘတ်နိုင်ငံ၏ NADS အမည်ရှိ ကမ္ဘာမြေလေ့လာရေး ဂြိုဟ်တုနှင့် အခြားဂြိုဟ်တုငယ် ခုနစ်စင်းကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၆၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် ဂြိုဟ်တုများကို သက်ဆိုင်ရာပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ ၏ ပထမအဆင့် ပင်မဒုံးယာဉ်ကမူ လွှတ်တင်ပြီး ရှစ်မိနစ်အကြာတွင် ဗင်ဒန်ဘာ့ဂ် အာကာသစခန်း နယ်မြေပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ပြီး အဆိုပါ ဖယ်လ်ကွန်-၉ ပင်မဒုံးယာဉ်သည် ၂၇ ကြိမ်မြောက်အဖြစ် အောင်မြင်စွာပြန်လည်ဆင်းသက်နိုင်ခဲ့ခြင်းဖြစ်သည်။

စပေ့စ်အိတ်ကုမ္ပဏီက ဩဂုတ် ၂၆ ရက်တွင် လွှတ်တင်ခဲ့သည့် လူဇင်ဘတ် ကမ္ဘာမြေလေ့လာရေး ဂြိုဟ်တုကို အီတလီနိုင်ငံအခြေစိုက် အိုအိတ်ချ်ဘီ အီတလီယာ ကုမ္ပဏီက တည်ဆောက်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# HEALTH

## မြေထဲပင်လယ်ဓာတ်စာ စားသုံးခြင်းဖြင့် အယ်လ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်

နယူးယောက် ဩဂုတ် ၂၈

မြေထဲပင်လယ်ဓာတ်စာ(Mediterranean Diet) စားသုံးခြင်းဖြင့် မျိုးဗီဇကြောင့် အယ်လ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း ဩဂုတ် ၂၇ ရက် သတင်းများတွင်ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ ဟားဗတ်တီအိတ်ချန် ပြည်သူ့ကျန်းမာရေးကျောင်းမှသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မြေထဲပင်လယ်ဓာတ်စာ စားသုံးမှုသည် မျိုးဗီဇကြောင့် အယ်လ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ အမြင့်မားဆုံးသူများအတွက် အကျိုးရှိကြောင်း သိရသည်။

မြေထဲပင်လယ်ဓာတ်စာသည် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ လုံးတီးကောက်နှံနှင့် သံလွင်ဆီတို့ကို အဓိကပါဝင်သောဓာတ်စာပုံစံဖြစ်ကြောင်း သိရသည်။

Apolipoprotein-E(APDE) ခေါ် မျိုးဗီဇတစ်မျိုးရှိနေသူများ၌ အယ်လ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေမှာ ပုံမှန်ထက် ၈၀ ရာခိုင်နှုန်းထိ မြင့်တက်နေတတ်သည်။

သို့ရာတွင် မြေထဲပင်လယ်ဓာတ်စာကို စားသုံးမှုသည် APDE မျိုးဗီဇများကြောင့် အယ်လ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို လျှော့ချရာတွင် အထောက်အကူပြုနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် APDE မျိုးဗီဇပိုင်ဆိုင်ထားသူများ၏ အစားအစာ စားသောက်ပုံနှင့် မျိုးဗီဇအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

**Ref : Sputnik News**

**Trs : KKO**

## ဆိုဒါနှင့်ကာဗွန်ပါသောအချိုရည် သောက်သုံးသူများ၌ ဆံပင်ကျွတ်ထိပ်ပြောင်နိုင်ခြေ မြင့်မားလာနိုင်

လစ္စဘွန်း ဩဂုတ် ၂၈

ဆိုဒါနှင့် ကာဗွန်ပါသော အချိုရည်များ ပုံမှန်သောက်သုံးသူများ၌ ဆံပင်ကျွတ်ထိပ်ပြောင်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၂၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ပေါ်တူဂီသုတေသနများရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဆိုဒါနှင့် ကာဗွန်ဖြည့်အချိုရည် ပုံမှန်သောက်သုံးမှုကြောင့် ဆံပင်ကျွတ်ထိပ်ပြောင်နိုင်ခြေ သိသိသာသာ မြင့်တက်လာတတ်ကြောင်း သိရသည်။

သို့ရာတွင် ဇီတာမင်ဒီဓာတ်သွေးအတွင်း ပါဝင်မှုအဆင့်ကို ထိန်းထားနိုင်ပါက ဆံပင်ကျွတ်ထိပ်ပြောင်နိုင်ခြေကို တားဆီးပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

နိုင်ငံတကာသုတေသနပညာရှင်များ ယခင်ပြုလုပ်ထားသည့် လေ့လာချက်များတွင် အချိုရည်သောက်သုံးမှုနှင့် ဆံပင်ကျွတ် ထိပ်ပြောင်နိုင်ခြေတို့အကြား မည်သို့မည်ပုံဆက်စပ်နေသည်ကို သုတေသနပညာရှင်များက ရှင်းပြနိုင်ခြင်း မရှိသေးကြောင်း၊ အချိုရည်သောက်သုံးမှုနှင့် ဆံပင်ကျွတ်ထိပ်ပြောင်နိုင်ခြေ မြင့်တက်လာမှုတို့အကြား ဆက်စပ်မှုကို ဖော်ထုတ်ရေးအတွက် သုတေသနလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ရန်လိုကြောင်း ပေါ်တူဂီသုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# US Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာ တက်ရောက်

**နယူးယောက် ဩဂုတ် ၂၈**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပနေသည့် US Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ် ဆာဘာလင်ကာသည် ရုရှားတင်းနစ်မယ် ကူဒါမီတိုဗာနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ဆာဘာလင်ကာက (၇-၆၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဘယ်လာရုစ် တင်းနစ်မယ် ဆာဘာလင်ကာသည် နာမည်ကြီး ကူဒါမီတိုဗာကို ပထမပွဲငယ်၌သာ ခက်ခက်ခဲခဲ ကစားခဲ့ရပြီး ဒုတိယပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ပထမပွဲငယ်တွင် ကူဒါမီတိုဗာသည် အနိုင်ရနိုင်သည့် အခွင့်အရေးကောင်းများ ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ခြင်းကြောင့် tie-break တွင် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ဆာဘာလင်ကာက "ကူဒါမီတိုဗာဟာ ခက်ခဲတဲ့ ပြိုင်ဘက်တစ်ယောက်ပါ။ ပထမပွဲငယ်မှာ တော်တော်လေးကို ခက်ခက်ခဲခဲနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပါတယ်။ ရမှတ်တိုင်းအတွက် ကျွန်မ အကောင်းဆုံး ကြိုးစားခဲ့ပါတယ်။ ဒီပွဲစဉ်မှာတော့ ကျွန်မအနေနဲ့ နည်းနည်းလေး aggressive ဆန်ဆန် ကစားဖြစ်ခဲ့တယ်။ ရမှတ်တိုင်းကို ခက်ခက်ခဲခဲ ရယူရမယ်ဆိုတာကို ကြိုတင်သဘောပေါက်သလို ကြံ့ခိုင်မှု အကောင်းဆုံးမှာရှိနေဖို့ လိုအပ်တဲ့ အတွက်ကြောင့်လဲ ပြိုင်ပွဲမတိုင်ခင်ကတည်းက အကောင်းဆုံး ပြင်ဆင်ဖြစ်ခဲ့ပါတယ်။ နောက်အဆင့်တွေမှာ ဒီထက်ပိုပြီးတော့ ခက်ခဲမှာဖြစ်သလို ဒီထက်ပိုကောင်းအောင်လဲ ကစားနိုင်ဖို့ လိုအပ်လိမ့်မယ်"ဟု ပြောကြားခဲ့သည်။

ဆာဘာလင်ကာသည် တတိယအဆင့်တွင် ကနေဒါတင်းနစ်မယ် ဖာနန်ဒက်ဇ်နှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**



# တိုက်စစ်မှူး မက်ဆီ၏သွင်းဂိုးများဖြင့် အင်တာမီယာမီအသင်း လိဂ်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲ တက်ရောက်



**ဝါရှင်တန် ဩဂုတ် ၂၈**

မေဂျာလိဂ် လိဂ်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် အင်တာမီယာမီအသင်းက အော်လန်ဒိုအသင်းကို တိုက်စစ်မှူးမက်ဆီ၏ သွင်းဂိုးများဖြင့် သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် အင်တာမီယာမီအသင်းသည် ပထမပိုင်း ပွဲကစားချိန်တွင် အော်လန်ဒိုအသင်း၏ ဖိအားပေးမှုကိုခံခဲ့ရပြီး ပြိုင်ဘက်ကိုထိန်းချုပ်ရန် ခက်ခဲခဲ့သောကြောင့် ပွဲကစားချိန် ၄၅ မိနစ်တွင် ဦးဆောင်ဂိုး ခွင့်ပြုခဲ့ရသဖြင့် ပထမပိုင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ဒုတိယပိုင်းတွင် ချေပဂိုးရရှိရေး ကြိုးပမ်းလာသည့် အင်တာမီယာမီအသင်းက တိုက်စစ်ကစားအားမြှင့်တင်လာသဖြင့် အော်လန်ဒိုအသင်း တားဆီးရန်မဖြစ်နိုင်ဘဲ ပြစ်ဒဏ်ကျူးလွန်မှု များပြားလာခဲ့ကာ ပွဲကစားချိန် ၇၅ မိနစ်အရောက်တွင် ခံစစ်ကစားသမား ဒေးဗစ် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရသည့်အပြင် ပင်နယ်တီကန်သွင်းခွင့်ပြုပေးရသောကြောင့် မက်ဆီက ချေပဂိုးသွင်းယူနိုင်ခဲ့ပြီး ဆက်တိုက် ဖိအားပေးကစားနိုင်ခဲ့ရာ ပွဲချိန် ၈၈ မိနစ်တွင် မက်ဆီ၊ ပွဲချိန် မိနစ် ၉၀ ကျော်တွင် ဆီဂိုဗီးယားတို့က ဦးဆောင်ဂိုးများ ဆက်တိုက်ရရှိခဲ့ပြီး သုံးဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ကြောင်း သိရသည်။

အင်တာမီယာမီအသင်းသည် တိုက်စစ်မှူးမက်ဆီ ရောက်ရှိလာပြီးနောက် ၂၀၂၃ ခုနှစ်တွင်လည်း လိဂ်ဖလားချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့်အပြင် ယခုတစ်ချိန်တွင်လည်း ဗိုလ်လုပွဲ တက်ရောက်ခဲ့ကာ ဗိုလ်လုပွဲစဉ်တွင် ဆီတယ်ဆောင်းဒါးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အဆိုပါနှစ်သင်းစလုံး အနေဖြင့် ကွန်ကာကပ် ချန်ပီယံလိဂ်ဖလား ယှဉ်ပြိုင်ခွင့်ရရှိမည် ဖြစ်ကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**

# ကမ္ဘာ့ဖလားခြေစစ်ပွဲကစားမည့် ဂျာမနီအသင်း ကစားသမား ၂၃ ဦးစာရင်းထုတ်ပြန်

**ဘာလင် ဩဂုတ် ၂၈**

ဂျာမနီအသင်းသည် လာမည့် စက်တင်ဘာလတွင် ကစားရမည့် ကမ္ဘာ့ဖလား ခြေစစ်ပွဲအတွက် ကစားသမား ၂၃ ဦးစာရင်း ထုတ်ပြန်ခဲ့ရာတွင် ခံစစ်ကစားသမား ရူဒီဂါ ပါဝင်လာသော်လည်း တောင်ပံကစားသမား ဆာနေး အနေဖြင့် ကစားသမားစာရင်းမှ ချန်လှပ်ခံရကြောင်း သိရသည်။

နည်းပြ နာဂျယ်စမန်း ရွေးချယ်ခဲ့သည့် ကစားသမားစာရင်းတွင် ဖရန့်ဖတ်အသင်းမှ ခံစစ်ကစားသမား ကောလင်း၊ အော့စ်ဘတ်အသင်းမှ ဂိုးသမား ဖင်း နှင့် မိန့်ဇ်အသင်းမှ ကွင်းလယ်ကစားသမား ပေါလ်နီဘယ်တို့ သုံးဦး ပါဝင်လာခဲ့ပြီး တောင်ပံကစားသမား ဆာနေးအနေဖြင့် တူကီယဲစူပါလိဂ် ပြိုင်ပွဲ စတင်ချိန်ဖြစ်နေသောကြောင့် ကစားသမားစာရင်းမှ ချန်လှပ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒဏ်ရာပြဿနာ ကြုံတွေ့နေသည့် တောင်ပံကစားသမား မူစီအာလာ၊ တိုက်စစ်မှူး ကိုင်ဟာဗက်၊ တင်ကလိုင်းဒီယန်စ်၊ တာစတီဂန်၊ ရှက်လိုတာဘတ်၊ ဘင်ဂျမင်တို့ အနေဖြင့်လည်း ကစားသမားစာရင်းတွင် ပါဝင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

အဆိုပါ ကစားသမား ၂၃ ဦး စာရင်းတွင် အိုလီဗာ၊ ဖင်း၊ နူဘယ်၊ ရောဘတ်အန်ဒရစ်၊ အန်တွန်၊ ကောလင်း၊ ရိုဘင်ကို့ချ်၊ မက်စီမီလန်ယန်၊ ဒေးဗစ်ရမ်၊ ဂျွန်နတက်ဟ်၊ အဒီရီမီ၊ အမီရီ၊ ဂနာဘရီ၊ ဂိုရက်ဇ်ကာ၊ ပါစကယ်ဂရော့၊ ကီမစ်ချ်၊ လီဝယ်လင်း၊ ပေါလ်နီဘယ်၊ စတယ်လာ၊ ဖလိုရီယန်ဝစ်၊ ဖူးခရက်၊ ဝိုလ်တီမာဒီတို့ ပါဝင်ကြောင်း သိရသည်။

ဂျာမနီ အသင်းအနေဖြင့် လာမည့် စက်တင်ဘာ ၄ ရက်တွင် ဆလိုဗက်ကီးယားနှင့် အဖွင့်ပွဲစဉ်အပြီး သုံးရက်အကြာတွင် မြောက်အိုင်ယာလန်အသင်းနှင့် ပွဲစဉ်ကို ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : ML**

# ဂရင်းစ်ဘိုင်ကိုရှုံးနိမ့်ခဲ့သည့် မန်ယူအသင်း ကွာရာဘောင်းဖလားဒုတိယအဆင့်မှ ထွက်ခွာခဲ့ရ

**မန်ချက်စတာ ဩဂုတ် ၂၈**

မန်ယူအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက အမှတ်ပေးဇယား အဆင့်(၁၀)အောက်တွင် ရောက်ရှိခဲ့သောကြောင့် ယခုနှစ် ဘောလုံးရာသီ ကွာရာဘောင်းဖလားပြိုင်ပွဲတွင် ဒုတိယအဆင့်မှ ပါဝင်ယှဉ်ပြိုင်ခဲ့ရပြီး လိဂ် - ၂ ကလပ် ဂရင်းစ်ဘိုင်အသင်းကို ပင်နယ်တီ အဆုံးအဖြတ်တွင် ရှုံးနိမ့်ခဲ့သဖြင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

မန်ယူအသင်းသည် ဂရင်းစ်ဘိုင်အသင်းနှင့်ပွဲစဉ်တွင် ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားနိုင်သော်လည်း ဂရင်းစ်ဘိုင်အသင်း၏ တန်ပြန်တိုက်စစ်ဖြင့် ဖိအားပေးမှုများကို တားဆီးနိုင်ခြင်းမရှိသဖြင့် ပွဲကစားချိန် ၂၂ မိနစ်နှင့် ပွဲကစားချိန် မိနစ် ၃၀ တို့တွင် ဦးဆောင်ဂိုးများ ခွင့်ပြုရပြီး ပထမပိုင်းတွင် နှစ်ဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့သည်။

ဒုတိယပိုင်းတွင် နည်းပြ အာမိုရင်က အဓိက ကစားသမားများဖြစ်သည့် ဘရူနိုဖာနန်ဒက်စ်၊ အမ်ဘူမို၊ ဒီလိုက် တို့ကို ထည့်သွင်းကစားခဲ့ရာ ဂိုးပေါက်ခြိမ်းခြောက်မှုများ ဆက်တိုက်ပြုလုပ်နိုင်ခဲ့ပြီး ပွဲကစားချိန် ၇၅ မိနစ်တွင် အမ်ဘူမိုနှင့် ပွဲကစားချိန် ၈၉ မိနစ်တွင် မက်ဂွဲယားတို့၏ ချေပဂိုးများကြောင့် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ပင်နယ်တီ အဆုံးအဖြတ်ခံယူခဲ့ရသည်။



ပင်နယ်တီ အဆုံးအဖြတ်တွင် ဂရင်းစ်ဘိုင်အသင်းက စတင်ကန်သွင်းခဲ့ရကာ တစ်ဖက် ၁၃ ကြိမ်ထိ စုစုပေါင်း ပင်နယ်တီ ၂၆ ကြိမ် ကန်သွင်းခဲ့ရပြီးနောက် ဂရင်းစ်ဘိုင်အသင်းက ၁၂ ကြိမ် ဂိုးရရှိခဲ့ပြီး မန်ယူအသင်းက အမ်ဘူမိုနှင့် ကန်ဟာတို့ ဂိုးရရှိခြင်းမရှိသဖြင့် ၁၂ ဂိုး ၁၁ ဂိုးဖြင့် ရှုံးနိမ့်၍ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီး ၂၅ နှစ်အတွင်း ဖလားပြိုင်ပွဲတွင် ဒုတိယအဆင့်မှ ထွက်ခွာသွားခဲ့ရကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

## အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာအသင်းသည် လာမည့် ၂၀၂၉ ခုနှစ်ထိ သက်တမ်းတိုးထားသည့် ဂိုးသမား ပီနာကို အယ်ချီအသင်းသို့ တစ်ရာသီ အငှားစာချုပ်ဖြင့် စေလွှတ်ခဲ့ပြီး ဂိုးသမား ဆက်ဇနီကို ကစားသမားမှတ်ပုံတင်ခဲ့ကြောင်း သိရသည်။
- ဘိုင်ယန်မြူးနစ်အသင်းက စာချုပ်သက်တမ်းတိုးရန် ကြိုးပမ်းနေသည့် ခံစစ်ကစားသမား အူပါမီကာနိုက လုပ်ခလစာတိုးမြှင့်တောင်းဆိုခဲ့ကြောင်း သိရသည်။
- အေစီမီလန်အသင်းက ချဲလ်ဆီးအသင်း တိုက်စစ်မှူး အန်ကူကူကို ခေါ်ယူနိုင်ရန် ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ ဖြင့်ခေါ်ယူရန် ချဲလ်ဆီးအသင်းနှင့် နှစ်ဖက်သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။ **ML**

# CFA International Futsal Tournament ပြိုင်ပွဲတွင် မြန်မာဖူဆယ်အသင်း ပါဝင်ယှဉ်ပြိုင်မည်



**ရန်ကုန် ဩဂုတ် ၂၈**

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် CFA International Futsal Tournament ပြိုင်ပွဲတွင် မြန်မာဖူဆယ်အသင်း အနေဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

CFA International Futsal Tourament ပြိုင်ပွဲတွင် အိမ်ရှင် တရုတ်အသင်းအပါအဝင် အာရှဒေသတွင်းမှ အသင်း ခုနစ်သင်း၊ ဥရောပအသင်းဖြစ်သည့် ဒိန်းမတ်အသင်း စုစုပေါင်းရှစ်သင်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။

CFA International Futsal Tournament ပြိုင်ပွဲတွင် အိမ်ရှင် တရုတ်အသင်းနှင့်အတူ မြန်မာအသင်း၊ အာဆီယံဒေသတွင်းမှ ကမ္ဘောဒီးယားအသင်း၊အင်ဒိုနီးရှားအသင်း၊ အာရှဒေသတွင်းမှ တောင်ကိုရီးယားအသင်း၊ ယူအေအီးအသင်း၊ သမုဒ္ဒရာပိုင်းဇုန်မှ နယူးဇီလန်အသင်းတို့ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

CFA International Futsal Tournament ပြိုင်ပွဲကို Shijiazhaung မြို့၌ စက်တင်ဘာ ၅ ရက်မှ ၁၁ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

# မူဒရစ်၏ပွဲပယ်ပြစ်ဒဏ်ကြောင့် ချဲလ်ဆီးအသင်းကစားသမားသစ်များကို ချန်ပီယံလိဂ်ပြိုင်ပွဲတွင် မှတ်ပုံတင်သွင်းနိုင်မည်

**လန်ဒန် ဩဂုတ် ၂၈**

ချဲလ်ဆီးအသင်း အနေဖြင့် အသင်း တောင်ပံတိုက်စစ်ကစားသမား မူဒရစ်၏ ပွဲပယ်ပြစ်ဒဏ်ကြောင့် ကစားသမားသစ်များကို ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ကစားသမားစာရင်း မှတ်ပုံတင်သွင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် လက်ရှိ အပြောင်းအရွှေ့ ကာလတွင် ကစားသမားသစ်ခေါ်မှုများအဖြစ် ဂျာအိုပက်ဒရို၊ ဒီလက်၊ ဂစ်တန်း၊ ဟာတိုနှင့်ဝီလျံတို့ကို ခေါ်ယူထားသော်လည်း ဥရောပဘောလုံး အဖွဲ့ချုပ်၏ ဘဏ္ဍာရေးစည်းမျဉ်း ကြောင့် ကစားသမားအားလုံးကို ချန်ပီယံလိဂ်ပြိုင်ပွဲအတွက် ကစားသမားစာရင်း မှတ်ပုံတင်နိုင်ရန် ခက်ခဲနေခြင်း ဖြစ်ကြောင်း သိရသည်။

သို့သော် ချဲလ်ဆီးအသင်းသည် အသင်းမှ တောင်ပံကစားသမား မူဒရစ်အနေဖြင့် ကာလရှည်ပွဲပယ် ခံထားရပြီး လက်ရှိရာသီတွင် အသင်း ကစားသမားစာရင်းမှ ထုတ်ပယ် ထားသည့်အတွက် ဥရောပ ဘောလုံးအဖွဲ့ချုပ်၏ စည်းမျဉ်းများအရ ၎င်းအတွက် ပေးချေနေရသည့် လုပ်ခလစာကို အသင်း အသုံးစရိတ်တွင် ထည့်သွင်းတွက်ချက်ရန်မလိုသည့် အတွက် ဥရောပဘောလုံးအဖွဲ့ချုပ်၏ဘဏ္ဍာရေးစည်းမျဉ်းမှ ရှောင်ရှားနိုင်မည့် အခြေအနေများကြောင့် ကစားသမားသစ်များကို ချန်ပီယံလိဂ်ပြိုင်ပွဲအတွက် ကစားသမားစာရင်း မှတ်ပုံတင်သွင်းနိုင်မည် ဖြစ်သည်။

ထို့ပြင် ချဲလ်ဆီးအသင်းသည် လုပ်ခလစာမြင့် ကစားသမားများ ဖြစ်သည့် အန်ကူကူနှင့်အတူ ဂျက်ဆင်ကိုပါ ရောင်းချနိုင်ရန် နီးစပ်နေသည့်အတွက် ပစ်မှတ်ထားနေသည့် ဂါနာချိုနှင့် ဆိုင်မွန်တို့ကိုပါ ခေါ်ယူနိုင်ရန် နီးစပ်လျက်ရှိနေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# 2025 Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် Team US ၏ Captain Pick ကစားသမားခြောက်ဦးကို ဘရက်ဒ်လေထုတ်ပြန်

**အတ္တလန်တာ ဩဂုတ် ၂၈**

ယခုနှစ် စက်တင်ဘာ ၂၆ ရက်တွင်စတင်ကာ အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် အတ္တလန်တာမြို့တွင် ကျင်းပပြုလုပ်သွားမည့် 2025 Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည့် TeamUSတွင် အသင်းခေါင်းဆောင် ဘရက်ဒ်လေက ၎င်းရွေးချယ်ခွင့်ရမည့် Captain Pick ကစားသမားခြောက်ဦးစာရင်းကို တရားဝင်ထုတ်ပြန်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။




စည်းမျဉ်းအရ ပြိုင်ပွဲဝင်ကစားသမား ၁၂ ဦးရွေးချယ်သွားမည်ဖြစ်ပြီး ခြောက်ဦးမှာ အသင်းခေါင်းဆောင်စိတ်ကြိုက် ရွေးချယ်မည်ဖြစ်ပြီး ကျန်ခြောက်ဦးမှာ တစ်ရာသီအတွင်းစွမ်းဆောင်ရည်ပေါ်မူတည်၍ ရမှတ်များပေးပြီး အမှတ်ပေးဇယား၏ ထိပ်ဆုံး ခြောက်ဦးမှာ အသင်းတွင် အလိုအလျောက် ပါဝင်ခွင့်ရမည် ဖြစ်သည်။

အသင်းခေါင်းဆောင် ဘရက်ဒ်လေသည် Captain Pick အဖြစ် ဂျက်စတင်သောမတ်စ်၊ မိုရီကာဝါ၊ ဂရစ်ဖင်၊ ကင်မရွန်းယန်း၊ ကန်တလေနှင့် ဆမ်ဘန်းတို့ကို ရွေးချယ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ဘရက်ဒ်လေသည် မူလက ၎င်းကိုယ်တိုင် ကစားသမား အသင်းခေါင်းဆောင် အနေဖြင့် ပါဝင်ယှဉ်ပြိုင်သွားရန် ပစ်မှတ်ထားခဲ့သော်လည်း စည်းမျဉ်းဥပဒေအသစ်များကြောင့် ကစားသမားအနေဖြင့် ပါဝင်ယှဉ်ပြိုင်သွားရန် ခက်ခဲသွားသည့်အတွက် အသင်းခေါင်းဆောင် အဖြစ်သာ တာဝန်ယူသွားတော့မည်ဖြစ်သည်။

ဘရက်ဒ်လေက "အစကတော့ ကျွန်တော်လဲ အသင်းခေါင်းဆောင် ကစားသမားအနေနဲ့ ဝင်ကစားသွားဖို့ စီစဉ်ခဲ့တယ်။ အဆင်မပြေနိုင်တာတွေရှိတဲ့အတွက် ကစားသမားအနေနဲ့ ပါဝင်ယှဉ်ပြိုင်မှာ မဟုတ်ပါဘူး။ Captain Pick အနေနဲ့ ကစားသမား ခြောက်ဦးကို ရွေးချယ်ထားပါတယ်။ ဒီကစားသမားတွေဟာ အသင်းအတွက် အများကြီး ကူညီပေးနိုင်မယ်လို့ ယုံကြည်တဲ့ အတွက်ကြောင့် ရွေးချယ်ခဲ့တာဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# တိုက်စစ်မှူးအစ်ဆက်ခ် အနေဖြင့် ဆွီဒင်အသင်းအတွက် ပါဝင်ကစားပေးမည်

**လန်ဒန် ဩဂုတ် ၂၈**

လက်ရှိ နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် နယူးကာဆယ်အသင်းနှင့် အနာဂတ် မရေမရာဖြစ်နေပြီး အသင်းနှင့် ပူးပေါင်းခြင်း မရှိသေးသည့် အစ်ဆက်ခ်အနေဖြင့် လာမည့်လအတွင်းကစားမည့် နိုင်ငံတကာ ပွဲစဉ်များအတွက် ဆွီဒင်အသင်းနှင့်အတူ ပါဝင်ကစားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အစ်ဆက်ခ်သည် ပြီးခဲ့သည့် ဘောလုံးရာသီကတည်းက အသင်းမှထွက်ခွာရန် တောင်းဆိုခဲ့ပြီး လက်ရှိ အပြောင်းအရွှေ့ကာလတွင်လည်း လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားရန် ကြိုးပမ်းနေသူဖြစ်သည်။

လီဗာပူးအသင်းက လက်ရှိ အပြောင်းအရွှေ့ကာလ အစပိုင်းကတည်းက အစ်ဆက်ခ်ကို ခေါ်ယူရန်ကြိုးပမ်းနေပြီး မြင့်မားသည့် ပြောင်းရွှေ့ကြေး တစ်ရပ်ဖြစ်သည့် စတာလင်ပေါင် သန်း ၁၁၀ထိ ပေးချေကမ်းလှမ်းခဲ့ပြီး အစ်ဆက်ခ်ကိုယ်တိုင်ကလည်း ပြောင်းရွှေ့လိုနေသော်လည်း နယူးကာဆယ်အသင်းက ပယ်ချထားသည့်အတွက် အပြောင်းအရွှေ့ ကြန့်ကြာနေခြင်းဖြစ်သည်။

အစ်ဆက်ခ်နှင့်နယူးကာဆယ်အသင်းတို့ကြား ဆက်ဆံရေး တင်းမာမှုများကြောင့် အစ်ဆက်ခ်ကိုယ်တိုင်က အသင်းအတွက် ကစားပေးရန် ငြင်းဆိုထားပြီး အသင်းနှင့် သုံးလကြာပူးပေါင်းမှု မပြုလုပ်ဘဲ တစ်ဦးတည်း လေ့ကျင့်မှုများလုပ်ဆောင်နေခြင်း ဖြစ်သည်။

အစ်ဆက်ခ်သည် အသင်းနှင့် လေ့ကျင့်မှုများ မပြုလုပ်ခဲ့သည်မှာ သုံးလ ကြာမြင့်နေပြီဖြစ်သော်လည်း လာမည့် စက်တင်ဘာလအတွင်း ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ဆွီဒင်အသင်း ကစားသမားစာရင်းတွင် ပါဝင်လာခဲ့ပြီး အစ်ဆက်ခ်ကိုယ်တိုင်ကလည်း ဆွီဒင်အသင်းအတွက် ကစားပေးရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : STA

# ပရီးမီးယားလိဂ် ပွဲစဉ် (၃) ပွဲကြိုသုံးသပ်ချက်

ML

**လိဒ် Vs နယူးကာဆယ်**

ကစားမည့်ရက်/အချိန် ၃၀-၈-၂၀၂၅ (ည ၁၁း၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

လိဒ် ၂ - ၂ နယူးကာဆယ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| လိဒ် | - | အိမ်(နိုင်) | ဝေး(ရှုံး) | ဝေး(သရေ) |
| နယူးကာဆယ် | - | အိမ်(ရှုံး) | ဝေး(သရေ) | အိမ်(ရှုံး) |

လိဒ်အသင်းဟာ အမှတ်ပေးပွဲနှစ်ပွဲကစားအပြီးမှာ ရမှတ်သုံးမှတ်ရရှိထားပေမဲ့ ခံစစ်ကစားပုံကတော့ အားနည်းချက်ရှိနေတာဖြစ်ပါတယ်။ နယူးကာဆယ်ကတော့ နှစ်ပွဲကစားအပြီး ရမှတ်တစ်မှတ်ရထားပေမဲ့ ပြီးခဲ့တဲ့လီဗာပူးနဲ့ပွဲမှာ ပုံစံကောင်းပြသနိုင်ခဲ့တာကို ကြည့်ရင် အခုပွဲစဉ်မှာ လိဒ်အသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာပါ။ သူတို့နှစ်သင်း ခြေစွမ်းပိုင်းကလဲ ကွာဟချက်ရှိနေတာကြောင့် စုဖွဲ့မှုပိုကောင်းတဲ့ နယူးကာဆယ်ပဲနိုင်ပွဲရသွားမှာပါ။

ခန့်မှန်းရလဒ် - လိဒ် ၁ - ၂ နယူးကာဆယ်

# စပိန်လာလီဂါ ပွဲစဉ် (၃) ပွဲကြိုသုံးသပ်ချက်

ML

**အလာဗက် Vs အေတီကို**

ကစားမည့်ရက်/အချိန် ၃၀-၈-၂၀၂၅ (ည ၀၉း၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အလာဗက် ၀ - ၀ အေတီကို

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| အလာဗက် | - | အိမ်(ရှုံး) | အိမ်(နိုင်) | ဝေး(ရှုံး) |
| အေတီကို | - | ဝေး(နိုင်) | ဝေး(ရှုံး) | အိမ်(သရေ) |

အလာဗက်အသင်းဟာ အိမ်ကွင်းကစားပုံ ကောင်းတဲ့အသင်းဖြစ်ပေမဲ့ တိုက်စစ်အားကောင်းတဲ့အသင်းတွေနဲ့ဆို ရလဒ်ကောင်းဖို့ ရုန်းကန်ရတာကိုတွေ့ရမှာပါ။ အေတီကိုအသင်းကတော့ နှစ်ပွဲကစားအပြီး ရမှတ်တစ်မှတ်သာရထားပြီး အခုပွဲစဉ်ကို မဖြစ်မနေနိုင်ပွဲရမှသာ ဖိအားအောက်က လွတ်မြောက်မှာဖြစ်လို့ နည်းပြဆီမွန်နီအနေနဲ့ ကစားပုံပြောင်းလဲပြီး တိုက်စစ်ဖွင့်ကစားမှာသေချာပါတယ်။ ဒါကြောင့် ခြေစွမ်းပြကစားသမားတွေပိုင်ဆိုင်ထားတဲ့ အေတီကိုပဲရွေးရမှာပါ။

ခန့်မှန်းရလဒ် - အလာဗက် ၀ - ၁ အေတီကို

# နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

**မေဇင်ထွန်း**

ယနေ့ကမ္ဘာတွင် လူသားများနှင့် သတ္တဝါအားလုံးတို့သည် သဘာဝပတ်ဝန်းကျင်အပေါ် မှီခိုအားထားကာနေထိုင်ကြလျက်ရှိသည်။ သဘာဝပတ်ဝန်းကျင်ကိုတော၊ တောင်၊ ရေ၊ မြေ၊ လေထု စသည်တို့ဖြင့်ဖွဲ့စည်းထားပြီးလူသားအားလုံးတို့သည် ထိုအရာများအားလုံးအပေါ်တွင် အလုံးစုံအမှီသဟဲပြု၍ နေထိုင်ကြရသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်သည် လူသားတို့အတွက် မရှိမဖြစ်လိုအပ်သည့်အရာပင်ဖြစ်ပါသည်။ လူတို့၏စားဝတ်နေရေးအတွက် လိုအပ်သောသယံဇာတများကို သဘာဝတရားထံမှ ရရှိသည့်အပြင် လူသားများနှင့် သက်ရှိသတ္တဝါတို့၏ အသက်ရှင်သန်မှုအတွက် လိုအပ်သောအောက်ဆီဂျင်ကိုလည်း ကမ္ဘာ့လေထုကနေရရှိပါသောကြောင့် ထိုသို့ အကျိုးကျေးဇူးများစွာပြုနေသောသဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရေးသည် လူသားတိုင်းဆောင်ရွက်ကြရမည့် တာဝန်တစ်ရပ်ပင်ဖြစ်ပါသည်။

လူသားနှင့် သဘာဝပတ်ဝန်းကျင်သည် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီဆိုသကဲ့သို့ အပြန်အလှန်တည်မှီနေသည်။ ထိုသို့ အပြန်အလှန်တည်မှီနေသည့်စနစ်ကိုဂေဟစနစ်ဟုခေါ်သည်။ လူသားတို့သည် ထိုကဲ့သို့ သဘာဝတရား၏ ဆက်စပ်ဖြစ်တည်မှုဂေဟစနစ်ကို သတိမမူအလေးမထားဘဲအလွန်အကျွံအသုံးချမှုများကြောင့် လေထု၊ မြေထု၊ ရေထုတို့တဖြည်းဖြည်းယိုယွင်းပျက်စီးကာ ညစ်ညမ်းလာရသည်။ ထိုသို့ ယိုယွင်းပျက်စီးမှုများကိုအချိန်မီထိန်းသိမ်းပြုပြင်မှုမလုပ်ပါက ဂေဟစနစ်များ ပိုမိုပျက်ယွင်းကာ သဘာဝဘေးအန္တရာယ်အမျိုးမျိုးဖြစ်ပေါ်လာပြီး လူသားများနှင့် သတ္တဝါတို့၏ ရှင်သန်နေထိုင်မှုကိုအနှောင့်အယှက်ပေးလာမည်ဖြစ်သည်။

ယနေ့ကမ္ဘာတွင် တစ်နေ့တခြားတိုးပွားလာသောကမ္ဘာ့လူဦးရေကြောင့် ပိုမိုလိုအပ်လာသောနေရာများအတွက် သစ်တောများကိုခုတ်ထွင်ရှင်းလင်းလာကြခြင်း၊ သစ်များအလွန်အကျွံထုတ်လုပ်လာကြခြင်း၊ ရုပ်ကြွင်းလောင်စာများပိုမိုအသုံးပြုလာကြခြင်း စသည့်အကြောင်းတရားများကသဘာဝပတ်ဝန်းကျင်ကို ပျက်ဆီးလာစေသည်။ အလွန်အကျွံသစ်ခုတ်ထွင်မှုများကြောင့် သစ်ပင်များနည်းပါးလာခြင်းက ကာဗွန်ဒိုင်အောက်ဆိုက်စုပ်ယူနိုင်မှုကိုလည်း လျော့ကျလာစေသည်။ လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ များပြားလာသည့်အခါ ကမ္ဘာ့အပူချိန်သည် မြင့်မားလာသည်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့သည် နေမှလာသောအနီအောက်ရောင်ခြည်များကို စုပ်ယူကာစုဆောင်းထားသဖြင့် ကမ္ဘာ့လေထုအပူချိန်ကိုမြင့်မားလာစေသည်။ လေထုထဲတွင်ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်နှုန်းမြင့်မားလေလေ ကမ္ဘာ့အပူချိန်မြင့်မားလေလေဖြစ်သည်။ ထိုသို့ ကာဗွန်ဒိုင်အောက်ဆိုက်လေထုထဲတွင် များပြားလာမှုကိုမထိန်းချုပ်နိုင်လျှင် အပူရှိန်မြင့်မားမှုကြောင့် ရေခဲတောင်များအရည်ပျော်ပြီး ကျွန်းစုများနှင့် ပင်လယ်ကမ်းစပ်အနီးရှိဒေသများသည် ပင်လယ်ရေအောက်သို့နစ်မြုပ်သွားနိုင်သည့်အပြင် လယ်၊ ယာစိုက်ခင်းများခြောက်သွေ့ပျက်စီးခြင်း၊ မွေးမြူရေးတိရစ္ဆာန်များ ပူပြင်းမှုကြောင့် သေကျေခြင်းများလည်းဖြစ်ပေါ်နိုင်သည်။

ထို့ပြင် တစ်နှစ်ထက်တစ်နှစ်များပြားလာသည့် စက်ရုံအလုပ်ရုံများမှ ထုတ်လွှတ်သောကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များလေထုထဲတွင် များပြားလာခြင်းက ကမ္ဘာကြီးကိုပူနွေးလာစေပြီး ရာသီဥတုဖောက်ပြန်မှုများဖြစ်သည့် အပူလှိုင်း၊ အအေးလှိုင်းတို့ဖြတ်သန်းခြင်း၊ မုန်တိုင်းများတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း စသည့်သဘာဝဘေးများကိုဖြစ်ပေါ်စေသည်။ ကမ္ဘာကြီး၏သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရန် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို လျှော့ချပေးရမည်ဖြစ်သည်။ ထိုသို့လျှော့ချရာတွင် ရုပ်ကြွင်းလောင်စာများဖြစ်သောရေနံ၊ ကျောက်မီးသွေး စသည်တို့အစားနေရောင်ခြည်စွမ်းအင်၊ ဇီဝလောင်စာ စသည်တို့ကိုအစားထိုးပြောင်းလဲအသုံးပြုကြရမည်။

ယနေ့ခေတ်တွင် စက်မှုကဏ္ဍတိုးတက်ထွန်းကားမှုနှင့်အတူတိုးပွားလာသော လူဦးရေကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်လာခဲ့ရသည်။ ထိုအခါတိုးပွားလာသော လူဦးရေလိုအပ်ချက်များဖြစ်သောအစားအစာ၊ သောက်သုံးရေနှင့် နေထိုင်မှုလိုအင်များကိုဖြည့်ဆည်းနိုင်ရေးအတွက် မြေလွတ်၊ မြေရိုင်းများကိုဖော်ထုတ်ကြရသည်။ ထိုသို့ဖော်ထုတ်ရာတွင် ဂေဟစနစ်ဟန်ချက်ညီအောင် ထိန်းညှိပေးနေသောသစ်တောများကို ခုတ်ထွင်ခဲ့ကြသည်။ ထိုသို့ သစ်ပင်၊ သစ်ပင်တောများကိုပြန်လည်စိုက်ပျိုးထူထောင်မှုမရှိဘဲအလွန်အမင်းခုတ်ထွင်ခြင်း၊ သစ်တောမြေများကို လွဲမှားစွာအသုံးချခဲ့မှုများကြောင့် သစ်တောပြုန်းတီးမှုများဖြစ်လာရသည်။



သစ်တောများသည် ညစ်ညမ်းနေသည့် ကမ္ဘာ့လေထု၏ ၈၀ ရာခိုင်နှုန်းကို စုပ်ယူလျှော့ချပေးနိုင်သဖြင့် သစ်ပင်များကိုစိုက်ပျိုးခြင်း၊ စိုက်ပြီးသစ်ပင်များရှင်သန်အောင် ဂရုစိုက်ခြင်း၊ သစ်တောများရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်းတို့ ပြုလုပ်ရမည်ဖြစ်သည်။ ကမ္ဘာမြေပေါ်တွင် သစ်တောသစ်ပင်များပြုန်းတီးလာခြင်းသည် ရာသီဥတုဖောက်ပြန်မှုကိုဖြစ်စေသော အဓိကအကြောင်းရင်းတစ်ရပ်ပင်ဖြစ်သည်။ ဥတုရာသီ၊ တောကိုမှီ၏ ဆိုသည့်အတိုင်း ရာသီဥတုဖောက်ပြန်မှုကို ဟန့်တားရာတွင် သစ်တော၊ သစ်ပင်များသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပေသည်။

သစ်ပင်သစ်တောများသည် ကမ္ဘာမြေပေါ်ရှိ သက်ရှိများရှင်သန်ရပ်တည်ရေးအတွက် အလွန်အရေးပါလှပြီး သစ်ပင်သစ်တောများသည် လူသားများအပါအဝင် သက်ရှိများအသက်ရှင်သန်ရေးအတွက် အဓိကလိုအပ်သည့် အောက်ဆီဂျင်ကိုထုတ်လွှတ်ပေးရုံမျှမက ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို လေထုအတွင်းမှ စုပ်ယူဖယ်ရှားပေးနိုင်သည်။ ထို့ကြောင့် သစ်ပင်သစ်တောများသည် ရာသီဥတုမျှတရေး၊ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး၊ ရေနှင့်မြေဆီလွှာထိန်းသိမ်းရေး စသည့်ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ညီညွတ်မျှတရေးကိုစဉ်ဆက်မပြတ် ပံ့ပိုးပေးနေသောအဖိုးတန်ရတနာများပင်ဖြစ်ပေသည်။

သစ်ပင်များစည်းကမ်းမဲ့ အလွန်အကျွံခုတ်လှဲမှုများကြောင့် သစ်ပင်များရှားပါးလာသည့်အခါ ကမ္ဘာကြီးပူနွေးလာမှု၊ မိုးခေါင်ရေရှားမှု၊ အစာရေစာငတ်မွတ်ခေါင်းပါးမှု စသည်တို့နှင့်ရင်ဆိုင်လာကြရသည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှအထောက်အကူဖြစ်စေရန်၊ လူသားများနှင့်အတူ မျှဝေနေထိုင်သောသတ္တဝါများ၏ ဂေဟစနစ်မှန်ကန်စေရန်အတွက် သဘာဝသစ်တောများကိုထိန်းသိမ်းသွားကြရမည်ဖြစ်သည်။ သစ်တောများသည် ဂေဟစနစ်များကိုထိန်းညှိဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသောသစ်ပင်သစ်တောများသည် သစ်၊ ထင်း၊ ဝါး၊ ကြိမ်၊ အစားအစာ၊ ဆေးဝါး စသည့်သစ်တောထွက်ပစ္စည်းအမျိုးမျိုးနှင့် အစားအစာကဲ့သို့ အခြေခံလိုအပ်ချက်များကိုဖြည့်ဆည်းပေးလျက်ရှိသည်။

သစ်ပင်သစ်တောများကိုစိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် ရေ၊ မြေ၊ ရာသီဥတုကောင်းမွန်မျှတသာယာပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍအသီးသီးအတွက် ကုန်ကြမ်းပစ္စည်းများ၊ သွင်းအားစုများနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးလျက်ရှိသောကြောင့် အကျိုးကျေးဇူးများစွာရရှိနိုင်ပြီးအဖိုးတန်လှသည်ကို ရွှေပင်ငွေခက်၊ တောမှထွက်၏ ဟု တင်စားကြလေ့ရှိပေသည်။

သစ်ပင်၊ သစ်တောများမှ အဖိုးတန်သစ်အမျိုးမျိုး၊ သစ်ခွ၊ ပျားရည်၊ ငှက်သိုက်၊ ဆေးဖက်ဝင်အပင်မျိုးစုံ စသည့် သစ်တောထွက်ပစ္စည်းများအပြင် လူနေအိမ်၊ အခြေခံအဆောက်အအုံ၊ ပရိဘောဂအမျိုးမျိုး ဆောက်လုပ်၊ ထုတ်လုပ်ရန်အတွက် လိုအပ်သောကုန်ကြမ်းများကိုလည်းသစ်ပင်၊ သစ်တောများမှပင် ရရှိသည်။ ထိုသို့ သစ်တောထွက်ပစ္စည်းများ၏ လူသားတို့အပေါ် အကျိုးပြုမှုကားများပြားလှသဖြင့် သစ်ပင်စိုက်ပျိုးမှုကိုလူသားတိုင်းက မိမိတက်စွမ်းသရွေ့ဆောင်ရွက်ကြရပေမည်ဖြစ်သည်။

ထို့ပြင် သစ်ပင်၊ သစ်တောများသည် ရာသီဥတုပြောင်းလဲမှုကိုထိန်းညှိပေးနိုင်ပြီးလေထုညစ်ညမ်းမှုကိုဖြစ်စေသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကိုလေထုအတွင်းမှ စုပ်ယူကာအပင်၏ပင်စည်၊ အကိုင်းနှင့် အရွက်များတွင် သိုလှောင်ပေးခြင်း၊ သက်ရှိများအတွက် လိုအပ်သောအောက်ဆီဂျင်ကို ပြန်လည်ထုတ်ပေးခြင်း၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်ခြင်း၊ ရေအရင်းအမြစ်ကို ထိန်းသိမ်းပေးခြင်း၊ လေကောင်းလေသန့်ရရှိစေခြင်း၊ မြေတိုက်စားမှု၊ မြေနှင့်ကမ်းပါးပြိုမှုများမှ ကာကွယ်ပေးခြင်း၊ တောရိုင်းတိရစ္ဆာန်များအတွက် နေထိုင်ရာနေရာများဖန်တီးပေးခြင်း စသည်တို့ကိုဆောင်ကြဉ်းပေးနိုင်သည်။

ယနေ့ခေတ်တွင် သစ်တောများပြုန်းတီးခြင်းကြောင့် ရာသီဥတုပြောင်းလဲမှု၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးမှု၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု၊ အပူချိန်မြင့်မားလာမှုတို့ ကြုံတွေ့လာကြရသည်။ သဘာဝပတ်ဝန်းကျင် စိန်ခေါ်မှုများမှာလူသားတိုင်းကြုံတွေ့နေရခြင်းဖြစ်သည်။ ထို့ကြောင့် ကမ္ဘာမြေကိုထိန်းသိမ်းရန် လိုအပ်လာပြီဖြစ်ပြီးကမ္ဘာမြေရေရှည်တည်တံ့စေရန်အတွက် သဘာဝတရားနှင့် အညီပြုမူနေထိုင်ရန်လိုအပ်ပြီး ပိုမိုစိမ်းလန်းသောကမ္ဘာကြီးဖြစ်တည်လာရေးအတွက် လူသားတိုင်းတတ်စွမ်းသရွေ့ ဆောင်ရွက်သွားကြရန်လိုအပ်သည်။

ထိုသို့ ကမ္ဘာမြေပေါ်တွင် ကျွန်ုပ်တို့မှသည် အနာဂတ်မျိုးဆက်သစ် ရေရှည်တည်တံ့စွာဆက်လက်နေထိုင်နိုင်ရေးအတွက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဆောင်ရွက်ချက်များ၊ သဘာဝနှင့်လိုက်လျောညီထွေစွာနေထိုင်ရေးဆိုင်ရာဆောင်ရွက်ချက်များနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များတွင် ကျွန်ုပ်တို့လူသားတိုင်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ပင်ဖြစ်သည်။

သို့ဖြစ်ရာကမ္ဘာ့နိုင်ငံတိုင်းသည် သဘာဝပတ်ဝန်းကျင်၏ ဂေဟစနစ်များကိုထိန်းသိမ်းခြင်းနှင့် မြှင့်တင်ခြင်း၊ ထိုဂေဟစနစ်များကို ရေရှည်တည်တံ့ပြီးဘက်စုံစွမ်းဆောင်နိုင်သော ဂေဟစနစ်အဖြစ်စီမံဆောင်ရွက်ခြင်းနှင့် အဆိုပါဂေဟစနစ်များကို စနစ်တကျစီမံဆောင်ရွက်ခြင်း စသည့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များတွင် လူသားတိုင်းကတက်ကြွစွာဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

**– The benefits of raising environmental awareness**

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ဩဂုတ် ၂၉ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည့် ပွဲ ရုပ်ရှင်ဇာတ်ကား Premiere Show ပွဲပြုလုပ်



ရန်ကုန် ဩဂုတ် ၂၈

ဩဂုတ် ၂၉ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည့် ပွဲ ရုပ်ရှင်ဇာတ်ကား Premiere Show ကို ဩဂုတ် ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ ပွဲ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ညီထွဋ်ခေါင်ထံမှ သိရသည်။

အဆိုပါ ပွဲရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းကို ဒီဒီထက်အောင်က ရေးဖွဲ့ထားပြီး ဒီဒီထက်အောင်နှင့် မင်းကိုစိုး (နတ်သံကွင်း) တို့က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ကိုဇော် (အရဏ်ဦး)က လှူစွမ်းကောင်းရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားသည့် ဟာသဇာတ်မြူးဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ဒီဇာတ်ကားမှာ ထွန်းသီဆိုတဲ့ LGBT ကာရိုက်တာနဲ့ ပါဝင်ထားတာပါ။ ရွာကထန်းတောတွေကို ဦးလေးနဲ့ ထားခဲ့ပြီး မြို့တက်အလုပ်ကြိုးစားပြီး ပိုက်ဆံတွေစု၊ ခွဲစိတ်ပြုပြင်ခဲ့တယ်။ အဲဒီအိပ်မက်ကို အကောင်အထည်ဖော်ဖို့ ကိုမြင့်မြတ်၊ ကိုကျော်ကျော်ဗိုလ်၊ နေဉ်ဖောတို့နဲ့အတူ မြို့တက်လာတယ်။ ဒီကြားထဲ ဂယက်ပေါင်းသောင်းခြောက်ထောင်နဲ့ ဟာသပုံစံလေး မြင်တွေ့ရမှာပါ" လို့ သရုပ်ဆောင် ညီထွဋ်ခေါင်က ပြောပြသည်။

ပွဲ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ ကျော်ကျော်ဗိုလ်၊ ညီထွဋ်ခေါင်၊ ခင်လှိုင်၊ ဇော်ဝင်းနိုင်(မန်း)၊ ဆင်မဖင်မျိုး၊ သွက်လက်၊ စုပါလင်း၊ စိုးမြတ်သူဇာ၊ နေဉ်ဖောအယ်ထား၊ ယမုံမြင့်မြတ်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Knight Rider ဇာတ်ကားကို ဟောဝစ်နှင့် ရှလေ့ဘာ့တို့ ရိုက်ကူးပေးဖွယ်ရှိ

နယူးယောက် ဩဂုတ် ၂၈

ယူနီဗာဆယ်ကုမ္ပဏီအတွက် Knight Rider အမည်ရှိ ဇာတ်ကားကို ဒါရိုက်တာ ဟောဝစ်နှင့် ရှလေ့ဘာ့တို့က တာဝန်ယူရိုက်ကူးပေးဖွယ်ရှိကြောင်း ဩဂုတ် ၂၇ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် Knight Rider ဇာတ်ကား ရိုက်ကူးရေးအတွက် ဟောဝစ်နှင့်ရှလေ့ဘာ့တို့သည် ယူနီဗာဆယ်ကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း သိရသည်။

အပြီးသတ်သဘောတူညီချက်ရရှိခဲ့ပါက Knight Rider ဇာတ်ကား၏ ဇာတ်ညွှန်းကိုလည်း ဟောဝစ်နှင့် ရှလေ့ဘာ့တို့ကပင် တာဝန်ယူ ရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။


အဆိုပါဇာတ်ကားသည် Knight Rider (1980) အက်ရှင်ဒရာမာဇာတ်လမ်းတွဲကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

မူလ Knight Rider ဇာတ်လမ်းတွဲသည် စကားပြောတတ်သော မော်တော်ယာဉ်တစ်စီးကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော ဇာတ်လမ်းတွဲဖြစ်သည်။

ဒါရိုက်တာ ဟောဝစ်နှင့် ရှလေ့ဘာ့တို့သည် Netflix ၏ Cobra Kai ဇာတ်လမ်းတွဲကို ရိုက်ကူးပေးခဲ့သူများ ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




# တေးသံရှင် ဇော်ဝင်းထွဋ်၊ ဂျေမောင်မောင်၊ ချစ်ကောင်းတို့၏ တေးဂီတဖျော်ဖြေပွဲကို ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre Bar တွင် ပြုလုပ်သွားမည်




ရန်ကုန် ဩဂုတ် ၂၈

တေးသံရှင် ဇော်ဝင်းထွဋ်၊ ဂျေမောင်မောင်၊ ချစ်ကောင်းတို့၏ လျှပ်တပြက်ကောင်းကင် တေးဂီတဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre Bar ၌ ဩဂုတ် ၃၀ ရက်တွင် ပြုလုပ်သွားမည် ဖြစ်ကြောင်း တေးသံရှင် ချစ်ကောင်းထံမှ သိရသည်။

တေးသံရှင် ဇော်ဝင်းထွဋ်၊ ဂျေမောင်မောင်၊ ချစ်ကောင်းတို့၏ သီဆိုဖျော်ဖြေမှုများကို EMPEROR Music Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဩဂုတ် ၃၀ ရက်ညမှာ မန္တလေးက The Square Theatre Bar မှာ ကျွန်တော်တို့ ဖျော်ဖြေပွဲရှိပါတယ်။ ကျွန်တော်နဲ့အတူ ရှေ့ခံကာကြီး ညီထွဋ်နဲ့ ဂျေမောင်မောင်တို့ပါဝင်ပြီးတော့ သီဆိုဖျော်ဖြေပေးမှာပါ။ ရှေ့ခံသီချင်းတွေကို EMPEROR နဲ့တွဲပြီး တဝကြီး သီဆိုပေးမှာမို့ လက်မလွတ်စေချင်ပါဘူး"ဟု တေးသံရှင် ချစ်ကောင်းက ပြောပြသည်။

တေးသံရှင် ဇော်ဝင်းထွဋ်၊ ဂျေမောင်မောင်၊ ချစ်ကောင်းတို့၏ လျှပ်တပြက်ကောင်းကင် တေးဂီတဖျော်ဖြေပွဲကို The Square Theatre Bar တွင် ဩဂုတ် ၃၀ ရက် ည ၇ နာရီမှ စတင်ကာ ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း တေးသံရှင်ချစ်ကောင်းထံမှ သိရသည်။

ASH

# အကောင်းဆုံး နိုင်ငံတကာရုပ်ရှင်ဇာတ်ကားဆုအတွက် The Things You Kill ကို ကနေဒါတင်သွင်းထား

နယူးယောက် ဩဂုတ် ၂၈

၉၈ ကြိမ်မြောက် အော်စကာရုပ်ရှင်ဆုပေးပွဲ အကောင်းဆုံး နိုင်ငံတကာ ရုပ်ရှင်ဇာတ်ကားဆုအတွက် The Things You Kill အမည်ရှိ ဇာတ်ကားကို ကနေဒါနိုင်ငံက ရွေးချယ်တင်သွင်းထားကြောင်း ဩဂုတ် ၂၇ ရက်သတင်းများအရ သိရသည်။

The Things You Kill ဇာတ်ကားသည် အီရန်လူမျိုး ကနေဒါနိုင်ငံသား ဒါရိုက်တာ အလီရီဇာခါတာမီက ရိုက်ကူးပေးထားသည့် ဇာတ်ကားဖြစ်ပြီး တားကစ်ရှ်ဘာသာစကား၊ ဖာရစီဘာသာစကားများဖြင့် ရိုက်ကူးထားသည့် အဆိုပါဇာတ်ကားသည် တူကီယဲလူမျိုး ကောလိပ်ပါမောက္ခတစ်ဦး၏ဘဝကို အခြေခံရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် အကောင်းဆုံးနိုင်ငံတကာ ရုပ်ရှင်ဇာတ်ကားဆုအတွက် ကနေဒါနိုင်ငံက ရွေးချယ်တင်သွင်းခဲ့သည့် ဒုတိယမြောက် ဇာတ်ကားဖြစ်ပြီး ၉၈ ကြိမ်မြောက် အော်စကာရုပ်ရှင်ဆုပေးပွဲကို ၂၀၂၆ ခုနှစ် မတ် ၁၅ ရက်တွင် လော့စ်အိန်ဂျလိစ်မြို့တော်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# စိမ့်စမ်းခ (Home) ရုပ်သံဇာတ်လမ်းတွဲကို ဩဂုတ် ၃၀ ရက်မှစတင်ကာ Channel K Myanmar You Tube Channel မှ ထုတ်လွှင့်သွားမည်

ရန်ကုန် ဩဂုတ် ၂၈

Mee Mee Mway Production က ရိုက်ကူးထုတ်လုပ်သည့် စိမ့်စမ်းခ (Home) ရုပ်သံဇာတ်လမ်းတွဲကို ဩဂုတ် ၃၀ ရက်မှ စတင်ကာ Channel K Myanmar You Tube Channel မှ ထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို တာဝန်ယူ ရိုက်ကူးထားသည့် ဒါရိုက်တာ ထွဋ်တင့်ထွန်းထံမှ သိရသည်။

အဆိုပါ စိမ့်စမ်းခ (Home) ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို ပိုင်စိုးသူမောင်ကရေးသားထားပြီး ဒါရိုက်တာ ထွဋ်တင့်ထွန်းက Mee Mee Mway Production အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ ကိုယ်နေတဲ့အိမ်က ဘယ်လိုအိမ်အမျိုးအစားလဲ၊ အထီးကျန်ဆန်တဲ့ အိမ်လား၊ မေတ္တာတွေနဲ့အိမ်လား၊ သောကတွေနဲ့အိမ်လား၊ မေတ္တာတွေနဲ့အတူ လိုချင်မှုအတ္တတွေကင်းပြီး ဒီလူ့လောကထဲမှာ ဖြစ်တည်လာသမျှ မေတ္တာတရားတိုင်းဟာ စိမ့်စမ်းရေပမာ အေးချမ်းပါတယ်ဆိုတဲ့ အကြောင်းကို ပုံဖော်ရိုက်ကူးထားတာပါ" ဟု ဒါရိုက်တာ ထွဋ်တင့်ထွန်းက ပြောပြသည်။

စိမ့်စမ်းခ (Home) ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ရဲရင့်မောင်မောင်၊ နေရှိုင်း၊ ပိုင်စိုးသူ၊ ဘုန်းလျှံ၊ ရဲမွန်၊ သွန်းသက်ထူးစံ၊ သက်တန့်ပိုင်၊ မြတ်ကေသီအောင်၊ စိုးမိုးကြည်နှင့် အခြားအနုပညာရှင်များစွာ ပါဝင်ထားပြီး အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို ဩဂုတ် ၃၀ ရက်မှစတင်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေ ည ၉ နာရီတွင် Channel K Myanmar You Tube Channel မှ ထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# Chairman of State Security and Peace Commission Senior General Min Aung Hlaing will pay a working visit to the People's Republic of China





**Nay Pyi Taw August 28**

Chairman of State Security and Peace Commission Senior General Min Aung Hlaing will pay a working visit to the People's Republic of China at the invitation of the President of PRC H.E. Mr. Xi Jinping in the near future.

During the visit, the Senior General will attend the Shanghai Cooperation Organisation – SCO SUMMIT 2025, to be held in Tianjin, the PRC, and the 80th Anniversary of the Victory of the Chinese People's War of Resistance Against Japanese Aggression and the World Anti-Fascist War to be held in Beijing, hold talks with PRC President H.E. Mr. Xi Jinping, other leaders of the States who will attend the events, and officials of PRC government, visit landmarks and sectors such as educational, industrial production and economic sectors. Discussions will be centred on further promoting and cementing friendship and cooperation in multi-sectors including the economic sector between the governments and the peoples of the two countries. 100

**Chairman of State Security and Peace Commission Senior General Min Aung Hlaing will pay a working visit to the People's Republic of China at the invitation of the President of PRC H.E. Mr. Xi Jinping.**

*See Page 14*

reclaiming the position and forcing the terrorists to retreat in disarray.

Furthermore, security forces carried out detailed preparations to reclaim government-owned factories and workplaces that had been occupied and fortified by the combined TNLA and MDY-PDF terrorist forces. Starting from 21 July 2025, Tatmadaw launched a full-scale counteroffensive to completely wipe off terrorists from the Alpha Cement Plant and Phayaungtaung mining site in Madaya region. The counteroffensive was executed along four columns: one column advancing from Madaya–Bokone–Kyauktada route, one from Myakantha village, one from Pansalaung Hill, and one from Baingpinvillage, with coordinated attacks carried out in successive stages to increase momentum and pressure. In these operations, security forces, with the full support of local residents, their high morale, determination, and fighting spirit, employed a step-by-step combined strategy of 'bold advance, fierce attack, and decisive destruction.' This allowed security members to systematically assault and dismantle fortified positions constructed by the terrorists, including concrete bunkers, underground tunnels, and earthen pits. As a result, the security forces successfully regained control of the Phayaungtaungmining area, which had been firmly held by MDY-PDF terrorists on 24 August and the Alpha Cement Plant, with minimal casualties among and minimal damage to factories and workplaces today. The terrorists, suffering heavy losses, were forced to retreat in disarray toward the northern part of Madaya area.

During the one-month and seven-day period of the operation to retake and control the area, there were 24 major and minor clashes with the terrorist alliance of TNLA and MDY-PDF. Some members of the security forces sacrificed their lives for the state and sustained injuries, while 15 bodies of the terrorists were recovered, along with 46 various weapons, ammunition, and related materials.

During the operation to retake control, the terrorist alliance of TNLA and MDY-PDF used cement produced from the Alpha cement factory and a large number of Alpha-branded cement bags to build concrete bunkers, foxholes, and communication trenches in their strongholds. Although they fortified their positions and attempted to block and attack the Tatmadaw columns in stages, the Tatmadaw columns exercised restraint and carried out the assault with caution, minimizing damage to buildings and machinery in the factory and mining areas during the retaking of the site.

The Alpha cement factory is located near Aung Tha Pyay Village, Dahattaw Village Tract, Patheingyi Township, Mandalay Region. Construction began in 2017, and production started in August 2020. The factory employs 80 foreign experts and 300 local workers, producing 5,000 tons of cement daily. It significantly meets the regional demand for cement. While terrorist groups were using the factory as a stronghold, it could not operate, leading to a high demand for cement in the region, soaring prices, and job losses, causing severe difficulties for local residents. Additionally, the March 28, 2025, Mandalay earthquake caused significant damage to buildings in Mandalay, creating a high demand for cement for reconstruction. The terrorist acts of these groups have severely impacted the socio-economic lives of local residents.

Similarly, the Phayaungtaung mining operation (gold refining) was managed by the Ministry of Mines from 1986 to 1997 for the benefit of the state. After 1998, it was leased to private factory operators. This mining operation extracts and refines the country's precious raw gold ore, contributing to the economic development of the state and its people while providing employment opportunities for over 170 workers. During the temporary occupation by the terrorist alliance of TNLA and MDY-PDF, operations were halted. The valuable state-produced raw mining materials were extracted and sold for the personal gain of PDF leaders, causing significant losses to the state, the public, and factory employees.

Now that the Tatmadaw has retaken the Alpha cement factory and the Phayaungtaung mining operation, which were temporarily occupied by the terrorist alliance of TNLA and MDY-PDF, necessary repairs will be made to the factory buildings and machinery damaged by the terrorist groups to resume operations. This will enable the affordable supply of cement to meet regional demand and restore job opportunities for local residents.

Tatmadaw columns will continue to clear the remaining areas controlled by the terrorist alliance of TNLA and MDY-PDF between Madaya and Thabeikkyin Townships. Along with the clearance operations, efforts will be made to minimize damage and losses to state and privately owned valuable mining sites, factories, and workshops. 100

# School shooting in U.S. Minneapolis leaves 2 children dead, 17 people injured

**New York August 28**

A shooting occurred Wednesday morning at Annunciation Catholic School in the city of Minneapolis, the U.S. state of Minnesota, killing an 8-year-old and a 10-year-old and injuring 17 others, police confirmed.

Before 8:30 a.m. local time, the shooter, armed with a rifle, a shotgun and a pistol, approached the school church and fired through the windows at the children who were sitting in the pews during Mass, Minneapolis police chief Brian O'Hara said at a news conference.

The shooter then killed himself in the rear of the church, O'Hara confirmed. The suspect was in his 20s and did not have an extensive criminal history, he said.

Among the injured, 14 are children, with two of them in critical condition, police said. The school is for kindergarten through eighth-graders.

Minnesota Governor Tim Walz expressed support for the school community in a statement on the social media platform X: "I'm praying for our kids and teachers whose first week of school was marred by this horrific act of violence."

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Tatmadaw columns liberate Alpha Cement Factory and Phayaungtaung mines, briefly controlled by a combined terrorist group of TNLA and MDY-PDF

# Will be able to restore local job opportunities



Tatmadaw columns liberate Phayaungtaung mines in Patheingyi Township.



Tatmadaw columns liberate Phayaungtaung mines in Patheingyi Township.



Tatmadaw columns restore Alpha Cement Factory in Patheingyi Township.



Tatmadaw columns restore Alpha Cement Factory in Patheingyi Township.

**Nay Pyi Taw August 28**

PDF terrorists, subordinates of NUG destructive terrorist group,with the intention of ruining the government administrative machinery were attacking some areas of regions and states with superior force, blowing up, torching and destroying public homes, administrative buildings, and roads and bridges, looting valuables, threatening people with arms, collecting extortion money, demanding daily food supplies, abducting and killing civil servants, monks as informants of government, Tatmadaw and police, and conducting forceful recruitments. Because of the terrorist acts they were committing in cooperation with some EAOs, the areas they arrived became void of transport, business, health and education activities and socioeconomic progress.

Beginning mid-2024, they in cooperation with TNLA armed terrorists, were plotting to seize Mandalay, a commercial and transport hub of the country, under their fantasy dreams.

NUG has been recruiting and gathering young people from Mandalay, Sagaing, and Meiktila plains, as well as disloyal staff from DCS with persuasion, giving terrorism courses to them, and producing them as terrorists under the name of MDY-PDF. In this way, they have been forcibly recruiting members and providing encouragement, while also cooperating with TNLA terrorist groups. Starting from 25 June 2024, they began military terrorist activities in the area adjoining Shan State and Mandalay Region under the title of the Shan-Man Operation, aiming to capture Mandalay city, which is the focus of their military ambitions. In order to totally occupy Mandalay, they set Mandaya column, Patheingyi column and Pyi-nOoLwin column leading to Mandalay with attacks. During the period, they attacked security forces and security outposts stationed along Mogok-Thabeikkyin-Madaya-Mandalay route and nearby towns and villages as well as government and privately-owned factories and workplaces with full forces. These actions were conducted simultaneously with military activities in Kachin State and northern Shan State (North) with attempt to reach Mandalay.

Despite the overwhelming strength of these terrorists, security forces courageously and resolutely defended towns, villages, and government and privately-owned factories and workplaces, with sacrifice of their lives to prevent these areas from falling into the hands of the attackers. However, the terrorists created additional strength by forcibly recruiting local civilians along their routes and using them in attacks.

*See Page 14*




A captured body and arms and ammunition and other items of TNLA and MDY-PDF terrorists.



Weapons, ammunition, and related materials seized from the terrorist alliance of TNLA and MDY-PDF.


TNLA and MDY-PDF terrorists used cement and Alpha brand cement bags to build fortified positions.


TNLA and MDY-PDF terrorists used cement and Alpha brand cement bags to build fortified positions.


TNLA and MDY-PDF terrorists used cement and Alpha brand cement bags to build fortified positions.


Damage to buildings and vehicles at the cement factory caused by the terrorist alliance of TNLA and MDY-PDF.

*From Page 13*

As a result, security forces suffered increasing casualties and injuries. To minimize damage and losses to civilians' homes and national-interest factories and workplaces, security forces systematically carried out phased withdrawals, organized controlled defensive operations, and, , conducted coordinated counterattacks and tactical operations over a designated period in Madaya area. Although TNLA and MDY-PDF terrorists, operating as a combined force in the eastern Madaya area, launched a full-scale attack to reach Mandalay, Tatmadaw members unwavering spirit, fierce determination, and courageous resistance for the State, Tatmadaw, and the local people successfully halted the terrorists' offensive. As a result, by July 2024, the clashes were stopped in areas including Yenatha village, north of Madaya, Alpha Cement Plant in the east, and around Phayaungtaung mining area.

During the period when the attacks of these terrorists were halted, they carried out destructive actions in the surrounding villages, including looting civilian property, extorting money, asserting dominance through armed force, burning and destroying machinery, vehicles, and buildings in factories and workplaces, using factory-produced raw materials and goods for military preparations or personal gain, and extracting and selling valuable minerals from mines for their own profit.

As a combined force, TNLA and MDY-PDF terrorists, with the encouragement of the NUG, aimed to fully capture Madaya area by securing a strong foothold at the Alpha Cement Plant and the Phayaungtaung mining site. Starting from 18 July 2025, they launched a heavy attack on a lightly defended security outpost in Myakanthavillage in the eastern Madaya region. According to strategy, the outpost conducted a temporary withdrawal on the night of 20 July2025, and on the morning of 21 July, the pre-positioned main counterattack units struck back with overwhelming force and heavy weapons,

*See Page 12*



Damage to buildings at the cement factory caused by the terrorist alliance of TNLA and MDY-PDF.


Fortified defence structures of TNLA and MDY-PDF terrorists.


Weapons, ammunition, and related materials seized from the terrorist alliance of TNLA and MDY-PDF.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်နိုင်ငံက ပြည်တွင်းထုတ် HQ-29 ဒုံးကျည်စနစ်ကို ပထမဦးဆုံးအကြိမ် လေ့ကျင့်မှုများပြုလုပ်နေ



တရုတ်နိုင်ငံသည် စက်တင်ဘာလဆန်းတွင် ကျင်းပမည့် ပေကျင်းစစ်ရေးပြပွဲအတွက် ပြည်တွင်းထုတ် HQ-29 ဒုံးကျည်စနစ်ကို ပထမဆုံးအကြိမ် လေ့ကျင့်မှုများပြုလုပ်နေကြောင်း Defence Blog သတင်းဌာနက ဩဂုတ် ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စစ်ရေးပြ အခမ်းအနားအတွက် ကြိုတင်လေ့ကျင့်မှုများအတွင်း ယာဉ်ပေါ်တွင် တပ်ဆင်ထားသည့် ဒုံးကျည်စနစ်သည် ဒုံးကျည်ကွန်တိန်နာနှစ်ခုကို သယ်ဆောင်ထားပြီး တစ်ခုချင်းစီ၏ အချင်းမှာ ၁ ဒသမ ၅ မီတာ ခန့်ရှိသည်။ ၎င်း၏ အရွယ်အစားနှင့် ပုံစံသည် တရုတ်နိုင်ငံ၏ လက်ရှိလေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးလက်နက်စနစ်များထက် အဆပေါင်းများစွာ ပိုမိုအားကောင်းသည့် ဒုံးကျည်စနစ်တစ်ခုဖြစ်ကြောင်း ဖော်ပြနေခြင်းဖြစ်သည်။

တရုတ်သတင်းဌာနများက HQ-29 ကို ပြောင်းနှစ်လုံးတပ် ဂြိုဟ်တုဖျက် မုဆိုးဟုတင်စားဖော်ပြခဲ့ကြသည်။ ထိုအသုံးအနှုန်းသည် ဒုံးကျည်စနစ်၏ ရည်ရွယ်ထားသော တာဝန်တစ်ရပ်ကို တိုက်ရိုက်ညွှန်ပြနေသည်။ ၎င်းမှာအမြင့်ပျံပဲ့ထိန်း ဒုံးကျည်များကိုပစ်ချရန်ဖြစ်ပြီး တစ်ချိန်တည်းမှာပင် အနိမ့်ပတ်လမ်းတွင်းရှိ ဂြိုဟ်တုများကိုလည်း ပစ်မှတ်ထားတိုက်ခိုက်နိုင်စွမ်းရှိသည်။ ထိုစွမ်းရည်များသည် HQ-29 ဒုံးကျည်စနစ်ကို ကမ္ဘာပေါ်ရှိ အဆင့်အမြင့်ဆုံးဒုံးကျည်ကာကွယ်ရေးအစီအစဉ်များထဲတွင် ထည့်သွင်းထားနိုင်စေပြီး ၎င်း၏ပစ်ခတ်နိုင်သည့် အကွာအဝေးသည် ကီလိုမီတာ ၅၀၀ ကျော်ထိ ရှိနိုင်သည်ဟု သိရသည်။

HQ-29 ဒုံးကျည်စနစ်ကို တရုတ်နိုင်ငံ၏ လက်ရှိ အမြင့်ပျံကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်ဖြစ်သော HQ-19 ဒုံးကျည်စနစ်ကို အဆင့်မြှင့်တင်မှုဗားရှင်းအဖြစ် ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်သုံးသပ်ခဲ့ကြသည်။ HQ-19 ဒုံးကျည်စနစ်သည် အမေရိကန်၏ Terminal High Altitude Area Defense(THAAD)ဒုံးခွင်းဒုံးစနစ်နှင့် ဆင်တူသောအရှေ့စွမ်းအင်သုံးတိုက်ခိုက်ထိမှန်ဖျက်ဆီးနိုင်စွမ်း နည်းပညာကို အသုံးပြုထားသည်။ ထို့ပြင် တရုတ်နိုင်ငံ၏ HQ-9 အုပ်စုဝင် ဒုံးကျည်များသည် အနိမ့်ပျံမဟာဗျူဟာမြောက် ပဲ့ထိန်းဒုံးကျည်ခြိမ်းခြောက်မှုများကို အဓိကထား၍ ပံ့ပိုးပေးထားသည်။ သို့သော်လည်း HQ-29 ဒုံးကျည်စနစ်သည် အဆိုပါစနစ်များနှင့် လမ်းကြောင်းတစ်ဝက်တွင် ကြားဖြတ်ဖျက်ဆီးနိုင်သော ပိုမိုမဟာဗျူဟာကျသည့် ကြားဖြတ် တိုက်ခိုက်ရေးဒုံးကျည်များကြားရှိ ကွာဟချက်ဖြစ်နေမှုကိုဖြည့်ဆည်းပေးနိုင်ရန် ဒီဇိုင်းထုတ်ထားကြောင်း သိရသည်။

**China debuts HQ-29 “Satellite Hunter” system ကို ဘာသာပြန်ဆိုထားပါသည်။**

## ဆွီဒင် Saab ကုမ္ပဏီက Gripen E/F တိုက်လေယာဉ် လေးစင်းရောင်းချပေးရန်အတွက် ထိုင်းနိုင်ငံနှင့် စာချုပ်ချုပ်ဆိုခဲ့

ဆွီဒင်နိုင်ငံရှိ လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သော Saab သည် ထိုင်းနိုင်ငံသို့ Gripen E/F တိုက်လေယာဉ် လေးစင်းရောင်းချပေးရန်အတွက် စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၂၅ ရက်၌ရေးသားဖော်ပြခဲ့သည်။

အမေရိကန်ဒေါ်လာ ၅၈၃ သန်းခန့်တန်ဖိုးရှိသော ဤမှာယူမှုတွင် ၂၀၂၅ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အတွင်း ပေးပို့မည့် Gripen E တစ်ယောက်မောင်းတိုက်လေယာဉ် သုံးစင်းနှင့် Gripen F နှစ်ယောက်မောင်း တိုက်လေယာဉ် တစ်စင်းအပြင် ဆက်စပ်ပစ္စည်းနှင့် လေ့ကျင့်ရေးစနစ်များလည်း ပါဝင်မည်ဖြစ်သည်။ ထို့ပြင် Saab ကုမ္ပဏီသည် ထိုင်းတော်ဝင်လေတပ်နှင့် ရေရှည်အတွက် စာချုပ်ပါ သဘောတူညီချက်ကိုလည်း ချုပ်ဆိုနိုင်ခဲ့သည်။ ထို့ကြောင့် ထိုသဘောတူညီချက်တွင် နည်းပညာများဖလှယ်ပေးခြင်း၊ စက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ထိုင်းနိုင်ငံ စီးပွားရေးကဏ္ဍအသီးသီးတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခြင်းတို့ပါဝင်သည်။

ဤသဘောတူညီချက်သည် အဆင့်မြင့်လေယာဉ်များ ဝယ်ယူခြင်းနှင့်အတူ စီးပွားရေးနှင့် စက်မှုဆိုင်ရာအစိတ်အပိုင်းများကို ပေါင်းစပ်ထားပြီး ၎င်းအစီအစဉ်ကို ထိုင်းနိုင်ငံ၏ ကျယ်ပြန့်သော ကာကွယ်ရေး ခေတ်မီအဆင့်မြှင့်တင်ရေး မူဘောင်အောက်တွင် ထည့်သွင်းထားကြောင်း သိရသည်။

ထိုင်းတော်ဝင်လေတပ်သည် Gripen C/D တိုက်လေယာဉ်တပ်စုတစ်စုကို ယခင်ကတည်းက အသုံးပြုနေပြီဖြစ်သည်။ ထိုလေယာဉ်များကို ၂၀၀၈ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်တို့တွင် နှစ်သုတ်ခွဲကာ မှာယူခဲ့ပြီး ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း လက်ခံရရှိခဲ့ကြသည်။ ယခုမှာယူလိုက်သည့် Gripen E/F တိုက်လေယာဉ်သစ်များသည် လက်ရှိအသုံးပြုနေသော လေယာဉ်များ၏ သက်တမ်းနှင့် စစ်ဆင်ရေးဆိုင်ရာ အရေးပါမှုကို ဆက်လက်တိုးချဲ့သွားမည်ဖြစ်သည်။ Saab ကုမ္ပဏီ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ Micael Johansson က ထိုင်းနိုင်ငံသည် Gripen ကို အသုံးပြုနေပြီးသား နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် လွတ်လပ်သောမဟာဗျူဟာမြောက်စွမ်းရည်ကို တည်ဆောက်ရန်အတွက် နောက်ဆုံးပေါ် မော်ဒယ်လ်ကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် Gripen E/F မော်ဒယ်လ်များ ထပ်မံဝင်ရောက်လာခြင်းဖြင့် ယခင် C/D မော်ဒယ်လ်များနှင့် နောက်ဆုံးပေါ် E-series၏ နည်းပညာအသစ်များကို ပေါင်းစပ်ထားသောလေယာဉ်မျိုးစုံတပ်ဖြန့်ထားသည့် လေယာဉ်အုပ်ကို ပိုင်ဆိုင်ထားနိုင်မည်ဖြစ်ရာ စစ်ဆင်ရေးဆိုင်ရာလုပ်ငန်းစဉ်များ ဆက်လက်လုပ်ဆောင်နိုင်ရုံသာမက စနစ်သစ်များကိုပါ မိတ်ဆက်ပေးနိုင်မည်ဖြစ်သည်။

Gripen တိုက်လေယာဉ်များသည် ထိုင်းနိုင်ငံတွင် စစ်မြေပြင်အတွေ့အကြုံကို ရရှိခဲ့ပြီး ၎င်းတို့၏ စစ်ဆင်ရေးသမိုင်းတွင် အရေးပါသော မှတ်တိုင်တစ်ခုကို စိုက်ထူနိုင်ခဲ့သည်။ ၂၀၂၅ ခုနှစ် ဇူလိုင် ၂၆ရက်တွင် ထိုင်း-ကမ္ဘောဒီးယား နယ်စပ်ပဋိပက္ခအတွင်း ထိုင်းတော်ဝင်လေတပ်၏ Gripen တိုက်လေယာဉ်များကို ပထမဆုံးအကြိမ် စစ်ပွဲတွင် စေလွှတ်အသုံးပြုခဲ့သည်။ ထိုတိုက်လေယာဉ်များသည် ကမ္ဘောဒီးယား စစ်ရေးပစ်မှတ်များကို တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိခဲ့ပြီး၊ ၎င်းသည် ထိုင်းနိုင်ငံက Gripen တိုက်လေယာဉ်များကို လက်နက်ကိုင်ပဋိပက္ခတွင် အသုံးပြုခဲ့ကြောင်း သိရသည်။

ဤစေလွှတ်အသုံးပြုမှုသည် ထိုင်းလေယာဉ်မှူးများနှင့် မြေပြင်ဝန်ထမ်းများအတွက် လက်တွေ့အတွေ့အကြုံများကို ပေးစွမ်းခဲ့သည့်အပြင် Gripen စနစ်သည် လက်တွေ့စစ်ဆင်ရေးများတွင် မည်သို့ပါဝင်ပတ်သက်သည်နှင့် ဒေသတွင်း လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို တုံ့ပြန်ရာတွင် မည်သို့ အထောက်အကူပြုသည်ကိုပါ ပြသနိုင်ခဲ့ကြသည်။ Gripen Eမော်ဒယ်ကို အဆင့်မြင့်ခြိမ်းခြောက်မှုများ တန်ပြန်ရန်နှင့် လေတပ်များတွင် ရေရှည်လိုက်လျောညီထွေမှု ရှိစေရန်အတွက် မျိုးဆက်သစ်စနစ်တစ်ခုအဖြစ် တီထွင်ခဲ့ကြောင်း သိရသည်။



**Breaking News: Saab confirms new order of Gripen E/F fighter jets by Thailand after combat success against Cambodia ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# နောင်ချိုမြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် တွေ့ဆုံအားပေး၍ ထောက်ပံ့ပစ္စည်းပေးအပ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၂၈

အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့သို့ သွားရောက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများကို သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့သို့ရောက်ရှိကြပြီး မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အကြမ်းဖက်သောင်းကျန်းသူများကြောင့် ယာယီနေရပ်စွန့်ခွာခဲ့ရပြီး နောင်ချိုမြို့သို့ ပြန်လည်ရောက်ရှိနေထိုင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အကြမ်းဖက်သောင်းကျန်းသူများကြောင့် အေးချမ်းတည်ငြိမ်လျက်ရှိသည့် မြို့ရွာများ များစွာပျက်စီးဆုံးရှုံးခဲ့ရသည့်အပြင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားမှုအခွင့်အလမ်းများ ဆုံးရှုံးခဲ့ရကြောင်း၊ နောင်ချိုမြို့အား တပ်မတော်က ပြန်လည်သိမ်းပိုက်ပြီးနောက် ယာယီနေရပ်စွန့်ခွာနေရသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား စနစ်တကျပြန်လည်လက်ခံကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပညာသင်ကြားရေးလုပ်ငန်းများကို အင်တိုက်အားတိုက် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း၊ တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ယခုအချိန်တွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြောင်း၊ နောင်ချိုမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဌာနဆိုင်ရာများနှင့်အတူ ပြည်သူလူထုအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ယခုနှစ်ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများအားလုံး မဲပေးခွင့်ရအောင် တာဝန်ရှိသူများက ဆောင်ရွက်ပေးရမည့်အပြင် ပြည်သူများအနေဖြင့်လည်း မဲပေးကြရန်လိုအပ်ပါကြောင်း၊ "ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ" အား အတည်ပြုပြဋ္ဌာန်းထားပြီးဖြစ်၍ ပြည်သူလူထုအနေဖြင့် ရွေးကောက်ပွဲအား နှောင့်ယှက်ဟန့်တားဖျက်ဆီးမည့်သူများကို ဥပဒေနှင့်အညီ ပူးပေါင်းဟန့်တားဆန့်ကျင်သွားရန်လိုအပ်ကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ်ဖျက်ဆီးခဲ့သည့် နေအိမ်များ၊ ရုံးဌာနအဆောက်အအုံများနှင့် လမ်းတံတားများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးဆောင်ရွက်ပေးနေသကဲ့သို့ ယခင်ကထက် ပိုမိုသာလွန်သောအခြေအနေသို့ ရောက်ရှိအောင် ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြစေလိုပါကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က နောင်ချိုမြို့နယ်အတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို အခြေခံစားသောက်ကုန် ငါးမျိုး ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြပြီး ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် ဒေသခံတိုင်းရင်းသားများကို ရင်းရင်းနှီးနှီးကြည့်ရှုအားပေးကာ ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် နောင်ချိုမြို့မရဲစခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကာ တပ်ဖွဲ့ဝင်၊ မိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြား၍ အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမသို့ ရောက်ရှိပြီး ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ နောင်ချိုမြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။


ထို့နောက် နောင်ချိုမြို့ဘူတာရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နောင်ချိုမြို့ တောင်ရပ်ကွက်ရှိ ဟော်တော်ကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအဂ္ဂိယသ အမှူးပြုသော နောင်ချိုမြို့ပေါ်ကျောင်း ၁၀ ကျောင်းမှ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ❑ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာနိုင်မှ

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**




## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

## လေဖိအားနည်းရပ်ဝန်း တဖြည်းဖြည်း အားလျော့သွားမည်

နေပြည်တော် ဩဂုတ် ၂၈

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ချက်တစ်ဂတ်ပြည်နယ်တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ချက်တစ်ဂတ်ပြည်နယ်အလယ်ပိုင်းသို့ ရောက်ရှိခဲ့သည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# ကရင်အမျိုးသားအစည်းအရုံး(Kayin National Union-KNU) လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့ကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**
**အမိန့်ကြော်ငြာစာအမှတ် ၁ /၂၀၂၅**
၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)
**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခြင်း**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (င)နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ကရင်အမျိုးသားအစည်းအရုံး (Kayin National Union-KNU) လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်မှုဖြစ်သည့် အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အခြေခံအဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာ ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများဖြစ်သည့် အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ လူနေထူထပ်သည့် မြို့ရွာများကို အဝေးမှနေ၍ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb များချ၍ တိုက်ခိုက်ခြင်း၊ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်း၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကို ဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို နိုင်ငံတော်အတွင်းအခြေပြု၍ အကြမ်းဖက်မှုများ ကျူးလွန်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ အထက်ပါအကြမ်းဖက်မှုများကို ကျူးလွန်လျက်ရှိသည့် ကရင်အမျိုးသားအစည်းအရုံး (Kayin National Union-KNU) ကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာလိုက်သည်။

ဥက္ကဋ္ဌ
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

# မတရားအသင်းအဖြစ် ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပြည်ထဲရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ် ၉၂/၂၀၂၅**
၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)
**မတရားအသင်းအဖြစ် ကြေညာခြင်း**

၁။ နိုင်ငံတော်ယာယီသမ္မတသည် ကရင်အမျိုးသားအစည်းအရုံး (Kayin National Union-KNU) နှင့် အဖွဲ့ဝင်များ၊ ယင်းအဖွဲ့က ဖွဲ့စည်းထားသောအဖွဲ့အစည်းများ၊ အဖွဲ့အစည်းများနှင့်ဆက်နွှယ်သည့် ပုဂ္ဂိုလ်များ၏ ရည်ရွယ်ချက်နှင့် လုပ်ရပ်များမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကိုလည်းကောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုလည်းကောင်း၊ အများပြည်သူတို့၏အေးချမ်းသာယာရေးကိုလည်းကောင်း အနှောင့်အယှက်အန္တရာယ်ဖြစ်စေသည်ဟု ယုံကြည်ယူဆသည်။

၂။ သို့ဖြစ်ပါ၍ နိုင်ငံတော်ယာယီသမ္မတသည် မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၆ အရ အထက်ဖော်ပြပါ အဖွဲ့၊ ယင်းအဖွဲ့က ဖွဲ့စည်းထားသော အဖွဲ့အစည်းများကို မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(၂)ပါ အဓိပ္ပာယ်ဖော်ပြချက်များနှင့်အညီ မတရားအသင်းအဖြစ် ကြေညာလိုက်သည်။

**အမိန့်အရ**

**ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်**
**ပြည်ထောင်စုဝန်ကြီး**
**ပြည်ထဲရေးဝန်ကြီးဌာန**

# သံအမတ်ကြီး ဦးကျော်တင်ရှိန်အား မော်ရိုကိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဩဂုတ် ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်တင်ရှိန်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် မော်ရိုကိုနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# သံအမတ်ကြီး ဦးကျော်တင်ရှိန်အား အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဩဂုတ် ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးကျော်တင်ရှိန်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေဘေးရှောင်ပြည်သူများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တွေ့ဆုံအားပေးထောက်ပံ့

**နေပြည်တော် ဩဂုတ် ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့သည် ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေတိုက်စားမှုကြောင့် နတ်မသောက်ချောင်းတံတား အရှည် ၂၅ ပေ၊ အကျယ် ၁၈ ပေ၊ အမြင့် ၁၂ ပေနှင့် တောင်ပို့သာကျေးရွာနှင့် အုန်းပင်ကျေးရွာကြားရှိ ဘေလီတံတား (ယာယီ)အရှည်ပေ ၁၃၀၊ အကျယ် ၁၂ ပေ တံတားပျက်စီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုပြီး ပြုပြင်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။



ထိုမှတစ်ဆင့် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာ ကိုးခန်းကြီးဘုန်းကြီးကျောင်း ရေဘေးရှောင်စုရပ်သို့ သွားရောက်၍ ဆန်ရိက္ခာဖိုး၊ စောင်နှင့် သောက်ရေသန့်များကို ထောက်ပံ့ပေးအပ်ပြီး ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒုံရီ(မြန်မာ)ကုမ္ပဏီက လှူဒါန်းသော ငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ် သိန်း ၃၆၀ ကို လက်ခံရယူပြီး အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိများသည် လယ်ဝေးမြို့နယ် ဂိုဏ်းထောက်ဘုန်းကြီးကျောင်း ရေဘေးရှောင်စခန်းသို့သွားရောက်၍ ရေဘေးသင့်ပြည်သူများကို ဆန်ရိက္ခာဖိုး၊ စောင်၊ ရေသန့်၊ ကြက်ဥအစရှိသည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကြပြီး ရေဘေးရှောင်ပြည်သူများအား ကျန်းမာရေးဆိုင်ရာနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားကာ ရင်းရင်းနှီးနှီး အားပေးနှုတ်ဆက်သည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် ပိတောက်ချောင်ဘုန်းကြီးကျောင်း ရေဘေးရှောင်စခန်းသို့ ဆက်လက်သွားရောက်ကာ ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာဖိုး၊ စောင်၊ ရေသန့်၊ ကြက်ဥအစရှိသည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပြီး ကျေးရွာများအလိုက် ရေဝင်ရောက်မှုအခြေအနေများ၊ ရပ်ကွက်ကျေးရွာများ၏ သန့်ရှင်းသာယာလှပရေးနှင့် တစ်ကိုယ်ရေကျန်းမာရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်များကို မှာကြားကြပြီး လိုအပ်ချက်များ မေးမြန်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ပျဉ်းမနားမြို့ အုန်းတောဘုန်းတော်ကြီးကျောင်း ရေဘေးရှောင်စုရပ်သို့ ရောက်ရှိကာ စောင်၊ ဆန်ရိက္ခာ၊ ခေါက်ဆွဲခြောက်၊ သောက်သုံးရေသန့်များကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့ပြီး အားပေးစကားပြောကြားသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း လတ်တလောဖြစ်ပွားနေသော ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနခွင့်ပြုရံပုံငွေမှ ငွေကျပ် ၃၄၄ သိန်းကျော်တန်ဖိုးရှိ စောင်၊ ဆန်ရိက္ခာ၊ ခေါက်ဆွဲခြောက်၊ သောက်သုံးရေသန့်၊ မိုးကာလိပ် အစရှိသည့် ထောက်ပံ့မှုများ ဆောင်ရွက်ပေးထားသည့်အပြင် လိုအပ်သည်များကို ဆက်လက်ထောက်ပံ့ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် နေပြည်တော်ကောင်စီ သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်အနေဖြင့်လည်း ရေဘေးသင့်ပြည်သူများ လတ်တလောနေထိုင်စားသောက်ရေး၊ ကျန်းမာရေး အစရှိသည်တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရှေ့ဖုံးမှအဆက်**

အခမ်းအနားသို့ တက်ရောက်လာကြသည့် အခြားနိုင်ငံ့ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တရုတ်နိုင်ငံရှိ အထင်ကရနေရာများအား ကြည့်ရှုလေ့လာခြင်း၊ ပညာရေးကဏ္ဍ၊ စက်မှုကုန်ထုတ်လုပ်ငန်းကဏ္ဍ၊ စီးပွားရေးကဏ္ဍ စသည်တို့ကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# MSME ဆိုတာ ဘာလဲ

ကိုချင်း

MSME (Micro, Small and Medium Enterprises)ကို မြန်မာလိုဆိုရမည်ဆိုပါက **"အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ"**ဟု ဆိုနိုင်ပြီး လူအများနားလည်အောင် ယခုကဲ့သို့ ရှင်းပြနိုင်ပါသည်-

"MSME ဆိုသည်မှာ **ကုန်ထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုပေးခြင်း၊ ကုန်ပစ္စည်းရောင်းဝယ်ခြင်း** လုပ်ကိုင်နေကြသော အသေးစားလုပ်ငန်းများနှင့် လက်လီဆိုင်များမှအစ အသေးစားထုတ်လုပ်ရေး စက်ရုံတွေအဆုံး အားလုံးကိုခြုံငုံခေါ်ဆိုခြင်းဖြစ်ပါသည်။" ဤလုပ်ငန်းများသည် **စီးပွားရေးအပြင် အလုပ်အကိုင် အခွင့်အလမ်းပေးခြင်း** အတွက်ပါ အလွန်အရေးကြီးပါသည်။

နိုင်ငံတိုင်းက MSME များကို အားပေးကြသော အဓိကအကြောင်းရင်းမှာ ယင်းလုပ်ငန်းများသည် နိုင်ငံ့စီးပွားရေး၏ **"အဓိကကျောရိုး"** ဖြစ်နေသောကြောင့်ပင်ဖြစ်ပါသည်။

**"နိုင်ငံတစ်နိုင်ငံမှာ ကားတွေ၊ အဆောက်အအုံကြီးတွေချည်းပဲရှိပြီး လမ်းဘေးမှာ လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှမရှိဘူး၊ ကားပြင်ဆိုင်မရှိဘူး၊ ဈေးသည်တွေမရှိဘူးဆိုရင် ဘယ်လိုဖြစ်နိုင်မလဲ။ လူတွေနေထိုင်လို့မဖြစ်နိုင်ဘူး မဟုတ်လား။ MSME တွေဟာ လူနေမှုဘဝရဲ့ အခြေခံအုတ်မြစ်တွေဖြစ်ပြီး နိုင်ငံ့စီးပွားရေးအတွက် အောက်ပါအကြောင်းတွေကြောင့် အလွန်အရေးကြီးလို့ နိုင်ငံတိုင်းက မပါမဖြစ် အားပေးကြတာပါ။"**

အသေးစိတ်ရှင်းပြရမည်ဆိုပါက-

၁။ **အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်း**

စက်ရုံကြီးတစ်ခုကအလုပ်သမား ၅၀၀ ပဲခန့်နိုင်မည်။ သို့သော်လည်း MSME ၅၀၀ မှ အလုပ်သမား ထောင်နှင့်ချီ၍ ခန့်ထားနိုင်ပါသည်။ နိုင်ငံတကာ စာရင်းများအရ MSME များသည် **အလုပ်အကိုင် ၇၀-၉၀%** ကို ဖန်တီးပေးနိုင်စွမ်းရှိပါသည်။ MSME များသည် လူငယ်များ၊ ပညာတတ်များ၊ ကျေးလက်နေလူတန်းစားများအတွက် အလုပ်အကိုင်ရရှိရန် အဓိကလမ်းကြောင်းပင် ဖြစ်ပါသည်။

၂။ **စီးပွားရေးတည်ငြိမ်မှုရှိခြင်း**

နိုင်ငံခြားကုမ္ပဏီကြီးများက စီးပွားရေး မကောင်းလျှင် ထွက်သွားနိုင်သော်လည်း ဒေသခံ MSME များမှာမူ ဘယ်လိုအခြေအနေမျိုးမှာဖြစ်ဖြစ် ဤနေရာမှာပဲ နေထိုင်လုပ်ကိုင်ကြမည်ဖြစ်ပြီး ၎င်းတို့သည် စီးပွားရေးအတွက် **"ချိတ်ဆက်တံတား"** ကဲ့သို့ပင် ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

၃။ **ဆန်းသစ်တီထွင်မှုများ ပေါ်ထွက်လာနိုင်ခြင်း**

လုပ်ငန်းကြီး၊ ကုမ္ပဏီကြီးများတွင် စည်းကမ်းများပြီး ဆန်းသစ်မှုများ နှေးကွေးနေတတ်သော်လည်း MSME လုပ်ငန်းများမှာ ဈေးကွက်လိုအပ်ချက်ကို မြန်မြန်သိပြီး ပြောင်းလဲနိုင်စွမ်း မြင့်မားခြင်း၊ နည်းပညာအသစ်၊ ဝန်ဆောင်မှုအသစ်၊ ထုတ်ကုန်အသစ်များကို ရဲရဲတင်းတင်းစမ်းသပ်နိုင်ကြပါသည်။ ဥပမာ - Google၊ Apple တို့ကဲ့သို့ ကုမ္ပဏီကြီးများသည်လည်း MSME ကဲ့သို့ အသေးစားမှ စတင်ခဲ့ခြင်း ဖြစ်ပါသည်။

၄။ **ဝင်ငွေညီမျှမှုကို မြှင့်တင်ပေးခြင်း**

ဒေသထွက်ကုန်ကြမ်းများကို ဒေသခံများကသာ လုပ်ကိုင်ပြီး တန်ဖိုးမြှင့် ထုတ်လုပ်နိုင်သဖြင့် ငွေကြေးအင်အား အနည်းငယ်သာရှိသူများကိုပင် စီးပွားရေးစတင်ဆောင်ရွက်နိုင်အောင် အခွင့်အလမ်းများပေးပါသည်။ ဤအရာသည် ဆင်းရဲနွမ်းပါးမှုကို လျှော့ချရာ၌ အထိရောက်ဆုံးနည်းလမ်းတစ်ခုပင် ဖြစ်ပါသည်။

၅။ **နိုင်ငံခြားဝင်ငွေရရှိစေခြင်း**

MSME များသည် ပြည်တွင်းတွင်ထုတ်လုပ်သည့် လက်မှုပစ္စည်းလုပ်ငန်း၊ ခရီးသွားဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း၊ ရေခဲမုန့်လုပ်ငန်း စသည့် အသေးစားလုပ်ငန်းများ၏ တင်ပို့ရောင်းချမှုမှတစ်ဆင့် နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်ပါသည်။

**အချုပ်ဆိုရသော်** MSME များသည် စီးပွားရေးကို စတင်သည့် အင်ဂျင်များဖြစ်ပြီး ယင်းတို့သည် လူမှုရေးတည်ငြိမ်မှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆန်းသစ်တီထွင်မှုအတွက် အခြေခံအုတ်မြစ်ကို ချပေးပါသည်။ ထို့ကြောင့် နိုင်ငံတကာတွင် MSME များကို ငွေကြေးထောက်ပံ့ခြင်း၊ အတိုးနှုန်းများ လျှော့ချခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းနှင့် ဥပဒေရေးရာ အထောက်အပံ့များပေးခြင်းတို့ကို ပံ့ပိုးကူညီပေးနေကြခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံအတွက်မူ MSME ကို ဖွံ့ဖြိုးအောင် လုပ်ဆောင်သည့်နေရာတွင် အခြားနိုင်ငံများနှင့်မတူဘဲ စိုက်ပျိုးရေးနှင့်ဆက်စပ်သောလုပ်ငန်းများကို အဓိကထားစဉ်းစားဆောင်ရွက်ပေးနေခြင်းပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် MSME များကို အောင်မြင်အောင် လုပ်ဆောင်ရာမှာ ကျွန်တော်တို့၏ **အားသာချက်ဖြစ်သော စိုက်ပျိုးရေးမှ စတင်ရမည်ဖြစ်ပါသည်။ လယ်ယာထွက်ကုန်တွေကို မူလအတိုင်း ရောင်းချခြင်းထက် ပြုပြင်ပြီး တန်ဖိုးမြှင့်(Value Added) ထုတ်လုပ်ကာ ဈေးကွက်ရှာဖွေဆောင်ရွက်နိုင်ခြင်း**သည် အောင်မြင်မှု၏ အဓိကသော့ချက်ပင် ဖြစ်ပါသည်။

**အသေးစိတ်လုပ်ဆောင်နိုင်သည့် နည်းလမ်းများမှာ-**

၁။ **စိုက်ပျိုးရေးဆိုင်ရာ MSME (Agri-based SMEs)**များကို **ဦးစားပေးဖွံ့ဖြိုးအောင် လုပ်ဆောင်ခြင်း**ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဥပမာ- ခရမ်းချဉ်၊ ငရုတ်၊ ကြက်သွန်နီ၊ သစ်သီးဝလံများကို **သီးနှံအခြောက်ခံခြင်း**၊ ငါးပိ၊ ငါးခြောက်၊ သစ်သီးယိုများ၊ ရှမ်းခေါက်ဆွဲ၊ မြန်မာ့ဆန်မှုန့်နှင့် ပြုလုပ်သော မုန့်မျိုးစုံကို ကျန်းမာရေးနှင့်ညီညွတ်ပြီး ထုပ်ပိုးမှုသေသပ်လှပအောင် လုပ်ဆောင်ပြီး ပြည်တွင်း/ပြည်ပဈေးကွက်ကို တင်ပို့နိုင်သည့် **အဆင့်မြင့်စားသောက်ကုန် ထုတ်လုပ်ခြင်း၊** လယ်ယာစွန့်ပစ်ပစ္စည်းများ (ဖွဲ၊ ကောက်ရိုး၊ မြက် စသည်)ကို အသုံးပြုပြီး အော်ဂဲနစ်မြေသြဇာလုပ်ငန်းကို လုပ်ကိုင်ခြင်းဖြင့် ကုန်ကျစရိတ်သက်သာစေပြီး ပတ်ဝန်းကျင်ကိုပါ ကာကွယ်ရာရောက်သည့် **ဇီဝမြေသြဇာလုပ်ငန်းများ ဆောင်ရွက်ခြင်း။**

၂။ **စိုက်ပျိုးရေးနောက်ဆက်တွဲ ဝန်ဆောင်မှု လုပ်ငန်းများ**ဖြစ်သည့် လယ်သမားများအတွက် တန်ဖိုးကြီးစက်ယန္တရားများ (စပါးစိုက်စက်၊ ရိတ်သိမ်းစက်)ကို ဝယ်ယူရန် မတတ်နိုင်သည့်အခါ နာရီ/ရက်အလိုက် ငှားရမ်းပေးသည့် **လယ်ယာသုံးပစ္စည်းငှားရမ်းခြင်းလုပ်ငန်း၊** ကျေးရွာမှ ထွက်ကုန်များကို ဈေးကွက်ရှိရာသို့ ချိတ်ဆက်ပို့ဆောင်ပေးသည့် **သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့်** သီးနှံသိုလှောင်ရုံများဆောက်လုပ်ပြီး **သိုလှောင်ရေးလုပ်ငန်းများ**ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ **ကျေးလက်ဒေသအခြေပြု ခရီးသွားလုပ်ငန်း**ဖြစ်သည့် ကျေးလက်သဘာဝ အတွေ့အကြုံကို ခံစားလိုသော ခရီးသွားများအတွက် ကျေးရွာများတွင် အိမ်တွင်းမှီခိုနေထိုင်မှုစနစ်ဖြင့် ဝန်ဆောင်မှုပေးသော **ကျေးရွာခရီးသွားလုပ်ငန်း၊** လူအများကို လယ်ယာလုပ်ငန်းခွင်ထဲသို့ခေါ်ပြီး စပါးစိုက်ပျိုးမှုအားကြည့်ရှုခြင်း၊ သီးနှံခူးဆွတ်မှုအား ခွင့်ပြုခြင်း စသည်ဖြင့် အတွေ့အကြုံရရှိနိုင်သော **စိုက်ပျိုးရေးအတွေ့အကြုံ ခရီးသွားအစီအစဉ်**များကို စီစဉ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ **ဒေသထွက်ပစ္စည်းများကို အခြေခံသော လက်မှုလုပ်ငန်းများ**ဖြစ်သည့် ဒေသခံအမျိုးသမီးများဖြင့် ရက်လုပ်ပြီး ဒေသထုတ်အထည်များ (ဥပမာ- အင်းလေးထည်၊ ကရင်အင်္ကျီ) ရက်လုပ်ရောင်းချသော**ချည်ထည်နှင့် ရက်ကန်းလုပ်ငန်း၊** ဒေသထွက်ကုန်ကြမ်းများကိုအသုံးပြုပြီး ခေတ်မီဒီဇိုင်းများဖြင့် အိမ်သုံးပစ္စည်း၊ အလှဆင်ပစ္စည်းများ ထုတ်လုပ်သော **သစ်၊ ဝါး၊ ကြိမ်များဖြင့် ပြုလုပ်သည့် ဒေသထွက်ပစ္စည်းလုပ်ငန်း** စသည်တို့ကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။

**အောင်မြင်မှုအတွက် အဓိကသော့ချက်များ အနေဖြင့်-**

၁။ ကျေးရွာတစ်ရွာလုံး စုပေါင်းပြီး ကုန်ထုတ်လုပ်မှုအသင်းဖွဲ့စည်းကာ **ပူးပေါင်းဆောင်ရွက်**လုပ်ကိုင်ခြင်းဖြင့် ဈေးကွက်တင်ပို့နိုင်စွမ်း ပိုမိုများပြားလာမည်ဖြစ်ခြင်း။

၂။ **ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုပြီး မိမိထုတ်ကုန်**များကို တိုက်ရိုက်ကြော်ငြာရောင်းချပြီး အွန်လိုင်းမှတစ်ဆင့် ပြည်တွင်း ပြည်ပ ဈေးကွက်ရှာဖွေနိုင်ခြင်း။

၃။ ထုတ်ကုန်များ၏ **အရည်အသွေးမီခြင်း၊ ထုပ်ပိုးမှု သေသပ်လှပခြင်းများဖြင့် ဈေးနှုန်း** ပိုမိုရရှိနိုင်ခြင်းတို့ပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် **မိမိတို့၏ စိုက်ပျိုးရေးဆိုင်ရာ အားသာချက်များကို အခြေခံပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မည့်** MSME များကို ဦးစားပေးဖွံ့ဖြိုးအောင် ဆောင်ရွက်မည်ဆိုပါက ကျေးလက်စီးပွားရေးကို ကြီးမားစွာတိုးတက်လာစေမည်မှာ မလွဲဧကန်ဖြစ်ပါသည်။

**"နိုင်ငံတော် ရွှေသီးဖို့၊ ကုန်ထုတ်လုပ်မှုအားပေးစို့"**ဆိုသည့် ဆောင်ပုဒ်သည် MSME ကဏ္ဍကို ဗဟိုပြုပြီး အလွန်ကောင်းမွန်သော လမ်းညွှန်မှုပေးခြင်းဖြစ်ပါသည်။ ဤဆောင်ပုဒ်၏ အနှစ်သာရကို ထိထိမိမိဖော်ဆောင်နိုင်မည့် နည်းဗျူဟာများကို အောက်ပါအတိုင်း ချမှတ်နိုင်ပါသည်-

ရွှေသီးရန် **မြန်မာ့ရိုးရာစားဖွယ်တစ်ခုအဖြစ် ပြည်တွင်းထွက်ကုန်ကြမ်း (ဆန်/ထမင်း)ကို ပြုပြင်ပြောင်းလဲပြီး တန်ဖိုးမြှင့်ထုတ်ကုန် (Value-Added Product)**အဖြစ် ရောင်းချသည့် သာဓကတစ်ခုအဖြစ် ရှုမြင်နိုင်ပါသည်။ ဤသို့သော ပြုပြင်မှုလုပ်ငန်းစဉ်များကို MSME များက လုပ်ဆောင်နိုင်ပြီး နိုင်ငံအတွင်း ထုတ်လုပ်မှုကို အမှန်တကယ်အားပေးရာ ရောက်ပါသည်။

ဤဆောင်ပုဒ်နှင့်အညီ MSME များကို အောက်ပါအတိုင်း လုပ်ဆောင်သင့်ပါသည်-

၁။ **စားသောက်ကုန်ကဏ္ဍကို စံနမူနာထား တိုးချဲ့ခြင်း**

(က) **ဒေသအလိုက် ရိုးရာအစားအစာများကို စက်ဖြင့်တွဲဖက်လုပ်ကိုင်ခြင်း။** ရွှေသီးသကဲ့သို့ မြန်မာ့ရိုးရာမုန့်ပဲသရေစာများကို MSME များက လက်ရာမပျက် ကျန်းမာရေးနှင့်ညီညွတ်ကာ ထုပ်ပိုးမှုသေသပ်လှပစွာဖြင့် လုပ်ဆောင်နိုင်ပါသည်။ (ဥပမာ - မုန့်ဆန်း၊ ပဲပြား စသည်)

(ခ) **ဒေသထွက်ပစ္စည်းများကို အခြေခံသော ထုတ်ကုန်များ။** ကျေးရွာတိုင်းလိုလိုတွင် ထူးခြားသော သီးနှံများ ရှိတတ်ပါသည်။ ယင်းထွက်ကုန်တွေကို ရွှေသီးလိုပြုပြင်ပြီး ဒေသတွင်းထုတ်ကုန်အဖြစ် သတ်မှတ်ကာ ရောင်းချနိုင်ပါသည်။ (ဥပမာ-တောင်ကြီးမှ ကြံသကာနှင့် ရေးမြို့မှ ဒူးရင်း)

စာမျက်နှာ ၁၉ သို့

MSME **ဆိုသည်မှာ ကုန်ထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုပေးခြင်း၊ ကုန်ပစ္စည်းရောင်းဝယ်ခြင်း လုပ်ကိုင်နေကြသော အသေးစား လုပ်ငန်းများနှင့် လက်လီဆိုင်များမှအစ အသေးစား ထုတ်လုပ်ရေးစက်ရုံတွေအဆုံး အားလုံးကို ခြုံငုံခေါ်ဆိုခြင်းဖြစ် ဤလုပ်ငန်းများသည် စီးပွားရေးအပြင် အလုပ်အကိုင်အခွင့် အလမ်းပေးခြင်းအတွက်ပါ အလွန်အရေးကြီး**



အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ကောင်စီ နယ်မြေ ဒက္ခိဏသီရိမြို့နယ်၌ ၂၀၂၄ ခုနှစ် မေ ၁ ရက်မှ ၅ ရက်အထိ ကျင်းပစဉ်။

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပမည့် ပြိုင်ပွဲအဆင့်နှင့်ဘာသာရပ်များ ထုတ်ပြန်ကြေညာ

*(ယမန်နေ့မှအဆက်)*

### "မယ်ဒလင်" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် လျာထားသည့် တေးသီချင်းများ

၁။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဘုံဆောင်မြင့် (ကြိုး)
(ခ) အန္တရာယ်ကင်း ဂီတာဦးစိမ်းမောင်(ကာလပေါ်)
(ဂ) ထွေထွေဆန်းဆန်း (ယိုးဒယား)

၂။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) မင်္ဂလာသီရိ (ဘွဲ့)
(ခ) ပွင့်ဦး (ကာလပေါ်)
(ဂ) နန်းဘုံသီဟာဘွေ (ယိုးဒယား)

၃။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဝေဘာဂီရိ (ကြိုး)
(ခ) ဝိဇ္ဇာတောလား (ယိုးဒယား)
(ဂ) မေတ္တာဖြန်းမှ လန်းဆန်းမယ် (ကာလပေါ်)

### "ဂီတာ" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် လျာထားသည့် တေးသီချင်းများ

၁။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဆန်းနွေဦး (ယိုးဒယား)
(ခ) ဂုဏ်မြင့်သူ (ကာလပေါ်)(ပြည်လှဖေ)
(ဂ) ဘုံဆောင်မြင့် (ကြိုး)

၂။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) စက်လဲပျော်ပါနိုင် (ယိုးဒယား)
(ခ) စံပယ် (ကာလပေါ်)
(ဂ) သီလာမြေယံ (ကြိုး)

၃။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) သာယာသာယာ (ကြိုး)
(ခ) အိုလျှံညီးလင်း (ယိုးဒယား)
(ဂ) ချစ်နှင်းမှုံမှုံ (ကာလပေါ်)

### "ဒိုမင်း" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် လျာထားသည့် တေးသီချင်းများ

၁။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) နှလုံးသားကို အလှဆင်မယ် (ကာလပေါ်)
(ခ) ဘုန်းမိုးရွာ စွေသွန်းဖြန်း (ကြိုး)
(ဂ) မြိုင်ကြီးဟေမာ (ယိုးဒယား)

၂။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဆန်းဆန်းသဥ္ဇာ ကြာညောင် (ယိုးဒယား)
(ခ) အနန္တငါးဖြာ (ကာလပေါ်)
(ဂ) ဝေဇယန်နှင့် နှန်းပြား (ကြိုး)

၃။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) စိမ်းလွဲ့လွဲ့ညိုပြာ (ကြိုး)
(ခ) မဟာဇနက (ကာလပေါ်)
(ဂ) မြိုင်ဟေမာ (ယိုးဒယား)

### "ဆိုင်းတစ်ဦးချင်း" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် လျာထားသည့် တေးသီချင်းများ

၁။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဆွတ်ဖြန်းငယ်လေ (ကြိုး)
(ခ) မြန်မြေနယ် ဇမ္ဗူဘောင် (မြင်းခင်း)
(ဂ) ကုဏ္ဍလာ (ယိုးဒယား)

၂။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) တောဟေဝန်လယ် (ယိုးဒယား)
(ခ) ယမုန်နာ (ပတ်ပျိုး)
(ဂ) မင်းလမ်းစပ်ကာ (ကြိုး)

၃။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ရွှေဘုန်းရွှေဘုန်း (ကြိုး)
(ခ) စိမ်းလွဲ့လွဲ့ညိုပြာ (ကြိုး)
(ဂ) မြမန်းဂီရိ (ယိုးဒယား)

---

စာမျက်နှာ ၁၈ မှအဆက်

၂။ **"ကုန်ထုတ်လုပ်မှုကိုအားပေးစို့" ဆိုသော ဦးတည်ချက်နှင့် လမ်းကြောင်းသတ်မှတ်ခြင်း**

(က) **ပြည်ပမှီခိုမှုလျှော့ချခြင်း။** နေ့စဉ်လူသုံးကုန်များ (ဆပ်ပြာ၊ အချိုရည်၊ မုန့်ပဲသရေစာ)ကို ပြည်တွင်း၌ထုတ်လုပ်နိုင်အောင် MSME များကို အားပေးရမည်ဖြစ်ပါသည်။ ရွှေသီးကို ပြည်ပက ဝယ်စရာမလိုဘဲ ပြည်တွင်းမှာပဲ ထုတ်လုပ်နိုင်သကဲ့သို့ဖြစ်ပါသည်။

(ခ) **သွင်းကုန်အစား ပြည်တွင်းထုတ်ကုန်ကို ဦးစားပေးရွေးချယ်စေရန် စည်းရုံးခြင်း (Import Substitution)။ "ရွှေသီးကဲ့သို့ မြန်မာ့ထုတ်ကုန်များကို ဝယ်ယူသုံးစွဲကြပါစို့" ဆိုသော** စည်းရုံးမှုကို လူမှုကွန်ရက်များမှတစ်ဆင့် စည်းရုံးနိုင်ပါသည်။

၃။ **"နိုင်ငံတော် ရွှေသီးဖို့"ဆိုသည့် ရည်မှန်းချက်အတွက် လမ်းခင်းပေးခြင်း**

(က) **ကျေးရွာအဆင့် စက်မှုဇုန်ငယ်များ ထူထောင်ခြင်း။** ကျေးရွာများတွင် လယ်ယာထွက်ကုန်များကို အခြောက်ခံသည့်စက်၊ ကြိတ်ခွဲသည့်စက် စသည်တို့ကို ကျေးရွာသားများအားလုံး အသုံးပြုနိုင်သော "စိုက်ပျိုးရေးဆိုင်ရာ စက်မှုဝန်ဆောင်မှုစင်တာ"များ တည်ထောင်ပေးရမည် ဖြစ်ပါသည်။

(ခ) **ဒစ်ဂျစ်တယ်နည်းပညာနှင့် ချိတ်ဆက်ပေးခြင်း။** ကျေးရွာထွက်ကုန်များကို အွန်လိုင်းမှတစ်ဆင့် တင်ရောင်းနိုင်အောင် ကျေးလက်ဒေသအထိ အင်တာနက်ရောက်ရှိအောင် လုပ်ဆောင်ပြီး ရွှေသီးကို ကျေးလက်ကထုတ်လုပ်ပြီး ရန်ကုန်က အမှာစာတင်နိုင်ပြီဆိုပါက ဤအရာသည် "ရွှေသီး" မည့် အောင်မြင်မှုတစ်ခုပင်ဖြစ်ပါသည်။

၄။ **အစိုးရ/အဖွဲ့အစည်းများဘက်က လုပ်ဆောင်ရမည့်အချက်များ**

(က) **ငွေကြေးဆိုင်ရာ အထောက်အပံ့။** MSME များအတွက် အတိုးနှုန်းချိုသာသော ချေးငွေများ ထုတ်ပေးနိုင်ရန် လိုအပ်ပါသည်။ ရွှေသီးထုတ်စက်ကဲ့သို့ စက်ပစ္စည်းများဝယ်ယူရန် ငွေကြေးပံ့ပိုးကူညီပေးခြင်းဖြင့် ထုတ်လုပ်မှုကို အားပေးရာရောက်ပါသည်။

(ခ) **အတားအဆီးဖြေရှင်းပေးခြင်း။** ကျေးရွာထွက်ကုန်များ မြို့ပြဈေးကွက်သို့ ရောက်ရှိရန် လမ်းပန်းဆက်သွယ်ရေး၊ ခွင့်ပြုချက်ယူရသော စီးပွားရေးလုပ်ငန်းစဉ်များကို ရိုးရှင်းလွယ်ကူအောင် လုပ်ဆောင်ပေးရန် လိုအပ်ပါသည်။

> **"နိုင်ငံတော်ရွှေသီးဖို့၊ ကုန်ထုတ်လုပ်မှုကို အားပေးစို့" ဆိုသည့် ဆောင်ပုဒ်သည် MSME များအတွက် ပြည်တွင်းထုတ်ကုန်များကို တန်ဖိုးမြှင့်တင်ရန်နှင့် ပြည်ပမှီခိုမှုလျှော့ချရန် အသိပေးနေသကဲ့သို့ ဖြစ်ပါသည်။ ဤဆောင်ပုဒ်အတိုင်း လုပ်ဆောင်သွားမည်ဆိုပါက ကျေးရွာများတွင် စီးပွားရေးအသက်ဝင်လာပြီး နိုင်ငံတစ်ခုလုံး စီးပွားရေးတိုးတက်လာမည်မှာ အမှန်ပင်ဖြစ်ပါသည်။**

**"နိုင်ငံတော်ရွှေသီးဖို့၊ ကုန်ထုတ်လုပ်မှုကို အားပေးစို့"**ဆိုသည့်ဆောင်ပုဒ်သည် MSME များအတွက် ပြည်တွင်းထုတ်ကုန်များကို တန်ဖိုးမြှင့်တင်ရန်နှင့် ပြည်ပမှီခိုမှုလျှော့ချရန် အသိပေးနေသကဲ့သို့ ဖြစ်ပါသည်။ ဤဆောင်ပုဒ်အတိုင်း လုပ်ဆောင်သွားမည်ဆိုပါက ကျေးရွာများတွင် စီးပွားရေးအသက်ဝင်လာပြီး နိုင်ငံတစ်ခုလုံး စီးပွားရေးတိုးတက်လာမည်မှာ အမှန်ပင်ဖြစ်ပါသည်။

လယ်ယာကဏ္ဍတွင် ခေတ်ပညာတတ် လူငယ်များနှင့် တောင်သူများကိုပေါင်းစည်းပြီး MSME များ ဖြစ်ထွန်းလာစေခြင်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးအနာဂတ်အတွက် သော့ချက်ပင်ဖြစ်ပါသည်။

"ခေတ်ပညာတတ်လူငယ်များတွင် **ဈေးကွက်ဗျူဟာ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုတို့ ရှိပါသည်။** တောင်သူလယ်သမားများတွင် **မြေယာနှင့်ပတ်သက်သည့်အတွေ့အကြုံ၊ လုပ်ငန်းသဘောသဘာဝ** အပေါ် နားလည်တတ်ကျွမ်းမှုရှိပါသည်။ ထိုအရည်အချင်းနှစ်မျိုးကို **'တစ်ပေါင်းတစ်စည်းတည်း'** ဖြစ်အောင် ပေါင်းစပ်နိုင်မည်ဆိုပါက အင်အားအလွန်ပင်ကြီးလာမည်ဖြစ်ပါသည်။ ဤသို့ ပေါင်းစည်းနိုင်ရန် လူငယ်များဘက်ကလည်း စိတ်ဝင်စားလာအောင်၊ တောင်သူများဘက်ကလည်း ယုံကြည်လက်ခံလာအောင် ပြုလုပ်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။"

ဤသို့ စည်းရုံးဆောင်ရွက်ရာမှာ လက်တွေ့ကျသော နည်းဗျူဟာများအနေဖြင့် -

၁။ **စိတ်ဓာတ်မြင့်ကွင်းပြောင်းပေးခြင်း**

(က) **လူငယ်များကို** "စိုက်ပျိုးရေးဆိုသည်မှာ ညစ်ပတ်ပြီး ပင်ပန်းသည့် အလုပ်မဟုတ်ဘဲ ယခုခေတ်တွင် Agripreneur (စိုက်ပျိုးရေးဆန်းသစ်တီထွင်လုပ်ငန်းရှင်)များ ဖြစ်လာနိုင်ကြောင်း၊ အင်တာနက်မှတစ်ဆင့် ကုန်စည်ရောင်းဝယ်နိုင်ခြင်း၊ ကိုယ်ပိုင်အမှတ်တံဆိပ်နှင့်ထုပ်ပိုးပြီး ပြည်ပတင်ပို့နိုင်ခြင်း စသည်ဖြင့် ခေတ်မီသော စီးပွားရေးလုပ်ငန်းခွင်ဖြစ်ကြောင်း သတင်းစကားများကို ပေးရမည်ဖြစ်ပါသည်။

(ခ) **တောင်သူများအား** ပညာတတ်လူငယ် သမီး/သားများက ထွက်ကုန်ကို ဈေးပိုမိုရရှိနိုင်အောင်၊ ပြည်ပသို့ရောက်အောင် ပို့ဆောင်ပေးနိုင်သော **"ဒစ်ဂျစ်တယ်လက်နက်"**များရှိကြောင်း ရှင်းပြပေးရမည်ဖြစ်ပါသည်။

၂။ **လက်တွေ့ကျသော စမ်းသပ်စရာနမူနာများ ဖန်တီးပြခြင်း**

(က) **အောင်မြင်မှုဖြစ်စဉ်များကို မျှဝေခြင်း။** ဥပမာအားဖြင့် ကျေးရွာတစ်ရွာမှ လူငယ်နှင့်တောင်သူများ စုပေါင်းထုတ်လုပ်ဆောင်ရွက်သည့် ခရမ်းချဉ်သီးခြောက်လုပ်ငန်း အောင်မြင်လာသည့်အကြောင်း၊ အွန်လိုင်းမှတစ်ဆင့်ရောင်းချခြင်းဖြင့် ဝင်ငွေတိုးလာခြင်းအကြောင်း စသည့် အောင်မြင်မှုပုံရိပ်များကို ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ဖြန့်ဝေပေးနိုင်ပါသည်။

(ခ) **စမ်းသပ်ခြံစိုက်ခင်း ဖွင့်လှစ်ပေးခြင်း။** ကျေးရွာများတွင် နည်းပညာသုံးပြီး စိုက်ပျိုးမည့် စမ်းသပ်ခြံကြီးတစ်ခုပြုလုပ်ကာ လူငယ်များက နည်းပညာပိုင်းကို ကြည့်ရှုစောင့်ရှောက်ခြင်းဖြင့်လည်းကောင်း၊ တောင်သူများက စိုက်ပျိုးရေးအတွေ့အကြုံပေးခြင်းဖြင့်လည်းကောင်း အတူတကွလုပ်ကိုင်ဆောင်ရွက်ခြင်းမျိုး ဆောင်ရွက်နိုင်ပါသည်။

၃။ **ငွေကြေးနှင့်နည်းပညာအထောက်အပံ့ပေးခြင်း**

(က) **အစပျိုးရန်ပုံငွေ။** အစိုးရ(သို့မဟုတ်) အလှူရှင်အဖွဲ့အစည်းများမှ လူငယ်-တောင်သူ အတွဲများကို ချေးငွေ(သို့မဟုတ်) ရန်ပုံငွေအသေးစားထုတ်ပေးခြင်းမျိုး ဆောင်ရွက်ရပါမည်။ (ဥပမာ- သီးနှံအခြောက်ခံစက် တစ်လုံးဝယ်ရန် ငွေကြေးကူညီပေးခြင်း)

(ခ) **နည်းပညာနှင့် လေ့ကျင့်သင်ကြားမှုပေးအပ်ခြင်း။** ကျေးရွာများတွင် အင်တာနက်အခြေပြုဈေးကွက်ရှာဖွေနည်း၊ ငွေကြေးစီမံခန့်ခွဲနည်း၊ ကောင်းမွန်သောစိုက်ပျိုးနည်းစနစ် (Good Agricultural Practices - GAP) စသည်ဖြင့် သင်တန်းပေးခြင်းများ ဆောင်ရွက်ပေးနိုင်ပါသည်။

၄။ **အသိုင်းအဝိုင်းနှင့် ကွန်ရက်ချိတ်ဆက်ပေးခြင်း**


(က) **လူငယ်နှင့် တောင်သူချိတ်ဆက်ပွဲများ ပြုလုပ်ပေးခြင်း။** ကျေးရွာခန်းမများတွင် ဆွေးနွေးပွဲများ ပြုလုပ်ခြင်းဖြင့် လူငယ်များ၏ စိတ်ကူးစိတ်သန်းများ၊ တောင်သူကြီးများ၏ လုပ်ငန်းလိုအပ်ချက်နှင့် အခက်အခဲများအား ပြောဆိုဆွေးနွေးခွင့်ရရှိအောင် ချိတ်ဆက်ပေးနိုင်ပါသည်။

(ခ) **အောင်မြင်မှုဖြစ်စဉ်ကို "ပြန့်ပွားအောင်" လုပ်ဆောင်ပေးခြင်း။** ကျေးရွာတစ်ရွာမှ အောင်မြင်သွားသည့် လူငယ်နှင့်တောင်သူအတွဲကို နီးစပ်ရာကျေးရွာများသို့ သွားရောက်ဟောပြောစေပြီး ၎င်းတို့၏အတွေ့အကြုံများကို မျှဝေစေခြင်းဖြင့် ရွာသူရွာသားများ ပိုမိုနားဝင်အောင် လုပ်ဆောင်ပေးနိုင်ပါသည်။

**အဓိကသော့ချက်အနေဖြင့်** လူငယ်များကို **"သူတို့မပါရင်မဖြစ်ဘူး"** ဆိုသည့် စိတ်ဓာတ်မြှင့်တင်ပေးခြင်း၊ တောင်သူများကို **"ဤနည်းပညာအသစ်တွေက သူတို့အတွက် လက်တွေ့အသုံးဝင်တယ်"**ဆိုသော ယုံကြည်မှုမျိုးကို တည်ဆောက်ပေးနိုင်မှသာ နှစ်ဦးနှစ်ဖက် အကျိုးရှိရှိပူးပေါင်းပြီး ကျေးရွာစီးပွားရေးများကို အတူတကွတည်ဆောက်နိုင်ကြမှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# အကြမ်းဖက် AA အဖွဲ့၏ မူးယစ်ဆေးဝါးစီးပွားရေးကွန်ရက်နဲ့ အကြမ်းဖက်မှုအန္တရာယ် (အပိုင်း ၁)

**အောင်ရှင်း**




၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက် AA မူးယစ်မှောင်ခိုဂိုဏ်းကို ငွေကျပ် ၅၁ ဒသမ ၈၇ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ် ၂ ဒသမ ၀၇ တန်ကျော်၊ ကဖင်း ကီလိုဂရမ် ၈၀၀ တို့နှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

ယခုဆောင်းပါးမှာ ဖော်ပြမယ့်အချက်အလက်များဟာ တစ်ဖက်သတ်စွပ်စွဲချက်များ၊ လုပ်ကြံဖန်တီးထားတဲ့ အချက်အလက်များ မဟုတ်ကြောင်း ဦးစွာ အသိပေးလိုပါတယ်။

လူမျိုးရေးအစွဲနဲ့ နိုင်ငံရေးရည်မှန်းချက်ကို လက်နက်ကိုင်နည်းလမ်းနဲ့ ရယူဖို့ အိပ်မက်မက်နေတဲ့ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ဟာ သူတို့အဖွဲ့ရှင်သန်ရပ်တည်နိုင်ရေးအတွက် ကမ္ဘာ့လူသားမျိုးနွယ်တစ်ခုလုံးကို ခြိမ်းခြောက်အန္တရာယ်ပေးနေတဲ့ မူးယစ်ဆေးဝါးကို အကြီးအကျယ်ကုန်သွယ်မှု ပြုလုပ်နေကြောင်း မီးမောင်းထိုးပြသွားမှာဖြစ်ပါတယ်။ အဲဒီအဖွဲ့ကတော့ နိုင်ငံတော်အစိုးရက လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူအဖြစ် သတ်မှတ်ခြင်းခံရတဲ့ AA အဖွဲ့ဖြစ်ပါတယ်။

AA အဖွဲ့ဟာ ရခိုင်လူမျိုးအများစုနဲ့ ဖွဲ့စည်းထားတဲ့ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ဖြစ်သော်လည်း ရခိုင်လူမျိုးတိုင်းက လက်ခံထားတဲ့ အဖွဲ့အစည်းမဟုတ်သလို ရခိုင်ပြည်နယ်နဲ့ ရခိုင်တိုင်းရင်းသားတွေကို ကိုယ်စားပြုတဲ့ အဖွဲ့အစည်းမဟုတ်ကြောင်းကို ပြည်သူအများ သိရှိပြီးဖြစ်ပါတယ်။ အမှန်စင်စစ် AA အဖွဲ့ဆိုတာ ရခိုင်လူမျိုးနဲ့ ရခိုင်ပြည်နယ်ကို ချနင်းပြီး လူမျိုးရေး အစွန်းရောက်စိတ်ဖြင့် ကိုယ်ကျိုးရှာ ရခိုင်လူမျိုးတစ်စုက ဦးဆောင်ကာ ရခိုင်ပြည်နယ်ရဲ့ တည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးပြီး မူးယစ်ဆေးဝါးကုန်သွယ်မှုကို အကြီးအကျယ်လုပ်ဆောင်နေတဲ့ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့သာဖြစ်ကြောင်း ငြင်းလို့မရတဲ့ သက်သေအထောက်အထားများက ညွှန်းဆိုနေပါတယ်။

**သန္ဓေမကောင်းခဲ့တဲ့ မူးယစ်ရာဇာ**

၂၀၀၉ ခုနှစ်က KIA ထိန်းချုပ်နယ်မြေမှာ စတင်ပေါ်ပေါက်လာခဲ့တဲ့ AA အဖွဲ့ဟာ ကချင်ပြည်နယ်ရောက် ရခိုင်လူမျိုးတွေနဲ့ ဖွဲ့စည်းခဲ့ပြီး သူတို့ရဲ့တပ်ဖွဲ့ဝင်တွေကို လက်နက်တပ်ဆင်ဖို့အတွက် ဘဏ္ဍာငွေ လိုအပ်ချက်ကို သူ့ရဲ့ဆရာ KIA နဲ့ UWSA၊ MNDAA အဖွဲ့တွေကို စံနမူနာအတုယူပြီး စိတ်ကြွဆေးပြားတွေ၊ အိုက်စ်နဲ့ ဘိန်းဖြူတွေကို ပြည်တွင်းမှာသာမက အမြတ်အစွန်းကြီးမားစွာရနိုင်တဲ့ ပြည်ပတင်ပို့မှုတွေကို ဒေသတွင်းမူးယစ်ရာဇာများနဲ့ ချိတ်ဆက်ပြီး တွင်တွင်ကျယ်ကျယ်လုပ်ကိုင်လျက်ရှိပါတယ်။ AA အဖွဲ့ဟာ စတင်ဖွဲ့စည်းချိန်ကစပြီး ယနေ့အချိန်ထိ ခိုင်မာတဲ့စီးပွားရေးလုပ်ငန်းတွေ မရှိသလို ဆင်းရဲတဲ့ ရခိုင်တိုင်းရင်းသားတွေထံကလည်း ဆက်ကြေးငွေ လုံလုံလောက်လောက် မရရှိတဲ့အတွက် သူတို့တပ်ဖွဲ့ဝင်တွေအတွက် လိုအပ်တဲ့ရိက္ခာ၊ လက်နက်၊ ခဲယမ်းနဲ့ စက်သုံးဆီဝယ်ယူနိုင်ရေးအတွက် မူးယစ်ဆေးဝါးကုန်သွယ်ရောင်းချမှုမှ ရရှိတဲ့ ဝင်ငွေတွေကိုသာ အဓိကအားထားနေရပါတယ်။

AA အဖွဲ့ရဲ့ မူးယစ်ဆေးဝါးကုန်သွယ်မှုလုပ်ငန်းဟာ ကြီးထွားကျယ်ပြန့်နေပြီး မူးယစ်ဆေးထုတ်ဖို့ ဓာတုဆေးဝါးမှောင်ခိုတင်သွင်းခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ သယ်ဆောင်သိုလှောင်ခြင်း၊ ပြည်တွင်းမှာ ဖြန့်ဖြူးခြင်း၊ ပြည်ပတင်ပို့ရန် ချိတ်ဆက်ဆောင်ရွက်ခြင်းတွေကို နိုင်ငံတကာမူးယစ်ရာဇာများနဲ့ ကွန်ရက်သဖွယ် ချိတ်ဆက်လုပ်ဆောင်လျက်ရှိပါတယ်။

**AA အဖွဲ့ဝင်တွေ ပါဝင်ပတ်သက်နေတဲ့ မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုများ**

၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ် ဇူလိုင် ၂၀ ရက်ထိ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ဝင်တွေ ပါဝင်ပတ်သက်တဲ့ မူးယစ်ဆေးဝါးများနဲ့ လက်နက်ခဲယမ်းများ ဖမ်းဆီးရရှိမှု ၂၄ ကြိမ်ရှိခဲ့ပြီး တရားခံ ၂၇၆ ဦးတို့ကို စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၄ သန်းကျော်၊ အိုက်စ် ၁၁ ဒသမ ၉ တန်ကျော်၊ ကဖင်းကီလို ၈၀၀၊ ကက်တမင်း ၂ ဒသမ ၂ တန်



၂၀၂၅ ခုနှစ် မတ် ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း AA အကြမ်းဖက်အဖွဲ့ဝင်များပါဝင်သော မူးယစ်မှောင်ခိုဂိုဏ်းကို ငွေကျပ် ၉၆ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) သုံးတန်ကျော်၊ ကက်တမင်း ကီလို ၂၀၀ တို့နှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆၆ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၉ သန်းကျော်)နဲ့ လက်နက်မျိုးစုံ ၂၂၄ လက်၊ ကျည်မျိုးစုံ ၄၃၃၇၉ တောင့်၊ ကျည်အိမ်မျိုးစုံ ၉၇၇ ခု၊ လက်ပစ်ဗုံး ၃၆ လုံး၊ ဗုံးသီး ၁၇၈ လုံး၊ GPS ၂၅ လုံး၊ ဂြိုဟ်တုဖုန်းအလုံး ၄၀ တို့ကို ဆက်စပ်ပစ္စည်းများ၊ မူးယစ်ဆေးဝါး သယ်ဆောင်သည့် မော်တော်ယာဉ်၊ စက်လှေ၊ သင်္ဘောတွေနဲ့အတူ ဖမ်းဆီးရမိခဲ့ကြောင်း ဖြစ်စဉ်အသေးစိတ်များကို Infosheet Website https://info sheet.org/ တွင် ဖော်ပြထားရှိပါတယ်။

**ထင်ရှားသည့် ဖမ်းဆီးရရှိမှုဖြစ်စဉ်များ**

AA တပ်ဖွဲ့ဝင်များနဲ့ပတ်သက်တဲ့ မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှု ၂၄ ကြိမ်ရှိသည့်အနက် AA ခေါင်းဆောင်ပိုင်းတွေကိုယ်တိုင်ပါဝင်ပတ်သက်ခဲ့တဲ့ အမှု ကိုးမှုရှိပြီး ထင်ရှားတဲ့ဖြစ်စဉ်တွေကို ထုတ်နုတ်ရှင်းပြလိုပါတယ်။ ၂၀၁၉ ခုနှစ် ဩဂုတ် ၈ ရက်မှာ ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ရက်ခုန်တိုင်ကျေးရွာအုပ်ချုပ်ရေးမှူး AA တပ်ဖွဲ့ဝင် စံသာကျော်ရဲ့ နေအိမ်မှာ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၄၈ သန်းကျော်၊ ARAKAN Army စာတန်းပါတံဆိပ်များ၊ လက်ပစ်ဗုံးများ၊ စကားပြောစက်များ ဖမ်းဆီးရမိခဲ့ပါတယ်။ စံသာကျော်ရဲ့ ထွက်ဆိုချက်အရ အဲ့ဒီမူးယစ်ဆေးဝါးတွေဟာ ရခိုင်ပြည်နယ်အတွင်းနဲ့ ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ဒုက္ခသည်စခန်းတွေကို ဖြန့်ဖြူးဖို့နဲ့ AA တပ်ဖွဲ့ဝင်တွေ အသုံးပြုဖို့အတွက် သိုလှောင်သိမ်းဆည်းထားတဲ့ မူးယစ်ဆေးဝါးတွေဖြစ်ကြောင်း သိရှိရပါတယ်။ ရခိုင်ပြည်နယ် မြို့ရွာအသီးသီးမှာ AA အဖွဲ့ရဲ့ အုပ်ချုပ်ရေးတာဝန်ပေးအပ်ခံရသူတွေထဲက စံသာကျော်လို စိတ်ချယုံကြည်ရသူတွေကို မူးယစ်ဆေးဝါး ဖြန့်ဖြူးရေးအလုပ်ကိုလည်း ပူးတွဲတာဝန်ပေးအပ်လေ့ရှိပါတယ်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်အတွင်း မြန်မာကျပ်ငွေ ၅၁ ဒသမ ၈၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၄ သန်းကျော်)တန်ဖိုးရှိ အိုက်စ် ၂ ဒသမ ၀၇ တန်နဲ့ ကဖင်း ကီလိုဂရမ် ၈၀၀ တို့ကို ရန်ကုန်မြို့ရှိ အောင်မင်္ဂလာအဝေးပြေးကွင်းမှာ ဖမ်းဆီးရမိခဲ့ပါတယ်။ အဲ့ဒီဖြစ်စဉ်မှာ မူးယစ်ဆေးဝါး သယ်ဆောင်သူတွေဟာ အကြမ်းဖက် AA အဖွဲ့မှ အရာရှိအဆင့်ရှိသူ လေးဦး၊ အခြားအဆင့် သုံးဦး၊ အရပ်သား ရှစ်ဦးပါဝင်တဲ့ မူးယစ်ဆေးဝါးဂိုဏ်းကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါတယ်။

အဲ့ဒီတရားခံတွေကို စစ်ဆေးဖော်ထုတ်ချက်တွေအရ ဖမ်းဆီးရမိတဲ့မူးယစ်ဆေးဝါးတွေကို AA ခေါင်းဆောင် ထွန်းမြတ်နိုင်ရဲ့ စေခိုင်းချက်အရ သူ့ရဲ့လူယုံတော် AA အဖွဲ့ရဲ့ စီးပွားရေးတာဝန်ခံ ဗိုလ်မှူးကြီးအဆင့်ရှိ ကျော်မြတ်ဦး (ခ) သားသား (ခ) ဝေသာထွန်းက စီစဉ်ကြိုးကိုင်ပြီး ရှမ်းပြည်နယ်ရှိ လက်နက်ကိုင်အဖွဲ့များက ထုတ်လုပ်တဲ့ မူးယစ်ဆေးဝါးတွေကို မန္တလေး၊ ရန်ကုန်မှတစ်ဆင့် ရခိုင်ပြည်နယ်ကို ကုန်းလမ်း၊ ရေလမ်းများမှ သယ်ယူပို့ဆောင်ပြီး ရခိုင်ပင်လယ်ပြင်မှတစ်ဆင့် မလေးရှားနဲ့ အင်ဒိုနီးရှားနိုင်ငံတွေကို ပို့ဆောင်မယ့် မူးယစ်ဆေးဝါးတွေဖြစ်ကြောင်း ဝန်ခံထွက်ဆိုခဲ့ကြပါတယ်။ ဒီဖြစ်စဉ်ကတော့ မူးယစ်ဆေးဝါးတွေကို သယ်ဆောင်သိုလှောင် ဖြန့်ဖြူးရောင်းချရေးများတွင် AA တပ်ဖွဲ့ဝင်တွေကိုယ်တိုင် တာဝန်ပေးချက်များအရ လုပ်ဆောင်နေကြောင်း ဖော်ထုတ်တွေ့ရှိရမှာဖြစ်ပါတယ်။

**အရပ်သားအသွင်ယူ AA တပ်ဖွဲ့ဝင်များ၏ မူးယစ်ဆေးဝါးသယ်ဆောင်ဖြန့်ဖြူးမှု**

၂၀၂၅ ခုနှစ် မတ် ၆ ရက် ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(တောင်)မြို့နယ် ၁၄၄ ရပ်ကွက် ဆင်ဖြူရှင်လမ်း အမှတ် (၅၄၆/၅၄၇)ရှိ ဂိုဒေါင်အတွင်းမှ အရပ်သားအသွင်ဆောင်ထားတဲ့ AA စီးပွားရေးတာဝန်ခံ ရဲဝင်း (ခ) ကျော်စိုးလင်း အဖွဲ့ကို ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၈၂ သန်း) တန်ဖိုးရှိ အိုက်စ် သုံးတန်ကျော်၊ ကက်တမင်း ကီလို ၂၀၀ ဖမ်းဆီးရမိခဲ့ပါတယ်။ ဒီဖြစ်စဉ်မှာ ဖမ်းဆီးရမိခဲ့တဲ့ မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့ဝင် ၁၄ ဦးရှိပြီး ငါးဦးက AA အဖွဲ့က တာဝန်ပေးအပ်ထားတဲ့ အရပ်သားအသွင်ယူထားတဲ့ စီးပွားရေးတာဝန်ခံတွေဖြစ်ပါတယ်။ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချမှုများတွင် AA ခေါင်းဆောင်တွေရဲ့ ယုံကြည်စိတ်ချရသူ တပ်ဖွဲ့ဝင်တွေ ဖမ်းဆီးခံရသူ များပြားလာလို့ တစ်ဖက်လှည့်နဲ့ AA တပ်ဖွဲ့ဝင်တွေကို အရပ်သား စီးပွားရေးတာဝန်ခံတွေအဖြစ် ပြောင်းလဲတာဝန် ပေးအပ်ထားခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါတယ်။



၂၀၂၅ ခုနှစ် ဧပြီ ၂၆ ရက်တွင် ကော့သောင်းမြို့ အနောက်ဘက်ပင်လယ်ပြင်၌ AA အကြမ်းဖက်အဖွဲ့မှ ထောက်ပံ့ရေးတာဝန်ခံများပါဝင်သော မူးယစ်မှောင်ခိုဂိုဏ်းကို မလေးရှားနိုင်ငံသို့ပို့ဆောင်မည့် ငွေကျပ် ၂၀၀ ဒသမ ၃၂၅ ဘီလီယံခန့်တန်ဖိုးရှိ အိုက်စ် ၄ ဒသမ ၁၁၃ တန်၊ အိုက်စ်အရည် တစ်လီတာ၊ ကက်တမင်း သုံးတန်တို့နှင့် အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

အလားတူ ၂၀၂၅ ခုနှစ် ဧပြီ ၂၆ ရက်နဲ့ ၂၇ ရက်မှာ ရန်ကုန်၊ ဖျာပုံ၊ ကော့သောင်းမြို့တို့မှာ AA ထောက်ပံ့ရေးတာဝန်ခံ နေပိုင်လင်း(ခ)အောင်နိုင်ကြွယ် ဦးစီး ၁၉ ဦးတို့ကို အိုက်စ် ၄ ဒသမ ၁၁၃ တန်၊ အိုက်စ်အရည် တစ်လီတာ၊ ကက်တမင်း သုံးတန်တို့နှင့်အတူ

**စာမျက်နှာ ၂၁ သို့**

# မြစ်ကြီးနားမြို့နယ်၊ တိုက်ကြီးမြို့နယ်နှင့် သုံးခွမြို့နယ်တို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၈

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ် ကျောင်းတိုက်များမှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များကို ယနေ့ နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၅ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင် ၃၄ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် သရက်ချောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၀၃ ဦးတို့ကို အဆိုပါကျေးရွာရှိ မနောသိဒ္ဓိကျောင်းတိုက်၌လည်းကောင်း၊ သုံးခွမြို့နယ် ဘုရားကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူ ၁၄၅ ဦးတို့ကို အဆိုပါကျေးရွာရှိ ထန်ငြိမ်းစေတီဓမ္မာရုံ၌လည်းကောင်း ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ယနေ့ နံနက်ပိုင်းတွင် အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ရောင်းချပေးမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**
**သတင်းကြေညာချက်**
၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်

၁။ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာတစ်စောင်လျှင် ငွေကျပ် ၂၀၀ နှင့် စာမေးပွဲဝင်ကြေးအတွက် ငွေကျပ် ၇၀၀ တန်ဖိုးရှိ ပညာရေးဝန်ကြီးဌာန ငွေသွင်းတံဆိပ်ခေါင်းတို့ကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရုံးချုပ်) ရုံးအမှတ်(၅၂) နေပြည်တော်နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရန်ကုန်ရုံးခွဲ) ပါရမီလမ်း (၁၂)ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်တွင် ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ရောင်းချပေးမည်ဖြစ်ပါသည်။

၂။ ကျောင်းတွင်းမှဖြေဆိုမည့်ကျောင်းသား၊ ကျောင်းသူများအတွက် ဖြေဆိုခွင့်လျှောက်လွှာများကို သက်ဆိုင်ရာကျောင်းများမှလည်းကောင်း၊ ပြင်ပမှဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများမှလည်းကောင်း၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်စေလွှတ်၍ လာရောက်ဝယ်ယူရန်ဖြစ်ပါသည်။

၃။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာ၊ ကတ်ပြားပုံစံများကို ဖြေဆိုမည့် ဘာသာတွဲအလိုက် အစိမ်းရောင်နှင့် ပန်းရောင် အရောင် နှစ်မျိုးခွဲခြားသတ်မှတ်ထားပါသည်။

၄။ အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား၊ ကျောင်းသူများအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများသည် လျှောက်လွှာတစ်စောင်ချင်းစီတွင် ပညာရေးဝန်ကြီးဌာန ငွေသွင်းတံဆိပ်ခေါင်းများကို ကပ်၍ မိမိတို့ကျောင်းအလိုက် ဖြေဆိုခွင့်လျှောက်လွှာများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အတွင်း တင်သွင်းကြရမည်ဖြစ်ပါသည်။

၅။ ပြင်ပမှဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့်သူများသည် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် ပညာရေးဝန်ကြီးဌာန ငွေသွင်းတံဆိပ်ခေါင်းများနှင့် လျှောက်လွှာများဝယ်ယူပြီး ဖြေဆိုခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင် အဆိုပါငွေသွင်းတံဆိပ်ခေါင်း ကပ်၍ မိမိတို့အမှန်တကယ်နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အတွင်း တင်သွင်းကြရမည်ဖြစ်ပါသည်။

၆။ သတ်မှတ်ထားသောရက်များအတွင်း အချိန်မီပေးပို့ခြင်းမရှိသူများသည် စာမေးပွဲဖြေဆိုခွင့်ရရှိကြမည် မဟုတ်ပါ။

၇။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာ၊ ကတ်ပြားတို့တွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည်မဟုတ်ပါသဖြင့် မိမိတို့ဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများ မှန်ကန်မှုရှိ၊ မရှိ သေချာစွာစစ်ဆေးပြီး ဖြေဆိုမည့်သူကိုယ်တိုင် ဖြည့်စွက်လျှောက်ထားကြရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

**စာမျက်နှာ ၂၀ မှအဆက်**

ဖမ်းဆီးရမိခဲ့ပြီး တရားခံတွေရဲ့ ထွက်ဆိုချက်များအရ မူးယစ်ဆေးဝါးရောင်းချငွေများဖြင့် AA အဖွဲ့အတွက် လက်နက်ခဲယမ်းများ ဝယ်ယူခြင်း၊ ရိက္ခာများ ထောက်ပံ့ပေးခြင်းတွေကို ပြုလုပ်နေတဲ့အဖွဲ့ဖြစ်ကြောင်း သိရှိရပါတယ်။

ဒီဖြစ်စဉ်မှာတော့ အရပ်သားအသွင်ယူ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချသူတွေကို AA အဖွဲ့ရဲ့ ထောက်ပံ့ရေးတာဝန်ခံတွေအဖြစ် အကာအကွယ်ပေးပြီး မူးယစ်ဆေးဝါးသယ်ဆောင်မှုကို အခေါက်ရေနည်းနည်းနဲ့ ပမာဏများများသယ်ဆောင်စေခဲ့ခြင်းဖြစ်ပါတယ်။

ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးသယ်ဆောင်သူ AA တပ်ဖွဲ့ဝင်တွေရဲ့ ထွက်ဆိုချက်တွေအရ မူးယစ်ဆေးဝါးကုန်သွယ်မှုလုပ်ငန်းတွေမှာ တာဝန်ပေးအပ်ခံရသူတွေဟာ AA ခေါင်းဆောင်ထွန်းမြတ်နိုင်ရဲ့ လူယုံတွေပဲဖြစ်ပြီး အဓိကတာဝန်ယူကြိုးကိုင်သူကတော့ AA အဖွဲ့က အတွင်းရေးမှူးဆိုသူ ဗိုလ်မှူးကြီးအဆင့်ရှိ ကျော်ဟန် ဖြစ်ကြောင်း သိရှိရပါတယ်။ အဖမ်းခံရသူတွေဟာ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချခြင်းကို ပုဂ္ဂလိကစီးပွားရေးအဖြစ် လုပ်ဆောင်နေခြင်းမဟုတ်ဘဲ AA အဖွဲ့အစည်းအတွက် တာဝန်ပေးအပ်ခံရလို့ လုပ်ဆောင်နေခြင်းဖြစ်တယ်လို့ဆိုပါတယ်။ အခြား AA အဖွဲ့ဝင်တွေထက် လစာနဲ့ အခွင့်အရေး ပိုမိုရရှိပြီး သယ်ဆောင်သိုလှောင်သူများ၊ ပြည်တွင်းဖြန့်ဖြူးသူများ၊ ပြည်ပနိုင်ငံတွေထိ ချိတ်ဆက်ရောင်းဝယ်သူများကို အကန့်စနစ်ဖြင့် လုပ်ဆောင်ထားတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် တစ်ဖွဲ့နဲ့ တစ်ဖွဲ့ မသိရှိဘဲ ဝေသာထွန်းတို့လို တာဝန်ခံအရာရှိကြီးတွေက ချိတ်ဆက်ဆောင်ရွက်ပေးနေတယ်ဆိုတာ စိစစ်ဖော်ထုတ်ချက်များအရ သိရှိရပါတယ်။

မူးယစ်ဆေးဝါးကနေရရှိတဲ့ အကျိုးအမြတ်တွေကို AA အဖွဲ့ခေါင်းဆောင်ထွန်းမြတ်နိုင်ရဲ့ စီမံမှုနဲ့ လက်နက်ခဲယမ်း၊ ရိက္ခာ ဖြည့်တင်းတာတွေ၊ တပ်စခန်းတည်ဆောက်တာတွေ၊ AA အဖွဲ့ဝင်တွေအတွက် ထောက်ပံ့မှုတွေမှာ အသုံးပြုနေတာကိုတွေ့ရှိရပါတယ်။ ဒ့ါပြင် ယင်းဝင်ငွေ ၇၀ ရာခိုင်နှုန်းကို လက်နက်ခဲယမ်း ဝယ်ယူဖြည့်တင်းမှုမှာ အသုံးပြုကာ နိုင်ငံတကာလက်နက်မှောင်ခိုဂိုဏ်းများနှင့်ချိတ်ဆက်ပြီး လက်နက်ခဲယမ်းနဲ့ စိတ်ကြွဆေးပြားလဲလှယ်ခြင်းအပါအဝင် ငွေကြေးခဝါချခြင်း၊ လူကုန်ကူးခြင်း စတဲ့နိုင်ငံဖြတ်ကျော်မှုခင်းတွေ ကျူးလွန်နေတာကို တွေ့ရှိရပါတယ်။

**အပိုင်း(၂)ဆက်လက်ဖော်ပြသွားပါမည်။**

## ၂၀၂၅ ခုနှစ် ဩဂုတ် ၂၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)


သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၀၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

☆ ကျောဖုံးမှအဆက်

အမြတ်တနိုးပစ္စည်းများအား အတင်းအဓမ္မလုယက်ယူဆောင်ခြင်း၊ လက်နက်များဖြင့်ခြိမ်းခြောက်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ နေ့စဉ်ထမင်း၊ ဟင်းချက်ပြုတ်၍ ပံ့ပိုးပေးရခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် ရဟန်း၊ သံဃာများအား အစိုးရ၊ တပ်နှင့် ရဲသတင်းပေးခေါင်းစဉ်တပ်၍ ဖမ်းဆီးသတ်ဖြတ်ခြင်းများအပါအဝင် အဓမ္မလူသစ်စုဆောင်းခြင်းများ လုပ်ဆောင်လျက်ရှိကြရာ အဆိုပါအကြမ်းဖက်လုပ်ရပ်များကြောင့် ၎င်းတို့ရောက်ရှိရာဒေသများ၌ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည်ဖြင့် လူမှုစီးပွားဘဝများ အဘက်ဘက်က ချွတ်ခြုံကျခဲ့ရသည်။

ထို့ပြင် စိတ်ကူးယဉ်စစ်ရေးအိပ်မက်တစ်ခုဖြစ်သည့် နိုင်ငံ၏ကုန်စည်ကူးသန်းမှုနှင့် လမ်းပန်းဆက်သွယ်မှုအချက်အချာတစ်ခုဖြစ်သည့် မန္တလေးမြို့ကို သိမ်းပိုက်နိုင်ရေးအတွက်လည်း TNLA လက်နက်ကိုင်အကြမ်းဖက်အဖွဲ့နှင့် ပူးပေါင်းကာ ၂၀၂၄ ခုနှစ် နှစ်လယ်ပိုင်းမှစ၍ ကြံစည်လုပ်ဆောင်လာခဲ့သည်။




တပ်မတော်စစ်ကြောင်းများက ဖယောင်းတောင်သတ္တုတွင်းနှင့် အယ်လ်ဖာဘိလပ်မြေစက်ရုံအား ပြန်ထည်ထိန်းချုပ်ခြင်းမှတ်တမ်းဓာတ်ပုံ။

NUG သည် မန္တလေး၊ စစ်ကိုင်းနှင့် မိတ္ထီလာလွင်ပြင်တို့မှ လူငယ်လူရွယ်များ၊ DCS ပြုလုပ်သည့် သစ္စာဖောက်ဝန်ထမ်းများကို မက်လုံးပေးစည်းရုံးသိမ်းသွင်း၍ အကြမ်းဖက်သင်တန်းများပို့ချကာ MDY-PDF အမည်ခံ အကြမ်းဖက်သမားများ အဖြစ်မွေးထုတ်ခြင်း၊ ဖြစ်သည့်နည်းဖြင့် အဓမ္မအင်အားစုဆောင်းခြင်း၊ လှုံ့ဆော်အားပေးခြင်းနှင့်အတူ TNLA အကြမ်းဖက်အဖွဲ့များကပါပူးပေါင်း၍ ၎င်းတို့၏ စိတ်ကူးယဉ် စစ်ရေးအိပ်မက်ဖြစ်သော မန္တလေးမြို့ကို သိမ်းပိုက်နိုင်ရေးအတွက် ၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်မှစ၍ရှမ်းပြည်နယ်နှင့်မန္တလေးတိုင်းဒေသကြီးဆက်စပ်ဒေသများ၌ ရှမ်း-မန်းစစ်ဆင်ရေးအမည်ဖြင့် စစ်ရေးအကြမ်းဖက်မှုများကို စတင်ဖော်ဆောင်လာခဲ့ကြသည်။ ၎င်းတို့သည် မန္တလေးမြို့အား အလုံးစုံသိမ်းယူရရှိနိုင်ရေးအတွက် မတ္တရာစစ်ကြောင်း၊ ပုသိမ်ကြီးစစ်ကြောင်း၊ ပြင်ဦးလွင်စစ်ကြောင်း စသည့် စစ်ကြောင်းများသတ်မှတ်ကာ မန္တလေးသို့ ဦးတည်၍ တိုက်ကွက်များဖော်ဆောင်လာခဲ့သည်။ ထိုသို့လုပ်ဆောင်လာစဉ် မိုးကုတ်-သပိတ်ကျင်း-မတ္တရာ-မန္တလေး လမ်းကြောင်းတစ်လျှောက်နှင့် အနီးပတ်ဝန်းကျင်ရှိ မြို့ရွာများနှင့် နိုင်ငံအကျိုးပြု အစိုးရနှင့် ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများတွင် လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်လုံခြုံရေးတပ်စခန်းများအား အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခြင်းများကို ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်ရေးလှုပ်ရှားမှုနှင့် အပြိုင်လုပ်ဆောင်လာခဲ့ကြပြီး မန္တလေးသို့ရောက်ရှိနိုင်ရေး ကြိုးပမ်းလာခဲ့ကြသည်။

ထိုကဲ့သို့ အကြမ်းဖက်သမားများ၏ သာလွန်အင်အားများဖြင့် တိုက်ကွက်ဖော်ဆောင်လာခဲ့မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မြို့ရွာများနှင့် နိုင်ငံအကျိုးပြုစက်ရုံ၊အလုပ်ရုံများ ၎င်းတို့လက်အောက်သို့ ကျရောက်မှုမရှိစေရေးအတွက် မိမိတို့၏အသက်ကိုပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာ အပြင်းအထန်ခုခံခဲ့ကြသော်လည်း အကြမ်းဖက်သမားများအနေဖြင့် လမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား အဓမ္မခြိမ်းခြောက် လူသစ်စုခြင်းဖြင့် သာလွန်အင်အားဖန်တီးလာခြင်း၊လူသားတံတိုင်းအဖြစ် အသုံးပြုတိုက်ခိုက်လာခြင်းတို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် **စာမျက်နှာ ၂၃ သို့**




တပ်မတော်စစ်ကြောင်းများက ပုသိမ်ကြီးမြို့နယ် ဖယောင်းတောင်သတ္တုတွင်းနေရာအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိမှု မှတ်တမ်းဓာတ်ပုံ။





TNLA နှင့် MDY-PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ပူးပေါင်းအဖွဲ့က ဘိလပ်မြေစက်ရုံဝင်းအတွင်း အယ်လ်ဖာဘိလပ်မြေစက်ရုံမှ ထွက်ရှိပြီး ဘိလပ်မြေများ၊ အယ်လ်ဖာတံဆိပ်ပါ ဘိလပ်မြေအိတ်ခွံ အမြောက်အမြားကို အသုံးပြု၍ အခိုင်အမာနေရာများဆောင်ရွက်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။





PDF အမည်ခံ အကြမ်းဖက်သမားများက ဘိလပ်မြေစက်ရုံဝင်းအတွင်း အယ်လ်ဖာဘိလပ်မြေစက်ရုံမှထွက်ရှိပြီး ဘိလပ်မြေများ၊ အယ်လ်ဖာတံဆိပ်ပါ ဘိလပ်မြေအိတ်ခွံအမြောက်အမြားကို အသုံးပြု၍ ခံစစ်ဆောင်ရွက်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။




TNLA နှင့် MDY-PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ပူးပေါင်းအဖွဲ့က ဘိလပ်မြေစက်ရုံရှိ အဆောက်အအုံများအား ဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။





TNLA နှင့် MDY-PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ပူးပေါင်းအဖွဲ့ တည်ဆောက်ထားသည့် အခိုင်အမာနေရာများကို တွေ့ရစဉ်။




TNLA နှင့် MDY-PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ပူးပေါင်းအဖွဲ့ထံမှ သိမ်းဆည်းရမိ လက်နက်ခဲယမ်း၊ ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



TNLA နှင့် MDY-PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ပူးပေါင်းအဖွဲ့က ဘိလပ်မြေစက်ရုံရှိ အဆောက်အအုံများအား ဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။




TNLA နှင့် MDY-PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ပူးပေါင်းအဖွဲ့ထံမှ သိမ်းဆည်းရမိ ဒရုန်း၊ လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

**စာမျက်နှာ ၂၂ မှအဆက်**

ထိခိုက်၊ ကျဆုံး၊ ဒဏ်ရာရရှိမှု များပြားလာကာ ပြည်သူလူထု၏နေအိမ်များ၊နိုင်ငံအကျိုးပြုစက်ရုံအလုပ်ရုံများ ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရေးတို့အတွက် ကြားခံစစ်အဆင့်ဆင့်ဖြင့် စနစ်တကျဆုတ်ခွာပေးပြီး မတ္တရာဒေသ၌ အချိန်ကာလတစ်ခုအထိ မဆုတ်တမ်းခံစစ်စည်းသတ်မှတ်၍ စနစ်တကျဟန့်စစ်ဆင်ခြင်းနှင့် တန်ပြန်သွေးတိုးစမ်းတိုက်ခိုက်ချေမှုန်းခြင်းများ ပြုလုပ်ခဲ့သည်။ မတ္တရာဒေသ၏အရှေ့ဘက်ရှိ TNLA နှင့် MDY-PDF အမည်ခံ အကြမ်းဖက်သမားများပူးပေါင်းအဖွဲ့အနေဖြင့် မန္တလေးသို့ရောက်ရှိနိုင်ရေး မတ္တရာဒေသအား အလုံးအရင်းဖြင့် တိုက်ခိုက်ခဲ့သော်လည်း တပ်မတော်သားများ၏ လှေခွက်ချည်းကျန် အလံမလဲသည့်စိတ်ဓာတ်၊ တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် စိတ်ဓာတ်တို့ဖြင့် နိုင်ငံတော်နှင့် တပ်မတော်အတွက်၊ ဒေသခံပြည်သူများအတွက် စွန့်လွှတ်စွန့်စားစွာဖြင့် အပြင်းအထန်ဟန့်စစ်ဆင်ခုခံမှုများကြောင့် အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်စစ်မှာ ၂၀၂၄ခုနှစ် ဇူလိုင်လအတွင်း မတ္တရာမြို့၏မြောက်ဘက် ရေနံ့သာကျေးရွာတစ်ဝိုက်၊ အရှေ့ဘက်ရှိ နိုင်ငံအကျိုးပြုအယ်လ်ဖာဘိလပ်မြေစက်ရုံနှင့် ဖယောင်းတောင်သတ္တုတွင်းနေရာတစ်ဝိုက်တို့တွင် ရပ်တန့်သွားခဲ့သည်။

ထိုသို့ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှု ရပ်တန့်ချိန်အတွင်း အကြမ်းဖက်သမားများအနေဖြင့် ယင်းဒေသတစ်ဝိုက်ရှိကျေးရွာများမှ ပြည်သူပိုင်ပစ္စည်းဥစ္စာများအား ဖောက်ထွင်းယူဆောင်ခြင်း၊ဆက်ကြေးကောက်ခံခြင်း၊ လက်နက်အားကိုးဖြင့် အနိုင်ကျင့်ခြင်း၊ စက်ရုံ၊အလုပ်ရုံများမှ စက်ပစ္စည်းကိရိယာများ၊ ယာဉ်ယန္တရားများ၊ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ စက်ရုံထုတ်ကုန်ကြမ်း၊ ကုန်ချောများအားအသုံးပြု၍ စစ်ရေးပြင်ဆင်ခြင်း၊ ကိုယ်ကျိုးစီးပွားအတွက်အသုံးချခြင်းနှင့် နိုင်ငံ့အဖိုးတန်ထုတ်လုပ်ပြီး သတ္တုတွင်းထွက်ရတနာပစ္စည်းအရိုင်းများကို ထုတ်ယူရောင်းချ၍ ကိုယ်ကျိုးစီးပွား ဆောင်ရွက်ခြင်းစသည့် အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသည်။

TNLA နှင့် MDY-PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့အနေဖြင့် NUG ၏တွန်းအားပေးမှုနှင့်အတူ မတ္တရာဒေသအား အပြီးတိုင်သိမ်းပိုက်နိုင်ရေး အယ်လ်ဖာဘိလပ်မြေစက်ရုံနှင့် ဖယောင်းတောင် သတ္တုတွင်းနေရာ၌ အခိုင်အမာခြေကုပ်ယူ၍ ၂၀၂၅ ခုနှစ် ဇူလိုင် ၁၈ ရက်မှစ၍ မတ္တရာဒေသအရှေ့ဘက် မြကန်သာကျေးရွာရှိ အင်အားနည်းကာကင်းစခန်းတစ်ခုကို သာလွန်အင်အားအသုံးပြုတိုက်ခိုက်ခဲ့ရာ အဆိုပါကာကင်းစခန်းအနေဖြင့် ၂၀၂၅ ခုနှစ် ဇူလိုင်၂၀ ရက်ညပိုင်းတွင်ဗျူဟာအရခေတ္တခွာစစ်ဆင်၍ ဇူလိုင် ၂၁ ရက်နံနက်ပိုင်းတွင် ကြိုတင်စုဖွဲ့ထားသည့် အဓိကချေမှုန်းရေးတပ်များက အမြောက်၊ လက်နက်ကြီးပစ်ကူဖြင့် ပြန်လည်တိုက်ခိုက် သိမ်းပိုက်ခဲ့ရာ အကြမ်းဖက် သောင်းကျန်းသူများ ကစဉ့်ကလျားဆုတ်ခွာထွက်ပြေးခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်TNLA နှင့် MDY-PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့ နေရာယူစုဖွဲ့ထားသည့်နိုင်ငံအကျိုးပြုစက်ရုံ၊ အလုပ်ရုံများအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိနိုင်ရေးအတွက် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ အသေးစိတ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇူလိုင် ၂၁ ရက်မှစ၍ မတ္တရာဒေသတစ်ဝိုက်ရှိ အကြမ်းဖက် သောင်းကျန်းသူများ အခိုင်အမာစုဖွဲ့ထားသည့် **စာမျက်နှာ ၂၄ သို့**




TNLA နှင့် MDY-PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ပူးပေါင်းအဖွဲ့ထံမှ သိမ်းဆည်းရမိ အလောင်းနှင့် လက်နက်ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။



TNLA နှင့် MDY-PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ပူးပေါင်းအဖွဲ့ထံမှ သိမ်းဆည်းရမိ လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

ဒေသတွင်း ဘီလပ်မြေလိုအပ်ချက်များပြားပြီး ဈေးနှုန်းကြီးမြင့်မှုများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးသည့်အခြေအနေများကို ဒေသခံပြည်သူများအနေဖြင့် ခက်ခဲစွာရင်ဆိုင်ခဲ့ရသည်။ ထို့ပြင် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် မန္တလေးမြို့ရှိ အဆောက်အအုံများ ထိခိုက်ပျက်စီးမှုများ များပြားခဲ့ပြီး အဆိုပါ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် ဘီလပ်မြေလိုအပ်ချက်များ များစွာဖြစ်ပေါ်ခဲ့ရာ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များသည် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများအပေါ် ထိခိုက်နစ်နာမှုများ များစွာဖြစ်ပေါ်စေခဲ့သည်။ အရိုင်းများကိုထုတ်ယူရောင်းချ၍ PDF ခေါင်းဆောင်အသီးသီးက ကိုယ်ကျိုးစီးပွားဆောင်ရွက်ခြင်းတို့ကြောင့် နိုင်ငံတော်၊ ပြည်သူလူထုနှင့် စက်ရုံဝန်ထမ်းများအတွက် များစွာထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ခဲ့ရသည်။

ယခုအခါ TNLA နှင့် MDY-PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့ ခေတ္တစိုးမိုးထားသည့် အယ်လ်ဖာဘီလပ်မြေစက်ရုံနှင့် ဖယောင်းတောင်သတ္တုတွင်းလုပ်ငန်းကို တပ်မတော်က ပြန်လည်တိုက်ခိုက် သိမ်းပိုက်ရရှိခဲ့ပြီးဖြစ်သည့်အတွက် အကြမ်းဖက်အဖွဲ့များ ဖျက်ဆီးခဲ့သည့် စက်ရုံအဆောက်အအုံများနှင့် စက်ပစ္စည်းကိရိယာများကို လိုအပ်သည့် ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်၍ စက်ရုံများပြန်လည်လည်ပတ်နိုင်







TNLA နှင့် MDY-PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ပူးပေါင်းအဖွဲ့ထံမှ သိမ်းဆည်းရမိ အလောင်းနှင့် လက်နက်ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

**စာမျက်နှာ ၂၃ မှအဆက်**

အယ်လ်ဖာဘီလပ်မြေ စက်ရုံနှင့် ဖယောင်းတောင် သတ္တုတွင်းတို့ကို အပြီးတိုင် ချေမှုန်းသုတ်သင်ရန် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး စတင်ဆောင်ရွက်ခဲ့ရာ မတ္တရာ-ဘိုကုန်း-ကျောက်တံတားဘက်မှ စစ်ကြောင်းတစ်ကြောင်း၊ မြကန်သာကျေးရွာဘက်မှ စစ်ကြောင်းတစ်ကြောင်း၊ ပန်းစလောင်းတောင်ဘက်မှ စစ်ကြောင်းတစ်ကြောင်း၊ ဘိုင်ပင်ရွာဘက်မှ စစ်ကြောင်းတစ်ကြောင်းစသည်ဖြင့် စစ်ကြောင်းလေးကြောင်းဖြန့်၍ တန်ပြန်တိုက်စစ်များ အရှိန်အဟုန်မြှင့် အဆင့်ဆင့်ဆောင်ရွက်ခဲ့သည်။ထိုသို့ဆောင်ရွက်ခဲ့ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူများ၏ အပြည့်အဝ အားပေးထောက်ခံမှု၊ တိုက်ပွဲဝင် အရာရှိ၊ စစ်သည်များ၏ စိတ်ဓာတ်ခွန်အားတက်ကြွမှု၊ တိုက်လိုခိုက်လိုစိတ်ပြင်းပြမှုတို့ဖြင့် စစ်နည်းဗျူဟာမြောက် "ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်း"ခြင်းအား အဆင့်ဆင့်ပေါင်းစပ်၍ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အကြမ်းဖက်သောင်းကျန်းသူများ၏ နေရာများဖြစ်သော ကွန်ကရစ်ဘန်ကာများ၊ မြေအောက်ကတုတ်ကျင်းများ၊ မြေခွေးကျင်းများဖြင့် တည်ဆောက်ထားသည့် အခိုင်အမာနေရာအသီးသီးကို အဆင့်ဆင့်တိုက်ခိုက်ချေမှုန်းနိုင်ခဲ့သဖြင့် ၂၀၂၅ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် MDY-PDF အမည်ခံ အကြမ်းဖက်သမားများ အခိုင်အမာစုဖွဲ့ထိန်းချုပ်ထားသည့်ဖယောင်းတောင်သတ္တုတွင်းဒေသကိုလည်းကောင်း၊ ဩဂုတ် ၂၈ရက် ယနေ့တွင် အယ်လ်ဖာဘီလပ်မြေစက်ရုံကိုလည်းကောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံးမှုအနည်းဆုံး၊ စက်ရုံ၊ အလုပ်ရုံများပျက်စီးမှုအနည်းဆုံးဖြင့် အောင်မြင်စွာပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး အကြမ်းဖက်သမားများအနေဖြင့် ထိခိုက်ကျဆုံးမှုများစွာဖြင့် မတ္တရာဒေသ မြောက်ဘက်ခြမ်းသို့ ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုသို့ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရာ စစ်ဆင်ရေးကာလ တစ်လ ခုနှစ်ရက်အတွင်း TNLA နှင့် MDY-PDF အမည်ခံ အကြမ်းဖက်သမားများပူးပေါင်းအဖွဲ့နှင့် တိုက်ပွဲကြီးငယ် ၂၄ ကြိမ်ဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ နိုင်ငံတော်အတွက် အသက်ပေးလှူ၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်း ၁၅ လောင်း၊ လက်နက်မျိုးစုံ ၄၆ လက်၊ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများစွာသိမ်းဆည်းရမိခဲ့သည်။

ထိုသို့တိုက်ခိုက်သိမ်းပိုက်စဉ် TNLAနှင့် MDY-PDF အမည်ခံ အကြမ်းဖက်သမားများပူးပေါင်းအဖွဲ့သည် ၎င်းတို့၏ အခိုင်အမာနေရာများအား အယ်လ်ဖာဘီလပ်မြေစက်ရုံမှထွက်ရှိပြီး ဘီလပ်မြေများ၊ အယ်လ်ဖာတံဆိပ်ပါ ဘီလပ်မြေအိတ်ခွံအမြောက်အမြားကို အသုံးပြု၍ ကွန်ကရစ်ဘန်ကာများ၊ မြေခွေးကျင်းများနှင့် ဆက်သွယ်ရေးမြောင်းများကို တည်ဆောက် တုံ့ပြန်ခဲ့ကြခြင်းဖြစ်သည်။ ထိုသို့ အခိုင်အမာနေရာများ ပြုလုပ်၍ တပ်မတော်စစ်ကြောင်းများကို အဆင့်ဆင့်ပိတ်ဆို့တိုက်ခိုက်ခဲ့သော်လည်း တပ်မတော်စစ်ကြောင်းများက စက်ရုံနှင့် သတ္တုတွင်းနေရာများ ပြန်လည်သိမ်းပိုက်ရာတွင် စက်ရုံ၊ အလုပ်ရုံနေရာများရှိ အဆောက်အအုံများနှင့် စက်ပစ္စည်းကိရိယာများ ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်စေရေးဂရုပြု၍ ကန့်သတ်ချက်များကြားမှ ထိန်းထိန်းသိမ်းသိမ်းဖြင့် တိုက်စစ်ဆင်ခဲ့ရသည်။

အယ်လ်ဖာ ဘီလပ်မြေစက်ရုံသည် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဒဟတ္တောကျေးရွာအုပ်စု အောင်သပြေကျေးရွာအနီးတွင်တည်ရှိပြီး ၂၀၁၇ ခုနှစ်တွင် စီမံကိန်းလုပ်ငန်းများစတင်ခဲ့ကာ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် ထုတ်လုပ်မှုများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းစက်ရုံတွင် နိုင်ငံခြားသားပညာရှင် ဦးရေ ၈၀၊ ပြည်တွင်းလုပ်သားဦးရေ ၃၀၀ တို့ဖြင့် လည်ပတ်လျက်ရှိပြီး တစ်နေ့လျှင် ဘီလပ်မြေတန်ချိန် ၅၀၀၀ ထွက်ရှိကာ ဒေသတွင်း ဘီလပ်မြေလိုအပ်ချက်များကို များစွာဖြည့်ဆည်းပေးလျက်ရှိသည့် စက်ရုံတစ်ရုံဖြစ်သည်။

အဆိုပါဘီလပ်မြေစက်ရုံအားအကြမ်းဖက်အဖွဲ့များက အခိုင်အမာနေရာအဖြစ်အင်အားစုဖွဲ့နေသည့်အချိန်တွင် စက်ရုံလည်ပတ်နိုင်ခြင်း မရှိသည့်အတွက်

အလားတူဖယောင်းတောင်သတ္တုတွင်း (ရွှေသန့်စင်)လုပ်ငန်းကို သတ္တုတွင်းဝန်ကြီးဌာနက ၁၉၈၆ ခုနှစ်မှ ၁၉၉၇ ခုနှစ်ထိ နိုင်ငံ့အကျိုးစီးပွားအတွက် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး ၁၉၉၈ နောက်ပိုင်းတွင် ပုဂ္ဂလိကပိုင်စက်ရုံအဖြစ် လုပ်ငန်းငှားရမ်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ သတ္တုတွင်းလုပ်ငန်းအနေဖြင့် နိုင်ငံ့အဖိုးတန်ရွှေသတ္တုအရိုင်းများကို ထုတ်လုပ်ခြင်း၊ သန့်စင်ခြင်းလုပ်ငန်းများဖြင့် နိုင်ငံတော်နှင့်ပြည်သူလူထု၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုလျက်ရှိသကဲ့သို့ ဝန်ထမ်းဦးရေ ၁၇၀ ကျော်ကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးလျက်ရှိသည့် အကျိုးပြုလုပ်ငန်းတစ်ခုဖြစ်သည်။ TNLAနှင့် MDY-PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့ ခေတ္တစိုးမိုးထားသည့်အချိန်အတွင်း လုပ်ငန်းဆောင်ရွက်မှုများရပ်တန့်သွားခဲ့ရခြင်း၊ နိုင်ငံ့အဖိုးတန်ထုတ်လုပ်ပြီး သတ္တုတွင်းထွက်ပစ္စည်းအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ သို့ဖြစ်၍ ဒေသတွင်း ဘီလပ်မြေလိုအပ်ချက်များကို ဈေးနှုန်းသက်သာစွာ ပြန်လည်ဖြည့်ဆည်းပေးနိုင်မည့်အပြင် ဒေသခံပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများလည်း ပြန်လည်ဖော်ဆောင် ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် မတ္တရာနှင့် သပိတ်ကျင်းမြို့နယ်အကြား TNLAနှင့် MDY-PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့များ ကျန်ရှိနေသေးသည့်နေရာများအား ဆက်လက်နယ်မြေရှင်းလင်းသွားမည် ဖြစ်ကြောင်း သိရှိရပြီး နယ်မြေရှင်းလင်းခြင်းနှင့်အတူ နိုင်ငံတော်နှင့်ပုဂ္ဂလိကပိုင် အဖိုးတန်သတ္တုတွင်းထွက်ပစ္စည်းများ ထွက်ရှိရာနေရာများ၊ စက်ရုံ၊ အလုပ်ရုံများကိုလည်း ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)





TNLA နှင့် MDY-PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ပူးပေါင်းအဖွဲ့ထံမှ သိမ်းဆည်းရမိ အလောင်းနှင့် လက်နက်ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

# ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၅၁၆ ဧက စိုက်ပျိုးမည်


ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**မော်လိုက် ဩဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၅၁၆ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၅၁၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဖောင်းပြင်မြို့နယ်မှာ မြေပဲဧက ၁၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်စိုက်ပျိုးလာကြပြီး အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ကုန်ကျစရိတ် ငွေကျပ်နှစ်သိန်းကျော်ရှိပြီး မြေပဲတစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ဖောင်းပြင်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆီထွက်သီးနှံမြေပဲကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဆီထွက်သီးနှံမြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဖီးကြမ်းငှက်ပျောအဖီးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၅၅၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၄၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၅၅၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ဖီးကြမ်းငှက်ပျောသီးတွေ ရန်ကုန်ဈေးကွက်ကို တင်ပို့အားကောင်းခဲ့ပါတယ်။ ဒေသထွက်သီးနှံတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချခဲ့တာပါ။ ဒီဒေသက ထွက်ရှိတဲ့ ဖီးကြမ်းငှက်ပျောသီးတွေက လတ်ဆတ်ပြီး အရည်အသွေး ကောင်းမွန်တာကြောင့် ရန်ကုန်ဈေးကွက်ဘက်က မှာယူမှုအားကောင်းတာကြောင့် ဇူလိုင်လထဲမှာ အများဆုံးတင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိ ငှက်ပျောသီးဈေးကလဲ ကောင်းမွန်နေပါတယ်" ဟု ဓနုဖြူမြို့နယ် ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။



ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဒေသထွက်ငှက်ပျောများ အရောင်းအဝယ် ကောင်းမွန်နေသည့်အတွက် လုပ်သားများ၊ ကုန်သည်များ၊ စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# လေးမျက်နှာမြို့နယ် ဝါးရုံချောင်းကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**လေးမျက်နှာ ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝါးရုံချောင်းကျေးရွာအုပ်စု ဝါးရုံချောင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဝါးရုံချောင်းကျေးရွာ၌ ကျေးရွာရပ်မိရပ်ဖများ၊ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ၄၀၀ ဗို့ဓာတ်အားလိုင်း သွယ်တန်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ဝါးရုံချောင်းကျေးရွာတွင် ၄၀၀ ဗို့ဓာတ်အားလိုင်း ပေ ၁၉၃၀ သွယ်တန်းခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၁၁ ဒသမ ၆ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဇွန်လစတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သံသာ**

# နိုင်ငံအားထား လူငယ်များ

- တို့နိုင်ငံ သာယာလှ
  သဘာဝ တောတောင်မြေ၊
  သယံဇာတ ပေါကြွယ်ဝ
  အေးမြလို့နေ၊
  ရိုးသားကြ လွန်ဖော်ရွေ
  ချစ်ကြည်လေ သွေးချင်းများ၊
  တို့တိုင်းပြည် အနာဂတ်
  တိုးတက်စေသား။

- လူ့စွမ်းအား အရင်းအမြစ်
  ကျိုးဖြစ်ထွန်း တို့လူငယ်၊
  ဖွဲ့လုံ့လ ဝီရိယထားလို့
  ကြိုးစားကြမယ်၊
  သမိုင်းပေး တာဝန်အသွယ်သွယ်
  လက်ဆင့်ကမ်းသယ် ပခုံးထမ်း၊
  ဖွံ့ဖြိုးကာ တိုးတက်စည်ဖို့
  ရည်ရွယ်လျှောက်လှမ်း။

- ကမ္ဘာ့နိုင်ငံ တိုင်းပြည်များက
  ဖွံ့ဖြိုးလှ တိုးတက်နေ၊
  လူငယ်များ အားကိုယူလို့
  ဝိုင်းကူစို့လေ၊
  မျိုးဆက်သစ် မောင်မယ်တွေ
  စည်းလုံးပေ ညီညွတ်အား၊
  ဉာဏ်ပညာ စိတ်ဓာတ်ကောင်းနဲ့
  ယှဉ်ပြိုင်ကာ အောင်မြင်စေဖို့
  လူငယ်များ ဦးဆောင်စတမ်း
  လျှောက်လှမ်းစေသား။ ။

ဇင်မင်းစိုး(ဗိုလ်ကလေး)

# ပေါင်မြို့နယ် ပိတောက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါင် ဩဂုတ် ၂၈**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပိတောက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၂၇ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖူးပွင့်ခိုင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၆ သန်းကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပိတောက်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၁၁ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၅ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၁၂ ဒသမ ၂ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၃ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၂ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သုတ**

# မြန်မာရနံ့ မြန်မာအတွေး

ဆူးသစ်

**"လာလာလေ လိုက်ခဲ့တော့**
**တို့စရိုက် တို့ဘာသာ**
**နှစ်ဆန်းခါ ပိတောက်ကြွေးချိန်မို့**
**ကစားကာ ရေကြည်ကြည်နဲ့**
**ပီပေသည် မြန်မာမျိုးကိုလ**
**တိုးဆင့်၍ချစ်ခဲ့တာ"**

သည်ကဗျာစာပိုဒ်လေးသည် ၁၉၆၇ ခုနှစ် ပထမအကြိမ်ထုတ် အထက်တန်းကဗျာ လက်ရွေးစင်စာအုပ်နှင့် ခေတ်စမ်းကဗျာများ ပထမတွဲတွင်လည်း ဂန္ထလောက မဂ္ဂဇင်း ၁၂၉၄ ခုနှစ် တပို့တွဲ၊ တပေါင်းမှ ကောက်နုတ်ဖော်ပြထားသော ဆရာဇော်ဂျီ၏ "တစ်ခုသော သင်္ကြန်အခါ"ကဗျာ၏ ပထမဆုံးစာပိုဒ်ပင်ဖြစ်သည်။

အမျိုးသားစာဆိုကြီးဟု တင်စားခေါ်ဝေါ်ရသော ဆရာဇော်ဂျီ၏ ထို "တစ်ခုသော သင်္ကြန်အခါ"သည် မြန်မာတို့၏နှစ်ကူးနှင့် နှစ်ဆန်းအခါသမယတို့၏ အကောင်းဆုံး ပုံရိပ်တစ်ခုဟု ဆိုသော်ရနိုင်လေသည်။ ကျွန်တော်တို့ လက်လှမ်းမီနိုင်သေးသော အတိတ်၏ အရိပ်တစ်ခုဟုဆိုလျှင်လည်း ရပါလိမ့်မည်။

ဆရာဇော်ဂျီ၏ကဗျာကို ပြန်လည်ဖတ်ရှုချိန်၌ ထိုပထမပိုဒ်ကို ဖတ်ရင်းမှာပင် ကျွန်တော့်အတွေးထဲ၌ ယနေ့ခေတ်သင်္ကြန်၏ပုံရိပ်များ ဝင်ရောက်လာပါတော့သည်။ ဆရာက သူ့ကဗျာထဲ၌ သင်္ကြန်ကို ပုံဖော်ရာတွင် –

**"ကစားကာ ရေကြည်ကြည်နဲ့၊ ပီပေသည် မြန်မာမျိုးကိုလ၊ တိုးဆင့်၍ ချစ်ခဲ့တာ"**ဟုဆိုခဲ့သည်။ ထိုအခါ ကျွန်တော်တို့ လက်တွေ့ရင်ဆိုင်နေရသော သင်္ကြန်များသည် ရေကြည်ကြည်နှင့်ရော ဟုတ်ပါသလား။ မြန်မာရော ပီသပါသလား။ တကယ်ရော ချစ်ဖို့ကောင်းပါသလားဆိုသည်ကို ဆင်ခြင်ရန် လိုလာပါသည်။

ဝမ်းနည်းစရာကောင်းလှပါသည်။ ယနေ့ခေတ်နှင့် ချိန်ထိုးလိုက်လျှင် ဆရာဇော်ဂျီ၏ "တစ်ခုသော သင်္ကြန်ခါ"သည် တကယ့်ကို ဟိုတုန်းက "တစ်ခုသော သင်္ကြန်အခါ"ဖြစ်သွားရပါပြီ။

သင်္ကြန်ကို လူတော်တော်များများက ရေကစားရန်အတွက်သာ စိတ်ဝင်စားကြသည်။ သင်္ကြန်၏ အဓိပ္ပာယ်နှင့် အနှစ်သာရကို စိတ်မဝင်စားကြပေ။ ခေတ်၏တောင်းဆိုမှုနှင့် ပြောင်းလဲမှုကြောင့်ဟု ဆိုလျှင်ရသော်လည်း မြန်မာဖြစ်နေသရွေ့ သင်္ကြန်၏ အနှစ်သာရကို ပြည့်ပြည့်ဝဝနားလည်သင့်လေသည်။ စင်စစ် "သင်္ကြန်" ဆိုသည်မှာ သင်္ကန္တဆိုသော ပါဠိ သက္ကတမှဆင်းသက်လာပြီး ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရကြောင်း၊ အတာဆိုသည်မှာ မြန်မာဝေါဟာရဖြစ်ပြီး အတိုင်းအတာဟု အဓိပ္ပာယ်ရ၍ နှစ်တစ်ခုမှတစ်ခုသို့ ကူးပြောင်းသောကြားကာလကို အတာဟုခေါ်ကြောင်း ကျွန်တော်မှတ်သားဖူးလေသည်။ ဤသို့ဆိုလျှင် မြန်မာတို့၏ အတာသင်္ကြန်သည် နှစ်တစ်ခုမှ တစ်ခုသို့ ကူးပြောင်းခြင်းအတိုင်းအတာကို ပင်ခေါ်သည်ဟု မှတ်ယူရပေမည်။

ဤသို့ဆိုလျှင် သင်္ကြန်၏အနှစ်သာရမှာ ရှင်းလင်းပေါ်လွင်နေပေပြီ။ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည်။ ထိုသို့ကူးပြောင်းရာတွင် နှစ်ဟောင်းမှ အညစ်အကြေးများကို နှစ်သစ်သို့ပါမသွားစေရန် ရေဖြင့်သွန်းလောင်းဆေးကြောသည်။ ထို့ကြောင့် ရေပွဲတော်ဟုလည်းခေါ်နိုင်သည်။ သည်လိုသတ်မှတ်၍ရသည်။ သို့သော် ထိုရေဖြင့်လောင်း၍ နှစ်ကူးခြင်းကိုပင် ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ဖော်ဆောင်လာခဲ့ကြရာ ယနေ့ကျွန်တော်တို့ ကြုံတွေ့နေရသော သင်္ကြန်သည် အချိန်ကာလ၏ရွေ့လျားမှုနှင့်အတူ ပြောင်းလဲလာသော သင်္ကြန်ဖြစ်လာရာ ရေဖြင့်လောင်း၍ သန့်စင်မွန်မြတ်သော သင်္ကြန်ဖြစ်ရမည့်အစား အညစ်အကြေးများဖြင့် စွန်းထင်းနေသော သင်္ကြန် ဖြစ်လာပါသည်။

ရှေးမြန်မာဘုရင်များလက်ထက်က သင်္ကြန်တွင် သပြေခက်နှင့် ရေပက်သည်ဟု မှတ်သားဖူးသည်။ ကျွန်တော်တို့ခေတ်တွင် ထိုသို့ပက်စရာ မြို့ပေါ်တွင် သပြေခက်ရှားပါးလှသည်။ ထို့ကြောင့် သပြေခက်နှင့် ရေပက်မရသောအခါ ရေခွက်နှင့်ပက်သည်။ သဘာဝကျပါသည်။ ရှေးခေတ်ကအတိုင်း ကျွန်တော်တို့ ကြိုးစားရန်မလိုပေ။ သို့သော် ကျွန်တော်တို့ ထိန်းသိမ်းခဲ့သော ရေပက်သည့်အစဉ်အလာသည် ယဉ်ကျေးမှုမပျောက်ရန်လိုသည်။

**❖ သပြေခက်နှင့် ရေပက်ခြင်းက မြို့ပေါ်ရှိ သင်္ကြန်ပွဲတော်ဖွင့်ပွဲ အခမ်းအနားများတွင်သာရှိပြီး နယ်များတွင် မရှိတော့ပေ။ သင်္ကြန်မှာ ရေပက်သည်ဆိုသော ယဉ်ကျေးမှုအစဉ်အလာကို သိမ်မွေ့စွာ ထိန်းသိမ်းထားလျှင်ပင် ကျေနပ်စရာကောင်းလှပေပြီ။ ယခုတော့ ထိုသို့မဟုတ်။ ပထမတော့ ရေခွက်နှင့်ပက်သည်။ လမ်းလျှောက်သူကိုလောင်းသည်။ ကားနှင့်လာသူကို ပက်သည်။ နောက်တော့ ခေတ်မီလာသည်။ မော်တာနှင့်ပိုက်များနှင့်ဖြစ်ကုန်သည်။ ❖**

သပြေခက်နှင့် ရေပက်ခြင်းက မြို့ပေါ်ရှိ သင်္ကြန်ပွဲတော်ဖွင့်ပွဲအခမ်းအနားများတွင်သာရှိပြီး နယ်များတွင် မရှိတော့ပေ။ သင်္ကြန်မှာ ရေပက်သည်ဆိုသော ယဉ်ကျေးမှုအစဉ်အလာကို သိမ်မွေ့စွာထိန်းသိမ်းထားလျှင်ပင် ကျေနပ်စရာကောင်းလှပေပြီ။ ယခုတော့ ထိုသို့မဟုတ်။

ပထမတော့ ရေခွက်နှင့်ပက်သည်။ လမ်းလျှောက်သူကိုလောင်းသည်။ ကားနှင့်လာသူကို ပက်သည်။ နောက်တော့ ခေတ်မီလာသည်။ မော်တာနှင့်ပိုက်များနှင့်ဖြစ်ကုန်သည်။ ဖြစ်သည်မှ တော်ရုံတန်ရုံမဟုတ်။ ပိုက်သေးသေး၊ ခေါင်းသေးသေး ရေအားပြင်းပြင်း၊ စူးစူးရှရှ ခံစားစေရမည့် ရေပက်မှုမှသည် မီးသတ်ပိုက်ကဲ့သို့ ရေလုံးကြီးကြီးရေအားပြင်းပြင်း မူးဝေနာကျင်စေနိုင်လောက်အောင် ခံစားနိုင်သည့် ရေပက်မှုထိဖြစ်သည်။ ဤသည်မှာ လူငယ်ပိုင်းနှင့် လူလတ်ပိုင်းများအပါအဝင် လူကြီးပိုင်းတချို့တွင်ပါ ပက်လေ့ရှိသောဓလေ့ဖြစ်သည်။

သင်္ကြန်ဆိုမှတော့ ကလေးများကိုလည်း ချန်ထား၍မရ။ သူတို့ကတော့ ပိုက်သေးသေး ရေပြွတ်၊ ရေခွက်မှစကာ နောက်ပိုင်းတိုးတက်လာ၍ စတီးပြွတ်အဆင့်ထိ ရောက်လာသည်။ ကလေးအားနှင့်ပက်၍ တော်ရုံတန်ရုံဘာမျှမဖြစ်။ သို့သော် ပိုက်၊ ရေပြွတ်၊ ရေခွက်ကြီးများ မနိုင်သောကလေးလက်ကို နို့ဆီခွက်ထည့်ပေးလိုက်သောအခါ ခွက်စောင်းခုတ်သည်ဟူသော ဝေါဟာရသစ်သည် ကျွန်တော်တို့မြန်မာ့ရိုးရာသင်္ကြန်မှာ ပေါ်ထွက်လာပါတော့သည်။ အမှန်ကတော့ ထိုသို့ခွက်စောင်းခုတ်ခြင်းသည် ကလေးကစသော်လည်း လူကြီးများက အကောင်အထည်ဖော်သောကြောင့် တွင်ကျယ်သွားရခြင်းဖြစ်သည်။ လူတစ်ယောက်ကို ရိုးရိုးတန်းတန်း ရေပက်ရမည့်အစား နို့ဆီခွက် သို့မဟုတ် ပလတ်စတစ်ခွက် သေးသေးနှင့် တစောင်းလွှဲကာ အားရပါးရ ခုတ်ရခြင်းက နှစ်ဟောင်းက အညစ်အကြေးကို ဆေးကြောခြင်း ဖြစ်နိုင်ပါတော့မည်လား၊ ခွက်စောင်းခုတ်သူ၏လက်က ခွက်လွတ်သွား၍ အပက်ခံရသူကို သွားမှန်လျှင် ရေအပက်ခံရသူက စိတ်ဆိုး၍ ပြန်ပြောလျှင် ပြဿနာတက်၊ ရေလောင်းသူနှင့်စကားများရန်ဖြစ်ကြသည့်အခါ ထိုသင်္ကြန်မျိုးကရော ပျော်စရာကောင်းပါတော့မည်လား။

ပိုက်လုံးဖြင့် ရေပက်သူများရော ကြည့်ပါဦး။ တချို့က တကယ်ရေပက်ချင်စိတ်နှင့်ပက်သည်။ တချို့က ကိုယ်ချင်းမစာမနာ အံကြိတ်ကာပင် ပိုက်နှင့်ထိုးလိုက်သေးသည်။ ပိုက်ဖြင့်ထိုးတော့လည်း မတ်တတ်ပင်ရပ်၍မရအောင် လိုက်ထိုးသည်။ သင်္ကြန်ထုံးစံအမိုးဖွင့်ကားနှင့်လည်ကြ၍ နောက်ခန်းပါလာသူအားလုံးသည် သူတို့ရေပက်သူများ၏ ပစ်မှတ်များသဖွယ်ခံကြရရာ မဏ္ဍပ်မှလှမ်းပက်သော ရေလုံးကို ရှောင်နိုင်ခံနိုင်သော်လည်း ကားနားကပ်၍ ပိုက်နှင့်လိုက်ထိုးသူများကိုတော့ မခံနိုင်တော့ပေ။ ရေပက်သူများပုံစံကလည်း ရေပက်သည်နှင့် မတူတော့ပေ။

လွန်ခဲ့သော ဆယ်နှစ်ဝန်းကျင်က သင်္ကြန်တစ်ခုတွင် ကျွန်တော်အပါအဝင် သူငယ်ချင်းများ ကားနှင့်လျှောက်လည်ခဲ့ကြဖူးသည်။ သူငယ်ချင်းတစ်ယောက်၏ သားရေစစ်စစ်ဖြင့် လုပ်ထားသောဂျာကင်ကြီး ရေပိုက်ဒဏ်ကြောင့် ကျောတည့်တည့်မှကွဲသွားသည်။ ကျွန်တော်ကိုယ်တိုင်ပင်လျှင် နားထဲကို ပိုက်များနှင့်အထိုးခံရ၍ သင်္ကြန်အပြီးမှာ နားထဲမှ သွေးထွက်ကာ အနာဖြစ်သွားသဖြင့် သင်္ကြန်ဆိုမလည်ရဲတော့ပေ။ ဤသည်က ကျွန်တော်တစ်ဦးတည်းအနေဖြင့် ပြောခြင်းဖြစ်သည်။ ကျွန်တော့်လိုလူများ ဘယ်နှယောက်ရှိသွားပြီဆိုသည်ကို မသိနိုင်။ ထိုမျှမက သင်္ကြန်တစ်မနက်၊ တစ်ညနေလည်ပြီးတိုင်း မျက်နှာမှာ ထူအန်းအန်း၊ စပ်ဖျဉ်းဖျဉ်းနှင့်ခံစားခဲ့ရသည်ကိုမမေ့သေး။ ရေပိုက်များ၏ ပစ်မှတ်ထဲမှာ ကျွန်တော်တို့ပါခဲ့သည် မဟုတ်လား။

သင်္ကြန်၏ပိုက်လုံးဖြင့်ရေပက်သော အလေ့အထနောက်တွင် မည်သည့်နိုင်ငံမှာမျှမရှိသော ရေပူဖောင်းများနှင့် ရေကစားခြင်းပင်။ ရိုးရိုးပူဖောင်းသေးသေးကို ရေထည့်၊ တံတားပေါ်၊ အိမ်မြင့်မြင့်ပေါ်မှလှမ်းထု၊ မှန်လျှင်ဝမ်းသာ၍ တချို့ပူဖောင်းက ကွဲသွား၊ တချို့ကမကွဲ၊ အထုခံရသူကကောက်ပြီး ပြန်ထု၊ အပြန်အလှန်ထု၊ နောက်ဆုံးပြဿနာတက်။ သည်မှာပင် ရေပူဖောင်းဝယ်မရ၍ ပလတ်စတစ်အိတ်ကိုရေထည့်ကာထုသော ရေအိတ်များလည်း ပေါ်လာပြန်ရာ အမိန့်ထုတ်၍ တားရသည့်အဆင့်ကိုပင် ရောက်သွားခဲ့လေသည်။ ထိုတားမြစ်မိန့်ကြောင့်ပင် ထောင်ကျမည်စိုး၍ ရေပူဖောင်းတစ်စခန်းရပ်သွားခဲ့ဖူးပါသည်။ မရပ်ဘဲ ကျန်နေသည်ကတော့ "ပိုက်လုံး ယဉ်ကျေးမှု"ပင်။

**"မကောင်းသောအကျင့်များသည် မသိမသာ မထင်မရှားသော အတိုင်းအတာများအားဖြင့် တစ်နေ့တခြား ကြီးထွားသွားစမြဲဖြစ်သည် ဟူသောစကားတစ်ခုရှိသည်"**ဟု ဆရာဖေမြင့်၏ **"အောင်မြင်မှု ချမ်းသာသုခနှင့် ဓနဥစ္စာ"**ဆိုသော စာအုပ်ထဲမှ ဖတ်၍မှတ်သားဖူးသည်။ ယခုလည်း ထိုအတိုင်းဖြစ်သွားခြင်းပင်။ ပိုက်လုံးဖြင့်ထိုး၍ အားမရ၊ ခွက်စောင်းခုတ်၍ ထုသည့်အဆင့်သို့ ရောက်သွားခြင်းပင်။ ထိုအခါ ကျွန်တော်တို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ထဲတွင် ဘယ်သောအခါမျှမပါခဲ့သော ဝေါဟာရများကို ကျွန်တော်တို့ မြင်တွေ့ကြားသိလာရလေပြီ။ "ပက်၊ လောင်း"ဆိုသော ဝေါဟာရများအစား ထိုး၊ ခုတ်၊ ထုဆိုသော ဝေါဟာရများ ခေတ်စားလာခဲ့ကြပြီ မဟုတ်ပါလား။

မကောင်းသောအကျင့်များက ထိုမျှသန္ဓေတည်ရုံ မဟုတ်။ ဆက်လက်ကြီးထွားသွားသည်ဟုဆိုရပေဦးမည်။ အဘယ်ကြောင့်ဆိုသော် ရိုးရိုးရေဖြင့် ပက်နေရာမှ ပထမတော့ ရေမွှေးထည့်သည်။ နောက်တော့ ဆပ်ပြာရည်နှင့်ပက်သည်။ တချို့က ပြောင်သလိုနောက်သလိုနှင့် ထိုဆပ်ပြာရည်ဖြင့် ခေါင်းကိုလောင်းကာ ခေါင်းလျှော်ပေးသည်ဟုဆို၍ ခေါင်းကိုပင်ပွတ်ပေးသေးသည်။ မိန်းကလေးအများစု ခံရ၏။

ရှေးကတည်းက အမွှေးနံ့သာနှင့်ရော၍ ရေပက်သည့် အစဉ်အလာရှိခဲ့ကြောင်း မှတ်သားဖူးသည်။ ထို့ကြောင့် ယခုခေတ် ရေမွှေးရောသည်ကို ဘာမျှမပြောလို။ ရေအသန့်မဟုတ်၍ မျက်စိထဲမဝင်စေရန်တော့ ပက်သူများဘက်က သတိပြုရမည်။ ဆပ်ပြာရည်ကျတော့ ပိုဆိုးလာသည်။ သည်ဘက်ခေတ် ဆပ်ပြာမှုန့်များထဲတွင် ဓာတုပစ္စည်းများပါသဖြင့် ပြင်းထန်ပါက ဆေးရုံ၊ ဆေးခန်းတွင် ကုသမှုခံယူရသည်အထိ ဆပ်ပြာရည်နှင့် အပက်ခံရသူတစ်ယောက်တွင် ထိခိုက်နစ်နာမှုများဖြစ်စေသည်။ ထိုသို့ဆပ်ပြာရည်နှင့် ပက်သူများသည် လမ်းလျှောက်သည့်သူကိုသာမက ကားပေါ်ပါလူကိုပါ ပုံးလိုက်ပက်တတ်သေးရာ အမြှုပ်ထနေသည့် ဆပ်ပြာရည်ထိကုန်သော ရေပက်ခံရသူမှာ သင်္ကြန်၏ပျော်ရွှင်မှုရသပျောက်ကုန်ပါတော့သည်။

ရေပက်ခံသူများသည် ရှေးတုန်းက သင်္ကြန်တွင် အေးချမ်းစွာရေကစားကြ၏။ သည်ဘက်ခေတ်မှာတော့ လမ်းလျှောက်ထွက်၍ ရေပက်ခံသူပင် ဘယ်အချိန် ခွက်စောင်းခုတ်ခံရမလဲတွေးရင်း ကျောမလုံချင်။ ကားနှင့်ထွက်လည်သူများကျတော့ ကြည့်ပါ။ ဘယ်တုန်းကမျှ မသုံးဘဲထားသော တဘက်အကောင်းစားထူထူကြီးများကို အချမ်းဒဏ်ခံနိုင်ရန်အတွက်ဆိုသည်ထက် ရေပိုက်ဒဏ်၊ ခွက်စောင်းဒဏ်ခံနိုင်ရန် လုံလုံခြုံခြုံဖြစ်အောင် အကာအကွယ်အဖြစ် ဆောင်ရသည့်သဘောဖြင့်

# ကနေဒါနိုင်ငံ စနိုးလိတ်ရေိယာအတွင်း တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံများဘေးလွတ်ရာရွှေ့ပြောင်းရန် ထုတ်ပြန်ချက်ကို ပြန်လည်ရုပ်သိမ်း



**အော့တဝါ ဩဂုတ် ၂၈**

ကနေဒါနိုင်ငံ မနီတိုဘာပြည်နယ် စနိုးလိတ်ဇေိယာအတွင်း တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပြီး ဩဂုတ် ၂၇ ရက်မှ စတင်၍ တောမီး စတင်ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက်ကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ထုတ်ပြန်ချက်ကို ပြန်လည်ရုပ်သိမ်းလိုက်ပြီ ဖြစ်ကြောင်း မနီတိုဘာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည် စနိုးလိတ်ဇေိယာအနီးတွင် အဓိက လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး တောမီးလောင်ကျွမ်းမှုကြောင့် Hudbay Minerals ကုမ္ပဏီမှ သတ္တုမိုင်းတွင်းတူးဖော်ရေး လုပ်ငန်းများကို ယာယီ ရပ်ဆိုင်းခဲ့ရကြောင်း၊ တောမီးကို စတင်ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် သတ္တုမိုင်းတွင်းတူးဖော်ရေးလုပ်ငန်းများကို ပြန်လည် စတင်နေပြီဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှသိရသည်။

"တောမီးလောင်ကျွမ်းမှုကြောင့် လုပ်ငန်းတွေအားလုံးကို ရပ်ဆိုင်းခဲ့ရသလို ဝန်ထမ်းတွေအားလုံးလဲဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပါတယ်။ ဩဂုတ် ၂၇ ရက်မှာတော့ တောမီးကို စတင်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သလို တောမီးကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ထုတ်ပြန်ချက်ကိုလဲ ပြန်ရုပ်သိမ်းကြောင်း ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်လာခဲ့တယ်။ ဒါကြောင့် ကုမ္ပဏီအနေနဲ့ ရပ်ဆိုင်းထားတဲ့ လုပ်ငန်းတွေကို ပြန်လည်စတင်နေပြီဖြစ်ပါတယ်" ဟု Hudbay Minerals မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

စနိုးလိတ်တွင် တောမီးကြောင့် ဒေသခံတချို့ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော်လည်း ထိခိုက်ဒဏ်ရာရရှိသူ မရှိခဲ့သလို လူနေအိမ်ခြေများနှင့် အခြေခံအဆောက်အအုံများဆီသို့ ကူးစက်ခဲ့ခြင်းမရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# နိုင်ဂျီးရီးယားရေဘေးဒဏ်သင့် ပြည်သူများအတွက် တရုတ်အစိုးရက ကန်ဒေါ်လာ တစ်သန်း ကူညီပံ့ပိုး

**အဘူဂျာ ဩဂုတ် ၂၈**

နိုင်ဂျီးရီးယားနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်ကာ သေဆုံးသူများရှိသကဲ့သို့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည့် ပြည်သူများအတွက် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တရုတ်အစိုးရက ဩဂုတ် ၂၇ ရက်တွင် အမေရိကန်ဒေါ်လာ ၁ သန်း ကူညီပံ့ပိုးပေးအပ်သွားခဲ့ကြောင်း နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ တရုတ်သံရုံးက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

နိုင်ဂျီးရီးယားအစိုးရက ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်သော်လည်း ပျက်စီးဆုံးရှုံးမှုများသောကြောင့် ဘဏ္ဍာငွေလိုအပ်လျက်ရှိကြောင်း၊ ထို့ကြောင့် တရုတ်အစိုးရက ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်မြန်ဆန်စေရေးအတွက် နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှတစ်ဆင့် ဆက်သွယ်ပြီး ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

"ရေဘေးဒဏ်သင့် နိုင်ဂျီးရီးယားပြည်သူတွေအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေ ဆောင်ရွက်သွားဖို့ တရုတ်နိုင်ငံအနေနဲ့ နိုင်ဂျီးရီးယားအစိုးရနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့ ဆန္ဒရှိပါတယ်။ ဒါကြောင့်လဲ နိုင်ဂျီးရီးယားအစိုးရထံ ဆက်သွယ်ကမ်းလှမ်းမှုပြုလုပ်ခဲ့ပြီးတော့ နိုင်ဂျီးရီးယားအစိုးရက ကမ်းလှမ်းမှုကို လက်ခံတဲ့အတွက် တရုတ်နိုင်ငံအနေနဲ့ရေဘေးဒဏ်သင့် နိုင်ဂျီးရီးယား ပြည်သူတွေအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေ ဆောင်ရွက်သွားဖို့ အမေရိကန်ဒေါ်လာ တစ်သန်း ပံ့ပိုးကူညီပေးခဲ့ပါတယ်။ နိုင်ဂျီးရီးယားအစိုးရအနေနဲ့ပြည်သူတွေအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကို ထိရောက်စွာဆောင်ရွက်ပေးနိုင်မယ်လို့လဲ ယုံကြည်ပါတယ်" ဟု နိုင်ဂျီးရီးယားနိုင်ငံ တရုတ်သံအမတ်ကြီး ယူဒန်ဟိုင်က ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့တွင် တိုင်ဖွန်းမုန်တိုင်း ကဂျိကိကြောင့် ရေကြီးမှုအခြေအနေ ပြင်းထန်လာနိုင်သဖြင့် ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်ထား

**ဟန္နိုင်း ဩဂုတ် ၂၈**

ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့တွင် တိုင်ဖွန်းမုန်တိုင်း ကဂျိကိကြောင့် ရေကြီးမှုအခြေအနေ ပြင်းထန်လာနိုင်သဖြင့် ဩဂုတ် ၂၇ ရက်မှစ၍ ရေဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်ထားကြောင်း ဗီယက်နမ်အာဏာပိုင်များက ယနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။



ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့တွင် တိုင်ဖွန်းမုန်တိုင်း ကဂျိကိကြောင့် ရေကြီးရေလျှံမှုအပြင် မြေပြိုမှုများ ယခုထက်ပို၍ ဖြစ်ပွားနိုင်ကြောင်း၊ လက်ရှိတွင် အဆိုပါ တိုင်ဖွန်းမုန်တိုင်းကြောင့် သေဆုံးသူ ရှစ်ဦးရှိကြောင်း၊ ၎င်းမုန်တိုင်းကြောင့် ထိုင်းနိုင်ငံရှိ ပြည်နယ်ရှစ်ခုတွင် ရေကြီးမှု၊ မြေပြိုမှုများ ဖြစ်ပွားခဲ့ပြီး အိမ်ထောင်စု ၁၈၀ ကျော် ထိခိုက်ခဲ့ကြောင်း ထိုင်းနိုင်ငံသဘာဝဘေး ကာကွယ်ရေးနှင့် လျော့ပါးရေး ဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အလားတူ ဗီယက်နမ်နိုင်ငံတွင်လည်း တိုင်ဖွန်းမုန်တိုင်း ကဂျိကိကြောင့် လူနေအိမ်ခြေ ၁၀၀၀၀ ကျော် ရေနစ်မြုပ်ခဲ့ပြီး စပါးနှင့် သီးနှံစိုက်ခင်း ၈၉ ဟက်တာကျော် ရေနစ်မြုပ်ခဲ့ကြောင်း၊ လျှပ်စစ်ဓာတ်တိုင်များ ကျိုးကျခဲ့သဖြင့် လူပေါင်း ၁ ဒသမ ၆ သန်းခန့် လျှပ်စစ်မီးပြတ်တောက်ခဲ့ကြောင်း၊ လက်ရှိတွင် မြို့တော် ဟန္နိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် လမ်းများ ပျက်စီးကာ ရေနစ်မြုပ်နေကြောင်း ဗီယက်နမ်အစိုးရက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အိန္ဒိယနိုင်ငံမြောက်ပိုင်း ပြည်နယ်များတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု၊ မြေပြိုမှုများကြောင့် လူ ၄၀ ခန့်သေဆုံးခဲ့

**နယူးဒေလီ ဩဂုတ် ၂၈**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ပြည်နယ်များတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှု၊ မြေပြိုမှုများကြောင့် ဩဂုတ် ၂၇ ရက်တွင် သေဆုံးသူဦးရေသည် ၄၀ ခန့်ရှိကြောင်း ဒေသအာဏာပိုင်များက ယနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

သေဆုံးသူများသည် ဩဂုတ် ၂၆ ရက်က အိန္ဒိယနိုင်ငံရှိ နာမည်ကျော် Vaishno Devi နတ်ကွန်းအနီး မြေပြိုမှုဖြစ်ပွားခဲ့ခြင်းကြောင့် သေဆုံးခဲ့ရခြင်း ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ ဟိမဝန္တာဒေသတွင်လည်း ဩဂုတ်လတတိယပတ်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူ ၆၀ သေဆုံးပြီး ၂၀၀ ကျော် ပျောက်ဆုံးခဲ့ရကြောင်း သိရသည်။

လက်ရှိတွင် မိုးရွာသွန်းမှုကြောင့် မိုးရေချိန်လက်မသည် ၁၄ ဒသမ ၅ လက်မထိ ရှိခဲ့ကြောင်း၊ Tawi၊ Chenab၊ Jhelum နှင့် Basantar မြစ်များတွင် ရေများလျှံတက်ကာ အနိမ့်ပိုင်းဒေသများတွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်နေကြောင်း အိန္ဒိယမိုးလေဝသဌာန (IMD) မှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဟီမာချယ် ပရာဒက်ရှ်ပြည်နယ်၊ ကက်ရှ်မီးယားပြည်နယ်၊ ပန်ဂျပ်ပြည်နယ်တို့တွင် လေပြင်းများတိုက်ခတ်ကာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဒေသဆိုင်ရာ အာဏာပိုင်များက ကျောင်းများကို ပိတ်ထားခဲ့ရကြောင်း သိရသည်။

လက်ရှိတွင် လျှပ်စစ်မီးပြန်လည်ရရှိရေး၊ ရေပေးဝေရေး၊ မိုဘိုင်းလ် ဝန်ဆောင်မှုများအပြင် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိကြောင်း ပြည်နယ်ဝန်ကြီး အိုမာအပ်ဒူလာက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : KZ

# ဘရာဇီးနိုင်ငံတွင် အသားထုတ်လုပ်ရေးလုပ်ငန်းမှ မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှု မြင့်မားနေသဖြင့်လေထုညစ်ညမ်းမှု ဖြစ်ပေါ်နေ

**ဘရာဇီးလီးယား ဩဂုတ် ၂၈**

ဘရာဇီးနိုင်ငံတွင် အသားထုတ်လုပ်ရေးလုပ်ငန်းမှ မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှု မြင့်မားနေသဖြင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေကြောင်း ဘရာဇီးသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများက ဝေဖန်မှုများပြုလုပ်လာသည်ဟု Climate Observatory က ယနေ့တွင် ထုတ်ပြန်သွားခဲ့သည်။

၂၀၂၅ ခုနှစ်အတွင်း မွေးမြူရေးလုပ်ငန်းများမှ ထွက်ပေါ်လာသော မီသိန်းဓာတ်ငွေ့ ပမာဏမှာ ၂၁ ဒသမ ၁ မီလီယံထိရှိနေပြီး ကမ္ဘာ့နိုင်ငံများအနက် ဒုတိယမြောက် မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်မှု အမြင့်မားဆုံးဖြစ်ကြောင်း Climate Observatory က ထုတ်ပြန်သွားခဲ့သည်။

"မီသိန်းဓာတ်ငွေ့က ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့အမျိုးအစားဖြစ်ပြီးတော့ ကာဗွန်ဒိုင်အောက်ဆိုက်ထက် ကမ္ဘာမြေကြီးကို ပိုပူနွေးစေပါတယ်။ မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်မှုကို လျှော့ချနိုင်ဖို့ လိုအပ်နေပါတယ်" ဟု Climate Observatory မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

ဘရာဇီးနိုင်ငံသည် လာမည့်နိုဝင်ဘာလတွင် COP30 ညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ပြီး ၎င်းကာလမတိုင်မီ မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးစီမံချက်များကို ပြင်ဆင်ပြီး စတင်အကောင်အထည်ဖော် သွားသင့်ကြောင်း Climate Observatory က ဘရာဇီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနကို တိုက်တွန်းသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

**ခရီးသွားဆောင်းပါး**

# ပြင်ဦးလွင်မှ မန္တလေးသို့

**သက်နိုင်(ပြင်ဦးလွင်)**

ပြင်ဦးလွင်မြို့နဲ့ ၄၂ မိုင်သာဝေးကွာတဲ့ မန္တလေးမြို့ ခရီးစဉ်မှာ မန္တလေးတောင်ကို ရောက်ရှိနေကြပါပြီ။ ဓာတ်လှေကားနှင့်စက်လှေကားတွေကို အသုံးပြုလို့မရသေးတာကြောင့် စောင်းတန်းလှေကားထစ်တွေအတိုင်း တက်ရောက်ခဲ့ကြရပြီး တောင်ထိပ်ပေါ်ကိုရောက်တာနဲ့ အပန်းဖြေရပါသေးတယ်။ အမောပြေကြတာနဲ့ ဘုရားဖူးမြော်ကန်တော့ကြပြီး ပတ်ဝန်းကျင်တစ်ခွင်ကို မန္တလေးတောင် အပေါ်စီးကနေ လေ့လာကြည့်ရှုခွင့်ရကြအုံးမှာပါ။

အများသိကြတဲ့ မန္တလေးတောင်က အောင်မြေသာစံမြို့နယ်အတွင်းမှာ ပါဝင်တည်ရှိနေသလို မန္တလေးမြို့ရဲ့ အရှေ့မြောက်ဘက် ယွန်းယွန်းမှာ ရှိနေပါတယ်။ ၁၈၆၀ ပြည့်နှစ် မင်းတုန်မင်းလက်ထက်မှာ မကွေးမင်းကြီးဦးကြာဥ၊ မြတောင်ဝန်ကြီး ဦးမှို၊ ပခန်းဝန်ကြီး ဦးရန်ဝေးတို့ဦးဆောင်ပြီး ဗျာဒိတ်တော်ပေးဟန် ဗုဒ္ဓရုပ်ပွားတော်ကြီးကို တောင်ထိပ်မှာ စတင်ထုလုပ်တည်ဆောက်ခဲ့ကြတယ်။ အဲဒီနောက် ကိုလိုနီခေတ်ဦးကာလတွေမှာ ရသေ့ကြီးဦးခန္တီက မန္တလေးတောင်တစ်ခွင်ကို ပြုပြင်တည်ဆောက်မှုတွေ ဆက်တိုက်ပြုလုပ်ဆောင်ရွက်ခဲ့ပြီး မန္တလေးတောင်ကလဲ ထင်ရှားကျော်ကြားလာခဲ့တယ်။ အခုလက်ရှိအချိန်မှာ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှု အနည်းငယ်ရှိနေပြီး ပြန်လည်ပြင်ဆင်မွမ်းမံနေကြတာကို တွေ့မြင်နေကြရတယ်။

ဘုရားဖူးမြော်ပြီးကြလို့ ရှုခင်းတွေကိုကြည့်တဲ့အခါ ဧရာဝတီမြစ်ရေတက်နေပြီး အနီးပတ်ဝန်းကျင်နေရာတချို့မှာ ရေတွေဖုံးလွှမ်းနေတယ်။ တောင်ဘက်ယွန်းယွန်းမှာရှိနေတဲ့ မန္တလေးမြို့ကြီးကတော့ အေးအေးဆေးဆေးတည်တည်ငြိမ်ငြိမ်ပါ။ အရှေ့ဘက်အရပ်မှာတည်ရှိနေတဲ့ ရန်ကင်းတောင် အပါအဝင် ရှမ်းကုန်းမြေမြင့်တောင်တန်းကြီးကိုလဲ ဣန္ဒြေရရ မှိုင်းမှိုင်းညို့ညို့နဲ့ တွေ့မြင်နေရပါတယ်။ တောင်ပေါ်ကနေ အနီးကပ်ဆုံးမြင်တွေ့ရတဲ့ မန္တလေး-မတ္တရာကားလမ်းကြီးကလဲ ဖြောင့်ဖြောင့်ဖြူးဖြူး၊ ကျယ်ကျယ်ဝန်းဝန်းနဲ့ လယ်ကွင်းစိမ်းစိမ်းတွေကြားမှာ တည်ရှိနေတယ်။ တောင်ပေါ်အမြင့်ပိုင်းကနေ တောင်အောက်အနိမ့်ပိုင်းကို မြင်တွေ့နေရတဲ့ လှလှပပ၊ သာသာယာယာ ရှုမြော်ခင်းအစုံစုံတွေကို လူတိုင်းနှစ်သက်ခံစားတတ်ကြသလို ထူးထူးခြားခြား ထင်ထင်ရှားရှားအဖြစ် တွေ့မြင်နေကြရတာတွေကိုလဲ ဒီအဆောက်အအုံကြီးက ဘာဖြစ်မယ်၊ ဒီနေရာက ဘယ်နေရာဖြစ်မယ်၊ ဒီတောင်က ဘာတောင်ဖြစ်မယ် စသဖြင့်ညွှန်ပြပြောဆိုလေ့ရှိနေကြပါတယ်။ မိမိတို့ ခရီးဖော်အဖွဲ့တွေအားလုံးကလဲ တောင်ခြေမှာ၊ တောင်အောက်မှာ၊ အဝေးတစ်နေရာမှာ တွေ့မြင်နေကြရတာတွေကို ကြည့်ရှုကြရင်း ဘာတွေဖြစ်မယ်၊ ဘာတွေဖြစ်နိုင်တယ်ဆိုတာကို ညွှန်ပြပြောဆိုနေကြတယ်။ လေ့လာစရာတွေကို လေ့လာ၊ ကြည့်စရာတွေကို ကြည့်ရှုကြပြီးမှ စောင်းတန်းလှေကားတွေအတိုင်း ပြန်ဆင်းလာခဲ့ကြတယ်။

မန္တလေးတောင်ကနေ ဆက်လက်ရောက်ရှိလာတဲ့နေရာက ဘုရားနီနဲ့ ဖောင်းတော်ကျစေတီကြီးတွေ ရှိတဲ့ နေရာကိုပါ။ ဒီစေတီတော်တွေရှိတဲ့နေရာကို ရတနာပုံတိရစ္ဆာန်ဥယျာဉ် အရှေ့မြောက် ကျုံးလမ်းအတိုင်း အနောက်ဘက်ကို မောင်းနှင်လာခဲ့ပြီး လမ်း ၈၀ ကနေတစ်ဆင့် ဝင်ရောက်လာခဲ့ကြတယ်။ ဘုရားနီနဲ့ ဖောင်းတော်ကျစေတီတွေက ၈၁ လမ်း၊ ၂၁ လမ်းနဲ့ ၂၂ လမ်းကြားမှာ တည်ရှိနေကြတာပါ။ ပထမဦးဆုံးအနေနဲ့ ဘုရားနီစေတီတော်ကြီးကို ဝင်ရောက်ဖူးမြော်ကြတဲ့အခါ မန္တလေးငလျင်ကြီးကြောင့် သုံးပုံ တစ်ပုံကျော် ပြိုကျပျက်စီးနေတာကို ပြန်လည်ပြုပြင်မွမ်းမံနေတာတွေ့မြင်ကြရတယ်။ ဒါပေမဲ့ ပြိုကျနေတဲ့ စေတီကြီးရဲ့အတွင်းမှာ နောက်ထပ် စေတီတစ်ဆူ ထွက်ပေါ်လာတာကိုလဲ ထူးထူးခြားခြားအဖြစ် ဖူးမြော်ကြရပြန်တယ်။ တာဝန်ရှိဘုရားဂေါပကတွေရဲ့ ပြောပြချက်အရ ဘုရားနီစေတီကြီးရဲ့အတွင်းမှာ နောက်ထပ် စေတီတစ်ဆူရှိနေတာကို ဘယ်သူမှ မသိရှိကြကြောင်း၊ ဂေါပကလူကြီးတွေထဲမှာလဲ အသက် ၈၀ ကျော်၊ ၉၀ နီးပါး လူကြီးတွေပါဝင်နေပြီး ဘုရားနီစေတီအနီးမှာ ငယ်စဉ်ကတည်းက နေထိုင်ကြီးပြင်းလာကြတာတောင် မသိရှိခဲ့ကြကြောင်း စတာတွေကို ရှင်းလင်းပြောပြကြတယ်။ တကယ်တော့ နှောင်းခေတ်လူတွေ တွေ့မြင်ဖူးမြော်နေကြရတဲ့ ဘုရားနီစေတီတော်ကြီးက စေတီဟောင်းတစ်ဆူကို ခြုံငုံတည်ထားတဲ့ စေတီကြီးတစ်ဆူ ဖြစ်နေပါတယ်။



ဘုရားနီစေတီကို လေ့လာကြအပြီး တစ်ဝင်းထဲအတွင်းမှာတည်ရှိနေတဲ့ ဖောင်းတော်ကျစေတီရှိရာကို လမ်းလျှောက်ထွက်ခွာလာခဲ့ကြတယ်။ ဒါပေမဲ့ စေတီတော်ကြီးအနီးကိုရောက်လာကြတဲ့အခါ စေတီတော်ကြီးက မန္တလေးငလျင်ကြီးကြောင့် တစ်ဝက်ကျော်ကျော်ပြိုကျပျက်စီးမှုတွေကို ပြန်လည်ပြုပြင်နေတာတွေ့မြင်လိုက်ကြရတယ်။ မြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့တဲ့အတိုင်း ဘယ်အရာမှမမြဲဘူးဆိုတဲ့ သင်္ခါရသဘောတရားတွေပါ။ စေတီတော်ကြီးပျက်စီးပြိုကျနေတာကို လေ့လာကြည့်ရှု ဖူးမြော်အပြီးမှာ ၂၂ (စီ)လမ်းအတိုင်းအောက်ကို မောင်းနှင်လာခဲ့ပြီး ၈၃ လမ်းကိုရောက်တော့ ဘယ်ဘက်ကို ချိုးကွေ့ကာ ရွှေကျီးမြင်ဘုရားရှိရာကို ရောက်လာခဲ့ကြတယ်။ ဒါပေမဲ့ ရွှေကျီးမြင်ဘုရားက ပိတ်ထားတာကြောင့် ဝင်ရောက်ဖူးမြော်ခွင့် မရကြတော့ပါဘူး။ ရွှေကျီးမြင်ဘုရားကလဲ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးတာတွေကို ပြန်လည်ပြုပြင်နေတယ်ထင်ပါတယ်။ သပိတ်ကျင်းမြို့အနီး ဧရာဝတီမြစ်အတွင်းမှာတည်ရှိနေတဲ့ အညာသီဟတောဘုရားက လူသိများပြီး နာမည်ကျော်ကြားလှပါတယ်။ ဘုရားကြီးရဲ့ထူးခြားချက်ကတော့ ဘုရားပွဲတော်ကျင်းပပြုလုပ်နေစဉ်အတွင်းမှာ အညာသီဟတောဘုရားရုပ်ပွားတော်ကို ရွှေကျီးမြင်ဘုရားကနေ ပင့်ဆောင်လာခဲ့ရပြီး ဘုရားပွဲအပြီးမှာ ရုပ်ပွားတော်ကြီးက မူလ ရွှေကျီးမြင်ဘုရားရှိရာကို ပြန်လည်ပင့်ဆောင်ရပါတယ်။ အညာသီဟတောဘုရားရုပ်ပွားတော်ကြီးက ဘုရားပွဲတော် ကျင်းပပြုလုပ်နေစဉ်အတွင်းမှာသာ အညာသီဟတောမှာရှိနေပြီး ပွဲတော်ပြင်ပ ကျန်အချိန်တွေမှာ ရွှေကျီးမြင်ဘုရားမှာ စံပယ်တော်မူလျက်ရှိနေတာပါ။

လွန်ခဲ့တဲ့ နှစ်အနည်းငယ်တုန်းက အညာသီဟတောဘုရားကို ရောက်ခဲ့ပါတယ်။ သပိတ်ကျင်းမြို့ကနေ စက်လှေတစ်စီးနဲ့ တကူးတကသွားရောက်ခဲ့ရတာပါ။ ဒါပေမဲ့ အဲဒီအချိန်တုန်းက ဘုရားပွဲတော်ကာလ မဟုတ်တာကြောင့် အညာသီဟတောရုပ်ပွားတော်ကြီးကို ဖူးမြော်ကန်တော့ခွင့်မရခဲ့ပါဘူး။ မန္တလေးကို ဆင်းတဲ့အခါမှ ရွှေကျီးမြင်ဘုရားမှာ ဝင်ရောက်ဖူးမြော်တော့မယ်လို့ စဉ်းစားတွေးတောထားလိုက်ပေမဲ့ အခုလို မန္တလေးက ဘုရားတွေကို လိုက်လံဖူးမြော်နေတဲ့အခါမှာလဲ ဖူးမြော်ခွင့်မရ ဖြစ်နေတော့တယ်။ ရွှေကျီးမြင်ဘုရားကို ပြန်လည်ဖွင့်လှစ်တဲ့အခါ ထပ်မံလာရောက်ရပါတော့မယ်။

ရွှေကျီးမြင်ဘုရားရဲ့ တည်နေရာအပြည့်အစုံက အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေ အနောက်ရပ် ၂၃ လမ်းနဲ့ ၂၄ လမ်းကြား၊ ၈၂ လမ်းမှာ တည်ရှိနေတာပါ။ ဘုရားသမိုင်းအရဆိုရင် ခရစ်နှစ် ၁၁၁၂ နှစ်က အလောင်းစည်သူမင်းကြီးရဲ့သားတော် မင်းရှင်စောက တည်ထားခဲ့တာဖြစ်ပါတယ်။ မင်းသားမင်းရှင်စောက နောက်လိုက်နောက်ပါ အခြွေအရံတွေနဲ့ အခု ရွှေကျီးမြင်ဘုရားနေရာကို ရောက်ရှိလာတဲ့အခါ ရွှေရောင်အဆင်းရှိတဲ့ ကျီးတစ်ကောင်က ရှေးဟောင်းစေတီပျက်တစ်ဆူအထက်မှာ နားခိုနေတာကို တွေ့မြင်လိုက်ရတယ်။ ဒါကြောင့် ဥမင်ပါစေတီတစ်ဆူကို တည်ထားကိုးကွယ်ခဲ့ရာကနေ ရွှေကျီးမြင်ဘုရားဖြစ်လာရတယ်။

ဝင်ရောက်ဖူးမြော်ခွင့်မရသေးတဲ့ ရွှေကျီးမြင်ဘုရားကနေ ၂၆(ဘီ)လမ်းအတိုင်း အောက်ဘက်ကို မောင်းနှင်လာခဲ့ပြီး ဂေါဝိန်ဆိပ်ရောက်တာနဲ့ ဧရာဝတီမြစ်အလှ၊ စစ်ကိုင်းတောင်ရှုခင်းတွေကို ကြည့်ရှုရင်း စစ်ကိုင်းမြို့ရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြပါတယ်။ ဧရာဝတီမြစ်ထဲမှာ မြစ်ရေတိုးပြီးရေတွေပြည့်နေသလို စစ်ကိုင်းတောင်ကိုလဲ လှမ်းမျှော်မြင်တွေ့နေရပါတယ်။ တဖြည်းဖြည်းနဲ့ စစ်ကိုင်းမြို့ကို နီးကပ်လာတဲ့အချိန်မှာ ခရီးဖော်ကြီးတစ်ယောက်က ရွှေကြက်ကျ၊ ရွှေကြက်ယက်စေတီတော်တွေကို ဝင်ရောက်ဖူးမြော်ကြရအောင်ဆိုတာနဲ့ ဧရာဝတီမြစ်ကမ်းဘေးက ရွှေကြက်ယက်စေတီတော်ရှေ့မှာ ကားကိုရပ်လိုက်ရတယ်။ ရွှေကြက်ယက်စေတီက ဘုရားဖူးမြော်ကန်တော့လို့ရတဲ့အပြင် ဧရာဝတီမြစ်နဲ့ စစ်ကိုင်းတောင်ရှုခင်းတွေကိုလဲ အနီးကပ်ကြည့်ရှုလေ့လာနိုင်ပါတယ်။

စေတီရှေ့မှာ ကားရပ်ခဲ့ပြီး စောင်းတန်းလှေကားထစ်တွေအတိုင်း တဖြည်းဖြည်းနဲ့တက်ရောက်လာတဲ့အခါ ဘယ်ဘက်လှေကားဘေးမှာရှိနေကြတဲ့ စေတီ တချို့ထဲက စေတီတော်တွေပျက်စီးနေတာကို ပြန်လည်ပြုပြင်မွမ်းမံတာတွေ တွေ့မြင်ကြရပါတယ်။ ရှေ့ကို ဆက်တက်ခဲ့ကြပြီး ရွှေကြက်ယက်စေတီတော်ဘုရားကို ဖူးမြော်ခွင့်ရတာကြောင့် ပင်မရွှေကြက်ယက်စေတီတော်ကြီးက ခေတ္တခဏ ပိတ်ထားရလောက်တဲ့ထိ ကြီးကြီးမားမားထိခိုက်ပျက်စီးမှုမရှိကြောင်း ခန့်မှန်းသိရှိလိုက်ရတယ်။ အပေါ်ထိပ်ကို ရောက်လာတဲ့အခါ ဘုရားဖူးမြော်ခွင့်ရနေသလို ရင်ပြင်တော်တွေပေါ်ကနေလဲ ရှုခင်းတွေကိုကြည့်ရှုလို့ရနေတယ်။ ဒါပေမဲ့ အချို့နေရာတွေမှာ အနည်းငယ်ပျက်စီးနေတာကို တွေ့မြင်လိုက်ရပြီး ပြန်လည်မွမ်းမံပြင်ဆင်တာတွေ လုပ်ကိုင်ဆောင်ရွက်နေကြပါပြီ။

ရွှေကြက်ယက်စေတီကို ရောက်ရှိလာတဲ့အကြိမ်တိုင်း ဧရာဝတီမြစ်အလှနဲ့မြစ်ထဲမှာ သွားလာလှုပ်ရှားနေကြတဲ့ လှေသင်္ဘောတွေ၊ ကမ်းကပ်ရပ်နားနေကြတဲ့ လှေသင်္ဘောတွေ၊ ကုန်တင်ကုန်ချ လုပ်နေကြတဲ့ သင်္ဘောကြီးတွေ၊ တွဲကားကြီးတွေကို တွေ့မြင်ကြည့်ရှုကြရတယ်။ ဒီလိုကြည့်ရှုလေ့လာနေကြရင်း ကုန်တင်သင်္ဘောကြီးတစ်စီးပေါ်မှာ တင်ဆောင်ထားတဲ့ ကုန်ပစ္စည်းတွေ၊ ကုန်တင်တွဲကားကြီးတွေကို သတိထားမိပြီး ရေလမ်းခရီးက ကုန်းလမ်းခရီးထက် အရေးပါအရာရောက်ကြောင်းတွေကို ထပ်မံသိမြင်လာရတယ်။ ကုန်တင်သင်္ဘောကြီးတစ်စီးပေါ်မှာ တင်ဆောင်ထားတဲ့ ကုန်တင်တွဲကားအစီးအရေအတွက်က အများအပြားပါ။ ဒါ့ပြင်ကုန်တင်တွဲကားမြောက်မြားစွာက ကုန်ပစ္စည်းတွေကိုလဲ သင်္ဘောကြီးတစ်စီးထဲနဲ့သယ်ဆောင်လို့ရနေတယ်။ ရွှေကြက်ယက်ဘုရားကို ရောက်လာတဲ့အခါတိုင်း ဧရာဝတီမြစ်တွင်းမြင်ကွင်းတွေအားလုံးက စိတ်ဝင်စားဖွယ် ကြည့်ရှုလေ့လာဖို့ကောင်းနေပါတယ်။

ရွှေကြက်ယက်ဘုရားကနေ စစ်ကိုင်းမြို့ရှိရာကို ဧရာဝတီမြစ်ကူးတံတားသစ် ရတနာပုံကနေဖြတ်သန်းမောင်းနှင်လာတော့ မူလပထမစစ်ကိုင်း(အင်းဝ) တံတားကြီး မန္တလေးငလျင်ကြီးကြောင့် ပြိုကျနေတာကိုတွေ့မြင်ရတယ်။ တံတားကြီးပျက်စီးသွားတာကို လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ တွေ့မြင်ထားခဲ့ရပေမဲ့ အခုအချိန်မှာ ကိုယ်တိုင်ကိုယ်ကျမြင်တွေ့နေကြရပါပြီ။ ပထမဦးဆုံး ဧရာဝတီမြစ်ကူးတံတားကြီးလဲဖြစ်၊ မြန်မာနိုင်ငံရဲ့ သမိုင်းဝင်တံတားကြီးလဲဖြစ်၊ နှစ်ပေါင်းတစ်ရာကျော် သက်တမ်းရင့်တံတားကြီးလဲ ဖြစ်တာကြောင့် မြင်တွေ့နေရတဲ့အခြေအနေတွေကို ကြည့်ရင်း နှမြောတသ စိတ်မကောင်းဖြစ်ရပြန်ပါတယ်။ တံတားကြီးကို ပြန်လည်ပြုပြင်မွမ်းမံနေတဲ့ အနေအထားတွေ တွေ့မြင်နေရတာကြောင့်လဲ အောင်အောင်မြင်မြင်နဲ့မြန်မြန်ပြီးစီးပြီး အရင်ကလို လှလှပပ သာသာယာယာနဲ့ ပြန်လည်တွေ့မြင်နေချင်မိပါတယ်။

မိမိတို့ ခရီးစဉ်အရကတော့ စစ်ကိုင်းတောင်ပေါ်ကို တက်ရောက်ပြီး ဆွမ်းဦးပုညရှင်စေတီတော်နှင့် ဥမင်သုံးဆယ်တို့ကို သွားရောက်ကြမှာပါ။ ဒါပေမဲ့ သွားရောက်ပြီးခဲ့တဲ့ နေရာတိုင်းမှာ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုတွေကို ပြန်လည်ပြုပြင်နေတာတွေ တွေ့မြင်နေရပါတယ်။ ခရီးစဉ်အရဆက်လက်သွားရောက်ကြရမဲ့ ဆွမ်းဦးပုညရှင်နဲ့ဥမင်သုံးဆယ်တို့မှာလဲ ဘာတွေကို တွေ့မြင်ကြုံဆုံကြရအုံးမယ်ဆိုတာကို မသိမမြင်ကြရသေးပါဘူး။

# စနေနေ့ညကစားမဲ့ ဥရောပပွဲစဉ်တွေထဲက အိမ်ကွင်းအားသာချက်ရှိနေတဲ့ ချဲလ်ဆီးအသင်း၊ ဆန်းဒါးလန်းအသင်း၊ ဘိုလော့နာအသင်းတို့ကို ရွေးရမှာပါ

M L



ဒီတစ်ပတ် စနေနေ့ညမှာတော့ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုနဲ့ ခြေရည်တူအသင်းတွေ တွေ့ဆုံတဲ့ ပွဲစဉ်တွေများနေတာကို တွေ့ရမှာပါ။ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုမှာတော့ လက်ရှိခြေစွမ်းပိုင်းနဲ့ နည်းစနစ်ပိုင်းကောင်းနေတဲ့ အသင်းတွေက အသာရနေတာဖြစ်ပြီး ခြေရည်တူအသင်းတွေ့ဆုံမှုမှာတော့ အိမ်ရှင်အသင်းတွေက ရလဒ်ကောင်းနေတာဖြစ်ပါတယ်။ လက်ရှိမှာတော့ ရာသီအစကာလဖြစ်တာကြောင့် ကလပ်အသင်းတွေရဲ့စုဖွဲ့မှုနဲ့ ကစားသမားတွေရဲ့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသေးတာဖြစ်လို့ သတိထားချဉ်းကပ်နေရတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ်စနေနေ့ညမှာတော့ ပရီးမီးယားလိဂ်က ပရိသတ်အကြိုက်တွေ့တဲ့ မန်စီးတီး၊ အေဗီလာ၊ ဆန်းဒါးလန်းတို့ ရှုံးပွဲကြုံခဲ့သလို ကျန်လိဂ်တွေဖြစ်တဲ့ ဘွန်ဒက်လီဂါ၊ စီးရီးအေ၊ လာလီဂါတို့လဲ ရလဒ်ဆိုးရွာခဲ့တာဖြစ်ပါတယ်။ အခုချိန်ဟာ အိမ်ရှင်အသင်းတွေက နိုင်ပွဲရဖို့ အစွမ်းကုန်ကြိုးပမ်းနေတာဖြစ်လို့ စနေနေ့ညမှာလဲ အိမ်ရှင်အသင်းတွေနဲ့ တိုက်စစ်ကစားပုံကောင်းနေတဲ့ အသင်းတွေကိုသာ ရွေးချယ်သွားမှာဖြစ်ပါတယ်။

## ချဲလ်ဆီးအသင်း ရလဒ်ကောင်းမှာပါ

ပရီးမီးယားလိဂ်ပွဲစဉ် (၃) မှာ အကြိုက်တွေ့တာကတော့ ချဲလ်ဆီးအသင်းနဲ့ ဖူလ်ဟမ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ချဲလ်ဆီးအသင်းဟာ နည်းပြ မာရက်စ်ကာလက်ထက်မှာ ကစားသမားသစ်ခေါ်ယူမှုတွေနဲ့ အသင်းကိုပြောင်းလဲမှုများစွာ ပြုလုပ်နိုင်ခဲ့တာကြောင့် ပြီးခဲ့တဲ့ ဖီဖာကလပ်ကမ္ဘာ့ဖလားမှာလဲ ဆုဖလားရယူနိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ လက်ရှိမှာတော့ အသစ်ခေါ်ယူထားတဲ့ ဂျာအိုပက်ထရိုနဲ့ အက်စတီဗာရိုတို့က အသင်းအတွက်လိုအပ်တဲ့ ဂိုးတွေသွင်းယူပြီး ခြေစွမ်းပြသနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာ ပဲလေ့စ်အသင်းကို သရေသာကစားနိုင်ခဲ့ပေမဲ့ ဝက်စ်ဟမ်းအသင်းနဲ့ ပွဲစဉ်မှာတော့ အဝေးကွင်းကနေလေးဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရယူနိုင်ခဲ့တာကြောင့် ချဲလ်ဆီးအသင်းဟာ ဖီဖာကလပ်ကမ္ဘာ့ဖလားအပြီးမှာ ခံစစ်နဲ့တိုက်စစ်ကစားပုံတိုးတက်လာတယ်လို့ ဆိုရမှာပါ။ နည်းပြ မာရက်စ်ကာကတော့ ၄-၂-၃-၁ ကစားကွက်နဲ့ ပုံမှန်ပွဲထွက်နေပြီး ဒီကစားကွက်ရဲ့ တောင်ပံခံစစ်မှာ ဂတ်စတိုနဲ့ ကူကူရယ်လာတို့ ပွဲထွက် လာတယ်ဆိုရင် ချဲလ်ဆီးအသင်းဂိုးရဖို့လွယ်ကူတာကို သတိပြုရမှာပါ။

ဖူလ်ဟမ်အသင်းဟာ နည်းပြ မာကို့ဆေးဗားလက်ထက်မှာ ရလဒ်ပိုင်းကောင်းမွန်နေတဲ့ အသင်းဖြစ်ပြီး အဖွင့်ပွဲစဉ်နှစ်ပွဲမှာလဲ နှစ်ပွဲစလုံး ရှုံးနိမ့်ခဲ့ခြင်းမရှိသေးတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အခုအပြောင်းအရွှေ့မှာ အသင်းကအဓိကကစားသမားတွေကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့တာဖြစ်ပြီး တိုက်စစ်မှူး မူနစ်ကို အတ္တလန်တာကို ရောင်းချဖို့ဆုံးဖြတ်ထားပေမဲ့ ကစားသမားသစ်ရှာမရတာကြောင့် အသင်းမှာပဲ ဆက်ထားဖို့ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ မူနစ်ဟာ ဘရိုက်တန်အသင်းနဲ့အဖွင့်ပွဲစဉ်မှာလဲ ပွဲပြီးဆုံးခါနီး နာကျင်အချိန်ပိုမှာ အသင်းအတွက် ချေပဂိုးသွင်းယူပေးပြီး ရမှတ်ရှာဖွေပေးခဲ့တာကိုတွေ့ရမှာပါ။ မန်ယူနဲ့ပွဲမှာတော့ နည်းပြရဲ့ နည်းစနစ်ပိုင်းက မန်ယူအသင်းကို ထိန်းချုပ်နိုင်ခဲ့တာကြောင့် တစ်ဂိုးစီနဲ့ သရေတစ်မှတ်ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့နှစ်ပွဲမှာ ကစားပုံကြမ်းတမ်းခဲ့တာကြောင့် ပင်နယ်တီနှစ်ကြိမ်ခွင့်ပြုခဲ့ရတာကိုကြည့်ရင် အခုပွဲစဉ်မှာလဲ လျင်မြန်မှုကောင်းတဲ့ ချဲလ်ဆီးအသင်းကစားပုံကို ကြမ်းတမ်းစွာတားဆီးခဲ့မယ်ဆိုရင်တော့ ပင်နယ်တီပေးရဖို့များပါတယ်။ သူတို့နှစ်သင်းပြီးခဲ့တဲ့ရာသီတွေ့ဆုံမှုမှာ တစ်ပွဲစီအနိုင်ရထားပေမဲ့ လက်ရှိမှာတော့ ချဲလ်ဆီးအသင်းက အကောင်းဆုံးပုံစံရရှိထားပြီး တိုက်စစ်ကစားပုံထက်မြက်နေလို့ ချဲလ်ဆီးအသင်းပဲ ရလဒ်ကောင်းမှာပါ။

**ချဲလ်ဆီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | ၃ | - | ၀ | ပီအက်စ်ဂျီ |
| ချဲလ်ဆီး | ၂ | - | ၀ | လေဗာကူဆင် |
| ချဲလ်ဆီး | ၄ | - | ၁ | အေစီမီလန် |
| ချဲလ်ဆီး | ၀ | - | ၀ | ပဲလေ့စ် |
| ဝက်စ်ဟမ်း | ၁ | - | ၅ | ချဲလ်ဆီး |

**ဖူလ်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နော်တင်ဟမ် | ၁ | - | ၃ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၄ | - | ၂ | အယ်အီသီဟတ် |
| ဖူလ်ဟမ် | ၁ | - | ၀ | ဖရန့်ဖတ် |
| ဘရိုက်တန် | ၁ | - | ၁ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၁ | - | ၁ | မန်ယူ |

## ဆန်းဒါးလန်းအသင်းကို အားပေးရမှာပါ

စနေနေ့ညကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့တာကတော့ ဆန်းဒါးလန်းနဲ့ ဘရန့်ဖို့ဒ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုနှစ်မှ တန်းတက်လာတာကြောင့် ပရီးမီးယားလိဂ်အတွေ့အကြုံရှိတဲ့ ကစားသမားတွေခေါ်ယူခဲ့ပြီး နည်းပြ ရီဂစ်ကိုလဲသက်တမ်းတိုးခဲ့တာကို တွေ့ရမှာပါ။ အဖွင့်ပွဲစဉ်မှာတော့ အဘက်ဘက်ကသာလွန်တဲ့ ဝက်စ်ဟမ်းအသင်းကို ကွင်းလယ်ပိုင်းအသာနဲ့ ထိန်းချုပ်ကစားသွားတာကိုကြည့်ရင် ရီဂစ်ရဲ့ နည်းစနစ်ပိုင်းကလဲ လျှော့တွက်လို့မရပါဘူး။ ဒုတိယဘန်လေနဲ့ပွဲမှာတော့ တန်းတက်အသင်းချင်းတွေ့ဆုံခဲ့ပေမဲ့ အဝေးကွင်းကစားခဲ့ရတဲ့အပြင် ခံစစ်က အဓိကကစားသမားဘောလက်ဒ် ဒဏ်ရာကြောင့်ထွက်ခွာသွားချိန်မှာ ခံစစ်ပိုင်းအားနည်းချက်ဖြစ်သွားပြီး နှစ်ဂိုးပြတ်နဲ့ရှုံးခဲ့တာဖြစ်ပါတယ်။ အခုပွဲမှာတော့ ဘန်လေနဲ့ပွဲက အားနည်းချက်ကို ပြင်ဆင်လာမယ်ဆိုရင်တော့ တောင်ပံကစားအားနဲ့ ပြိုင်ဘက်ကို ထိုးဖောက်လေ့ရှိတဲ့ ဘရန့်ဖို့ဒ်အသင်းကို ထိန်းချုပ်နိုင်မှာဖြစ်ပါတယ်။

ဘရန့်ဖို့ဒ်အသင်းကတော့ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် ရာသီပိတ်သိမ်းချိန်မှာ အဆင့်(၁၀) မှာရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းဟာ နည်းပြဖရန့်ကို စပါးအသင်း၊ တိုက်စစ်မှူးအမ်ဘူမိုကို မန်ယူအသင်းကို ပြောင်းရွှေ့ခွင့်ပြုခဲ့သလို ဂိုးသမားဖလက်ကန်ကိုလဲ လက်လွှတ်ခဲ့တာကြောင့် ကစားကွက်ပိုင်းနဲ့ နည်းစနစ်ပိုင်းပြောင်းလဲသွားတာကိုတွေ့ရမှာပါ။ ပြီးခဲ့တဲ့ပွဲမှာတော့ အေဗီလာအသင်းကို တန်ပြန်တိုက်စစ်ကနေဦးဆောင်ဂိုးရပြီးနောက်ပိုင်း ခံစစ်အားပြုကစားခဲ့ရပြီး အိမ်ကွင်းအားသာချက်ကြောင့် နိုင်ပွဲရသွားတယ်လို့ဆိုရမှာပါ။ လက်ရှိတိုက်စစ်မှာတော့ ဘုန်းမောက်က အုတ်တာရာကိုခေါ်ယူထားပေမဲ့ ခြေစွမ်းပြကစားသမားဝစ်ဆာအနေနဲ့ အသင်းပြောင်းဖို့ကြိုးပမ်းနေတာကြောင့် အခုပွဲမှာ ပါဝင်ဖို့မသေချာပါဘူး။ ဒါပေမဲ့ သူတို့အသင်းဟာ ကြားရက်ကဖလားပွဲမှာဘုန်းမောက်အသင်းကို နှစ်ဂိုးပြတ်အနိုင်ကစားခဲ့တာကြောင့် လက်ရှိမှာ ပရိသတ်စိတ်ဝင်စားမှုမြင့်တက်နေတာဖြစ်ပါတယ်။ ဒါပေမဲ့ ဆန်းဒါးလန်းအသင်းရဲ့ အိမ်ရှင်ကစားအားကို လျှော့မတွက်ရဲတာဖြစ်လို့ အိမ်ကွင်းမှာ ရမှတ်ရှာဖွေလာမဲ့ ဆန်းဒါးလန်းအသင်းကိုပဲ အားပေးရမှာပါ။

**ဆန်းဒါးလန်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အော့စ်ဘတ် | ၀ | - | ၁ | ဆန်းဒါးလန်း |
| ဆန်းဒါးလန်း | ၀ | - | ၃ | ဗယ်လ်ကာနို |
| ဆန်းဒါးလန်း | ၃ | - | ၀ | ဝက်စ်ဟမ်း |
| ဘန်လေ | ၂ | - | ၀ | ဆန်းဒါးလန်း |
| ဆန်းဒါးလန်း | ၁ | - | ၁ | ဟက်ဒါဖီးလ် |

**ဘရန့်ဖို့ဒ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကျူပီအာ | ၀ | - | ၁ | ဘရန့်ဖို့ဒ် |
| ဘရန့်ဖို့ဒ် | ၂ | - | ၂ | ဂလာဘတ် |
| နော်တင်ဟမ် | ၃ | - | ၁ | ဘရန့်ဖို့ဒ် |
| ဘရန့်ဖို့ဒ် | ၁ | - | ၀ | အေဗီလာ |
| ဘုန်းမောက် | ၀ | - | ၂ | ဘရန့်ဖို့ဒ် |

## ဘိုလော့နာအသင်းကို ရွေးရမှာပါ

စီးရီးအေပွဲစဉ် (၂) မှာ အကြိုက်တွေ့တာကတော့ ဘိုလော့နာနဲ့ကိုမိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘိုလော့နာအသင်းဟာ နည်းပြ အီတာလီယာနိုလက်ထက်မှာ ကစားသမားကောင်းတွေ လက်လွှတ်ခဲ့ရပေမဲ့ ပြီးခဲ့တဲ့ရာသီမှာ ကိုပါအီတာလီယာ ဖလားဆွတ်ခူးနိုင်ခဲ့တာကြောင့် ယူရိုပါလိဂ်ကစားခွင့်ရခဲ့တာကို တွေ့ရမှာပါ။ လက်ရှိကာလမှာလဲ သူတို့အသင်းက ခံစစ်ပိုင်းက ဘူကီမာကို နာပိုလီအသင်း၊ တိုက်စစ်က အန်ဒိုရီကို နော်တင်ဟမ်အသင်းကို ပြောင်းရွှေ့ခွင့်ပြုခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ဘာနာဒက်ချီ၊ အင်မိုဘိုင်းတို့လို ဝါရင့်ကစားသမားတွေကို ပြန်လည်ဖြည့်တင်းထားခဲ့ပြီး အဖွင့်ပွဲစဉ်မှာရိုးမားကို အပြန်အလှန်ဖိအားပေးမှုတွေနဲ့ ကစားနိုင်ခဲ့ပေမဲ့ ကွင်းလယ်ကစားပုံအားနည်းခဲ့လို့ တစ်ဂိုးဂိုးမရှိနဲ့ ရှုံးခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ရာသီအိမ်ကွင်းပွဲစဉ်တွေမှာတော့ နှစ်ပွဲသာရှုံးခဲ့တာဖြစ်လို့ အဖွင့်ပွဲစဉ်ကအမှားကို ပြန်လည်ပြင်ဆင်ပြီး အခုပွဲမှာရမှတ်ရှာဖွေမှာ သေချာပါတယ်။

ကိုမိုအသင်းကတော့ နည်းပြ ဖာဘရီဂတ်လက်အောက်မှာ အကောင်းဆုံးပုံစံရရှိနေတဲ့အပြင် နွေရာသီအပြောင်းအရွှေ့ကာလမှာလဲ မိုရာတာ၊ ပါရိုနီ၊ ဂျေဒန်၊ ရိုဒရီဂွက်ဇ်စတဲ့ ကစားသမားတွေခေါ်ယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အဖွင့်ပွဲစဉ်မှာ ဆိုလာဇီယိုလိုအသင်းကို အကျောပေးခဲ့ပြီး နှစ်ဂိုးပြတ်နဲ့အနိုင်ပြတ်သားခဲ့တာကို ကြည့်ရင် ကိုမိုအသင်းခြေစွမ်းပိုင်းတိုးတက်လာတာကို တွေ့ရမှာပါ။ နည်းပြ ဖာဘရီဂတ်စ်ကတော့ ၄-၂-၃-၁ ကစားကွက်မှာ နီကိုပက်ဇ်၊ ရိုဒရီဂွက်ဇ်၊ ဒိုဗီကက်စ်တို့ကို တွဲဖက်အသုံးပြုထားပြီး ဒီကစားသမားတွေက အသင်းရဲ့နိုင်ပွဲကို ရှာဖွေပေးနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရာသီမှာတော့ အမှတ်ပေးဇယား အဆင့် (၁၀) မှာ ရပ်တည်နိုင်ခဲ့ပေမဲ့ အဝေးကွင်းပွဲစဉ် ၁၉ ပွဲမှာ ငါးပွဲသာအနိုင်ရခဲ့တာကို တွေ့ရမှာပါ။ လက်ရှိ ကိုမိုအသင်းဟာ ဘိုလော့နာထက် စုဖွဲ့မှုပိုကောင်းလာပေမဲ့ နည်းစနစ်ပိုင်းနဲ့ အိမ်ကွင်းအားသာချက်က ဘိုလော့နာကသာနေတာကို သတိပြုရမှာပါ။ ပြီးခဲ့တဲ့ရာသီအမှတ်ပေးပွဲနှစ်ပွဲတွေ့ဆုံမှုမှာလဲ ဘိုလော့နာက တစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ လေးဂိုးထိသွင်းယူထားပြီး အကျောပေးမှုကလဲ လာဇီယိုကို အနိုင်ရထားတဲ့ကိုမိုကို အိမ်ရှင်က သရေဆိုအနည်းငယ်ဆုံးရှုံးမဲ့ အခြေအနေက အိမ်ရှင်ဘိုလော့နာအသင်း မရှုံးနိုင်တာဖြစ်လို့ ဘိုလော့နာအသင်းကိုပဲ ရွေးရမှာပါ။

**ဘိုလော့နာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘိုလော့နာ | ၁ | - | ၃ | ဂျီနိုအာ |
| ဘိုလော့နာ | ၇ | - | ၀ | ဗားတက်ဗီရိုနာ |
| စတုဂတ် | ၀ | - | ၁ | ဘိုလော့နာ |
| ဘိုလော့နာ | ၂ | - | ၄ | ခရီတီ |
| ရိုးမား | ၁ | - | ၀ | ဘိုလော့နာ |

**ကိုမိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကိုမို | ၃ | - | ၀ | အေဂျက် |
| ဘက်တစ် | ၂ | - | ၃ | ကိုမို |
| ဘာစီလိုနာ | ၅ | - | ၀ | ကိုမို |
| ကိုမို | ၃ | - | ၁ | ဆူဒီရို |
| ကိုမို | ၂ | - | ၀ | လာဇီယို |

## ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်းလျှောက်လွှာများအား ၂၈-၇-၂၀၂၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၅-၉-၂၀၂၅ ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူသူများ အနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## မြေပြိုမှု ဖြစ်ပေါ်နေချိန်တွင် ပြုလုပ်ရန် အချက်များ

၁။ မြေပြိုကျမှုဖြစ်နေသောနေရာများအနီးသို့မလိုအပ်ဘဲ မသွားပါနှင့်။




**မီးကြွင်းမီးကျန် မထားရန် ကျင့်ကြံသတိ အမြဲရှိ**

## ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



ပွင့်ဖြူ သြဂုတ် ၂၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် နေကြာ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် နေကြာ ၁၀၄၆ ကေစိုက်ပျိုးရန် လျာထားပြီးယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် နေကြာကေ ၁၁၂၀ ထိစိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဆီထွက်သီးနှံနေကြာ ၁၀၄၆ ကေ လျာထားစိုက်ပျိုးခဲ့ရာ လက်ရှိမှာ ကေ ၁၁၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးရေဖူလုံတဲ့အတွက် စိုက်ပျိုးထားတဲ့ နေကြာစိုက်ခင်းတွေလဲ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ နေကြာသီးနှံစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး တစ်ကေပန်းတိုင်အထွက်နှုန်းရရှိအောင် ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ဖို့၊ စိုက်နည်းစနစ်မှန်ကန်စေဖို့၊ ပိုးမွှားရောဂါကင်းရှင်းစေဖို့ စိုက်ပျိုးရေး အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးပါတယ်" ဟုပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဒေသတွင်း နေကြာစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ကေ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများစိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေစနစ်တကျသုံးစွဲရေးနှင့် ပိုးမွှားရောဂါ မကျရောက်စေရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေကြာသီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကိုဖူလုံစေမည့်အပြင် ပိုလျှံသောသီးနှံများကို ရောင်းချခြင်းဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ကြာအင်းဆိပ်ကြီးမြို့နယ် အုန်းတပင်ကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

ကြာအင်းဆိပ်ကြီး သြဂုတ် ၂၈

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုန်းတပင်ကျေးရွာ၌ VRFP စီမံကိန်း ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို သြဂုတ် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမင်းဝေဖြိုး၊ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက VRFP စီမံကိန်းတာဝန်ခံများနှင့် တွေ့ဆုံ၍ အုန်းတပင်ကျေးရွာ၌ VRFP စီမံကိန်း ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိ စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ အတိုင်း ဆောင်ရွက်ထားခြင်းရှိ၊မရှိ အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးမင်းဝေဖြိုးက လိုအပ်သည်များ မှာကြားသည်။

အဆိုပါ အုန်းတပင်ကျေးရွာ၌ VRFPစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ဆဋ္ဌမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦး၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ လေးဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူသုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၈ ဦးကို အတိုးနှုန်းသက်သာစွာဖြင့် ငွေကျပ် ၂၄ ဒသမ ၅ သန်း ထုတ်ချေးထားကြောင်း ခရိုင်ဦးစီးမှူး ဦးမင်းဝေဖြိုးထံက သိရသည်။


**ကိုသက်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**




## ကျေးဇူးဆပ်ပါမည်

၁၉-၈-၂၀၂၅ ရက်နေ့ ဈေးချို ၈၆ လမ်း၊ ၂၆ လမ်း x ၂၈ လမ်းဝန်းကျင်တွင် MDY 1W 32185 ဆိုင်ကယ်သောနှင့်အတူ ကဒ်လောင်းထားသော ဆိုင်ကယ်ဘီးခွန်၊ ကဒ်လောင်းထားသော ဆိုင်ကယ်မှတ်ပုံတင် သက်သေခံလက်မှတ်များနှင့်အတူ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များကို အကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။

၀၉-၂၀၃၈၆၂၀၊ ၀၉-၂၀၀၇၀၁၀၊ ၀၉-၇၇၉၇၀၀၇၄၂

## ဖခင်အမည်ပြောင်း

ပုသိမ်ကြီးမြို့နယ်၊ အထက-အုန်းချော၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်ဆန်းဝင်းမောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးဇော်လွင်ဖြစ်ပါကြောင်း။ **ဦးဇော်လွင်(၅/ကနန(နိုင်)၀၅၇၇၇၈)**

## အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိပ်တန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော (ဘ) ဦးဇော်ဝင်းငြိမ်း၏သမီး မသဒ္ဒါဖြူစင်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မသဒ္ဒါဖြူစင်ဖြစ်ပါကြောင်း။ **မသဒ္ဒါဖြူစင်**

## မိဘအမည်မှန်

စစ်ကိုင်းမြို့၊ ရွှေမင်းဝံ၊ လေ့ကျင့်ရေးအထက၊ Grade-11 တွင် ပညာသင်ကြားနေသော စိုင်းမိုင်းနွမ်၏မိဘအမည်မှန်မှာ ဦးစိုင်းအွန်နှင့် ဒေါ်နန်းခမ်းငွေ ဖြစ်ပါကြောင်း။ **ဦးစိုင်းအွန်**
**ဒေါ်နန်းခမ်းငွေ(၁၃/တယန(နိုင်)၀၇၀၈၅၁)**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မန္တလေးမြို့၊ မဟာမုနိဘုရားကြီး ဘဏ္ဍာတော်ပိုင် ဒုတိယတိုက်တန်းဆိုင်ခန်းအမှတ် (၂၂)သည် ဦးသိန်းရွှေပါ (၂)အမည်ပေါက်ပါသည်။ ယင်းအမည်ပေါက်ဆိုင်ခန်း၏မှတ်ပုံတင်စာအုပ်မှာ ပျောက်ဆုံးနေပါသဖြင့် ၂၂-၈-၂၀၂၅ ရက်နေ့တွင် မဟာမုနိဂေါပကအဖွဲ့ထံ စာဖြင့်တင်ပြလာမှုအပေါ် ဤဆိုင်ခန်းမှတ်ပုံတင်စာအုပ်ပျောက်ဆုံးမှုနှင့်ပတ်သက်၍ သတင်းစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာဖြင့် လူကိုယ်တိုင်မဟာမုနိဂေါပကအဖွဲ့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ရုံးအဖွဲ့မှူး
မဟာမုနိဂေါပကအဖွဲ့ရုံး
မန္တလေးမြို့။

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက် ကိုစိုး**

## မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးဘုန်းတော်ကြီးသင် ပညာရေးအထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော (ဘ) ဦးနန်းစိုးထိုက်၏သား မောင်ဇေယျာထွန်း၏မွေးသက္ကရာဇ်အမှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ၉-၅-၂၀၀၉ ဖြစ်ပါကြောင်း။
**မောင်ဇေယျာထွန်း၊ ၉-၅-၂၀၀၉(၉/ပကခ(နိုင်)၀၇၀၇၀၉)**

## အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့၊ ပေါ်စိုင်းဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်ကြည်ဇင်၏ သမီး မကြည်ဇင်ယဉ်မင်းအား မအိမ့်ကြည်ဖြူဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မအိမ့်ကြည်ဖြူ**

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့် ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများစွာ ခံစားရနိုင်ပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ လူ့အသက်ထက် အရေးကြီးသည်မှာ ဘာမှမရှိ၊ ဆေးရုံတိုင်းဆရာဝန်ရှိရမည် စသည့် မူဝါဒများချမှတ်၍ ကျန်းမာရေးနှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းပေးခြင်း၊ အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးခြင်းတို့ဖြင့် အားပေးမြှင့်တင်ပေးလျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေ ၁၉ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# TNLA နှင့် MDY-PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများပူးပေါင်းအဖွဲ့ ခေတ္တစိုးမိုးထားသည့် အယ်လ်ဖာဘိလပ်မြေစက်ရုံနှင့် ဖယောင်းတောင်သတ္တုတွင်းဒေသကို တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ် ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ မူလအတိုင်း ပြန်လည်ဖော်ဆောင်ပေးနိုင်မည်ဖြစ်



တပ်မတော်စစ်ကြောင်းများက ပုသိမ်ကြီးမြို့နယ် ဖယောင်းတောင်သတ္တုတွင်းနေရာအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိမှုမှတ်တမ်းဓာတ်ပုံ။




တပ်မတော်စစ်ကြောင်းများက ပုသိမ်ကြီးမြို့နယ်ရှိ အယ်လ်ဖာဘိလပ်မြေစက်ရုံအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိမှုမှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဩဂုတ် ၂၈

NUG အမည်ခံ ပြည်ဖျက်အကြမ်းဖက်အဖွဲ့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အစိုးရ၏အုပ်ချုပ်ရေးယန္တရားများပျက်စီးစေရန် ရည်ရွယ်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် ပူးပေါင်းကာ အကြမ်းဖက်လုပ်ရပ်များဖြစ်သည့် လုံခြုံရေးအားနည်းသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဒေသအချို့ကို အင်အားသုံးတိုက်ခိုက်ခြင်းများ ပြုလုပ်ပြီး ဒေသခံပြည်သူများ၏ နေအိမ်များ၊ အစိုးရအုပ်ချုပ်မှုအဆောက်အအုံများနှင့် လမ်း၊ တံတားကြီးများကို မီးရှို့ဖျက်ဆီးဖောက်ခွဲခြင်း၊ ပြည်သူများပိုင်ဆိုင်သည့် အဖိုးတန်နှင့်

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ဩဂုတ် ၂၈ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၁ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




## မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဩဂုတ် ၂၈

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၃ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့်

စာမျက်နှာ ၁၆ ကော်လံ ၁ ❑

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။